
www.burmeseclassic.com

BURMESE CLASSIC .com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၃၂၆ / ၂၀၀၄ ( ၃ )

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၅၈ / ၂၀၀၄ ( ၅ )

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ထုတ်ဝေခြင်း
ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး

PUBLICATION

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com



•

နှုတ်ခမ်းထူထူတွေနဲ့ လှောင်ပြုံး
မာယာများတဲ့ ငါးခုံးမလေးရေ
မင်းကြောင့် ...
ကိုယ့်ရဲ့အိပ်မက်တွေ ...
... တစ်လှေလုံး ပုပ်ခဲ့ပေါ့။

■

www.burmeseclassic.com



ခရီးဆိုတာ သွားမှ ရောက်သတဲ့လား။ ကျွန်တော် မသွားဘဲနဲ့ ရောက်ခဲ့တဲ့ ခရီးတစ်ခုရှိပါတယ်၊ အဲဒါဟာ လူ့ဘဝပဲ။

ဒီ လူ့ဘဝထဲကို ကျွန်တော်ဘယ်လိုရောက်လာခဲ့တာလဲ။ ကျွန်တော် မသိဘူး။ သူများတွေ အလေးအနက်ထားပြီး ပြောပြောနေကြတဲ့ အဲဒီ 'ဘဝ'ဆိုတာကြီးကို ကျွန်တော်က ရယ်ပစ်လိုက်တယ်။

အဲဒါကိုပဲ တစ်ချို့က ရှုပ်ချကြသေးတယ်။ ကျွန်တော်ဟာ မစားရတဲ့ စပျစ်သီးကို ချဉ်တယ်လို့ပြောတဲ့ မြေခွေးလိုပဲ...တဲ့။ ဟုတ်လို့လား။ လောကမှာ ဘယ်မြေခွေးက စပျစ်သီး စားချိုတုံးစံရှိလို့လဲ ။

သွားစမ်းပါ...။ ပေါက်ကရတွေ။

ကျွန်တော် နားမလည်လို့ နားမလည်ဘူးပြောတာပဲ။ အဲဒါ ဘာဖြစ်သလဲ။ လူဆိုတာ ကိုယ့်အကြောင်းကိုယ် နားမလည်နိုင်ဆုံး သတ္တဝါပဲ၊ နီးစပ်တိုင်းသာ နားလည်ရကြေးဆိုရင် ရေထဲမှာ ဟိုက်ဒရိုဂျင်နဲ့ အောက်စီဂျင်ပါကြောင်းကို ပထမဦးဆုံး ရှာဖွေတွေ့ရှိတဲ့သူဟာ ငါးတွေ ဖြစ်ဖို့ကောင်းတာပေါ့။

အဲဒါပဲ...

ကျွန်တော်နားမလည်တာဟာ ဘာမှအပြစ်မရှိဘူး(ဒါကို ရဲရဲရင့်ရင့် ပြောပြမယ်) ကျွန်တော်ဟာ ကိုယ့်ကိုကိုယ် ခုထိကို နားမလည်သေးဘူး။

● ဇော်(Z)

www.burmeseclassic.com



ကာကွယ်မှုတိုင်းဟာ ကုသမှုထက် ပိုကောင်းတယ်ဆိုတာ သေချာလို့လား။ ကမ္ဘာပေါ်မှာရှိတဲ့ လူအားလုံးဟာ ဝက်ခြံပေါက်တာ ကိုတောင်မှ မကာကွယ်နိုင်ခဲ့ပါဘူး။ အမှန်တော့ ကာကွယ်တယ်ဆိုတာ ရင်ဆိုင်ရမှာကို ကြောက်တဲ့ရောဂါတစ်မျိုးပါ...။အဲဒီရောဂါကိုတော့ ဘယ်လို ထပ်ပြီး ကာကွယ်နိုင်ဦးမှာလဲ။ ကျွန်မကို အဖြေတစ်ခုခု ပေးကြပါလား...။

ဝက်ဆိုတဲ့ ကောင်ကလေးလေးတစ်ယောက်နဲ့ ကျွန်မဆိုတဲ့ ကောင်မလေးလေးတစ်ယောက်တို့ရဲ့ နှလုံးသားနှစ်ခုကို ကာကွယ်ဖို့(ကျွန်မ တစ်ယောက်တည်း ကျိတ်ပြီး) ကြိုးစားရင်းနဲ့ အဲဒီအဖြေကို ကျွန်မ တော်မှတ်လာခဲ့တာပါ။

ကျွန်မ မှားသွားခဲ့တယ်။ အပ်တစ်ချောင်းကို အကောင်းဆုံးဖြစ် အောင် နှစ်ဖက်စလုံး ချွန်လိုက်မိသလိုပဲ၊ သူနဲ့ကျွန်မ နှစ်ယောက်စလုံး အတွက် နာကျင်စရာတွေပဲ ဖြစ်လာစေခဲ့တော့တယ်...။

ကျွန်မကို 'အရမ်းကြင်နာသနားတတ်တဲ့ မိန်းကလေး' လို့ လူတွေက ပြောကြတယ်။ ဒါပေမယ့်(သူ့ကို ချစ်မသွားမိအောင် ကာကွယ် ထိန်းချုပ်နေရတာနဲ့ပဲ) ကျွန်မဟာ ကိုယ့်နှလုံးသားအတွက်ကျတော့ ရက်စက်သူ တစ်ယောက် ကိုယ့်ဖာသာကိုယ်ပြန်ဖြစ်နေမှန်း ဘယ်သူမှ မသိခဲ့ကြပါဘူး။

● နန္ဒာဝေရှည်

www.burmeseclassic.com



# အခန်း-၁

ကျွန်တော်ရဲ့ လူငယ်ပီပီ ခံစားချက်တွေဟာ ကြယ်ပုံတွေ ကြွေသလိုမျိုးပဲ။ အရှိန်အဟုန် ပြင်းထန်သလောက် ခဏကလေးပဲ အလင်းရောင် တောက်ပသွားတတ်တာ...။

တစ်ခုခုကို ကြိုက်ပြီဆိုရင် လိုချင်လိုက်တာ အရူးအမူး တပ်မက် လောင်ကျွမ်းလို့...။ ရပြီဆိုရင်လည်း သုံးလေးရက်လောက်တော့ မအိပ်နိုင် မစားနိုင် ကြည့်လို့မဝ တသသ ရင်ခုန်တတ်ပါတယ်။

ဒါပေမယ့် သိပ်မကြာပါဘူး။ ရိုးသွားတယ်။ ငြီးငွေ့သွားတယ်။ လှည့်ကို မကြည့်ချင်တော့ဘူး။

ကျွန်တော့်ရဲ့စိတ်ဟာ သိပ်ပြီးတော့များ ကလေးဆန်နေသလား။ ကျွန်တော့်ကိုယ် ကျွန်တော် နားမလည်နိုင်ဘူး။

ကြယ်ပုံတွေကတော့ တဖွဲဖွဲ ကြွေပြီးရင်း ကြွေနေတော့တယ်။

● ဖက်

www.burmeseclassic.com



•

မြတ်ဝါးပေါက်တောင်ပေါ်မှာ ကြောင်အဝါလေးတစ်ကောင် အိပ်ငိုက်နေသည်။ မှိုင်းညို့ငွေ့မှုန်ကောင်းသော နေ့လည်ခင်းတစ်ခု ဖြစ်၏။

ဖက်ကတော့ နံရံကိုမှီကာ ခြေဆင်းထိုင်ရင်း သူ့ကိုယ်သူ အေးအေးဆေးဆေး ငြိမ့်ငွေ့နေပစ်လိုက်သည်။ ဒီလောက် ထုံထုံထိုင်းထိုင်း ဖြစ်နေတဲ့ လောကမှိုင်းမှိုင်းကြီးဆီကနေ ဘာတွေများထပ်ပြီး မျှော်လင့်နေရဦးမှာလဲ။

သူကတော့ ဘာကိုမှ အားကြီးမာန်တက် မလုပ်ချင်ပါ။ ဘာကိုမှလည်း မပိုင်ဆိုင်ချင်၊ ဘာကိုမှလည်း အနိုင်မယူချင်ပါ။ ရွှေရောင်ငွေရောင် ပြောင်လက်နေသော သရဖူတွေကိုလည်း ဆောင်းချင်စိတ်မရှိပါ။

(သရဖူဆိုသည်မှာ ကလေးတွေ ကစားဖို့လောက်သာ အသုံးဝင်သော အရာဖြစ်သည်ဟု သူက နိုးနိုးလေးပင် ခံယူထား၏)

အခန်းတံခါးကို 'ဂျို'ခနဲ မြည်အောင် တွန်းဖွင့်သံကြားရ၏။ သူ့ဦးလေးဖြစ်သူ ဦးဇောဝေ ဝင်လာမှန်းသိသော်လည်း (မော့ကြည့်ရမှာ ပျင်းသောကြောင့်) သူ မော့မကြည့်ဖြစ်ချေ။

''ဟေ့ကောင်...ဖက်၊ ကြမ်းပေါ်ထိုင်ပြီး ဘာလုပ်နေတာလဲ။ ထိုင်ချင်ရင်လည်း ကုလားထိုင်ပေါ် ထိုင်တာမဟုတ်ဘူး''

''ကုလားထိုင်လို့ သတ်မှတ်ထားတဲ့ပစ္စည်းပေါ် ထိုင်ရမှာ...ပျင်းလို့''

သူ့စကားကြောင့် ဦးဇောဝေ ခေါင်းကို ကုတ်လိုက်မိ၏။

www.burmeseclassic.com



ဦးစောဝေက တွေဖြစ်သူကို 'ဒီကောင်ရူးနေပြီ လားမသိဘူး' ဟူသည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ရင်း...

''ဟော့ကောင်...ဇော်၊ အူကြောင်ကြောင်စကားတွေ လျှောက်မပြောနဲ့ကွာ၊ ငါက နဂိုတည်းကစ သိပ်ပြီး ဦးနှောက်အစားခံနိုင်တာ မဟုတ်ဘူး၊ သူလိုငါလို ရိုးရိုးတန်းတန်း တွေးစမ်းပါကွာ''

''ကျွန်တော်တွေးတာ ရိုးရိုးလေးပါ၊ ဦးလေးတို့က သတ်မှတ်ချက်တွေ၊ ပုံသေနည်းတွေနဲ့ နေထိုင်နေကြလို့ ခက်နေတာ၊ အရှေ့အရပ်ကို ဘယ်သူက'အရှေ့'လို့နာမည်ပေးခဲ့တာလဲ ဘာဖြစ်လို့ အနောက်အရပ်ကို 'အနောက်'လို့ခေါ်တာလဲ ဘာလဲ နောက်တီးနောက်တောက်လုပ်တဲ့ လူတွေနေတဲ့ အရပ်မို့လို့လား''

''တော်စမ်းပါ ဇော်ရာ၊ လျှောက်ပြောမနေနဲ့ အစတုန်းကတော့ မင်းပဲ အဲဒီကုလားထိုင်ကို ကြိုက်လှချည်ရဲ့ ဆိုပြီးတော့...''

ဦးစောဝေက နှာခေါင်းကို ရှုံ့ပြီးတော့ ပုပ်သိုးသိုးလေသံဖြင့် ပြောသောကြောင့် ဇော် ရယ်နေလိုက်သည်။

တကယ်ပင်...လွန်ခဲ့သည့် တစ်လလောက်တုန်းက (ယခု သူ့အခန်းထဲတွင်ရှိသော) ထိုကုလားထိုင် ပုံစံမျိုးကိုမရလျှင် သူ လဲသေရတော့မလောက် နှစ်သက်ခဲ့ဖူးသည်။ အဲဒီ ကုလားထိုင်ပုံစံကို မဂ္ဂဇင်းတစ်အနုပညာကဏ္ဍ စာမျက်နှာတစ်ခုတွင် သူ့မြင်မူခြင်းဖြစ်၏။

မြင်မြင်ချင်းမှာပင် သူ့အရူးအမူး ကြိုက်သွားပြီ အသိမိတ်ဆွေလက်သမားဆရာတစ်ယောက်ကို ခေါ်ပြကာ ထိုပုံစံအတိုင်း တစ်ထပ်တည်း တူအောင်လုပ်ခိုင်းသည်။ စိတ်တိုင်းမကျမချင်း ဖျက်လိုက်၊ ပြန်ပြင်လိုက်နှင့် ကုလားထိုင် ဆယ့်နှစ်လုံးစာလောက်ကုန်ပြီးခါမှ သူလိုချင်သောပုံစံကို ရတော့သည်။

ထုံးစံအတိုင်း...ရခါမှာတော့ ထမင်းစားလည်း ထိုကုလားထိုင်ပေါ်မှာထိုင်၊ စာဖတ်လည်း ထိုကုလားထိုင်ပေါ်မှာထိုင်လျက် ကစားစရာအသစ်ရသော ကလေးတစ်ယောက်လို ဖြစ်နေခဲ့ဖူး၏။

အခုတော့လည်း အဲဒီရူးသွပ်ခြင်းပန်းမှုတွေ ဘယ်ရောက်ကုန်ပြီလဲမသိတော့။ ထုံးစံအတိုင်း အရာရာကို ငြီးငွေ့ငြီးငွေ့ နေပြန်တော့သည်။

www.burmeseclassic.com



ရံဖန်ရံခါ ကွန်ပျူရှေ့မှာထိုင်လျက် Internet ထဲမှ သူငယ်ချင်းတစ်ယောက်နှင့် စကားပြောလျက်...

ရံဖန်ရံခါ ကက်ဆက်ကို(တကူးသန့်နားမထောင်ဘဲ) အသံကုန်ဖွင့်ထားလျက်...

ရံဖန်ရံခါ လက်ချောင်းကလေးများ၏ ထိပ်ဖျားအချင်းချင်း ငြိမ်သက်စွာ ထိထားရင်း ပြတင်းမှန်ချပ်ပေါ်ကျနေသော နေရောင်ခြည်ကို ငေးကြည့်တိတ်ဆိတ်လျက်...

ရံဖန်ရံခါ (အိပ်မက်မက်လေ့မရှိဘဲ) အိပ်စက်လျက်...ဘဝကို ခြေသံမကြားရအောင် သူ တိုးတိုးလေး ဖြတ်လျှောက်နေဖြစ်တော့သည်။

■■

www.burmeseclassic.com



အရေးတကြီးနိုးထစရာ မလိုဘူးဆိုရင်...
ငါဆက်ပြီး အိပ်နေချင်လို့ပါ...။
ဘဝဆိုတာနဲ့...
ဘာဖြစ်လို့ 'ရှင်သန်ခြင်း' လို့ အဓိပ္ပါယ်ဖွင့်ရတာလဲ။
ငါကတော့...
အိပ်နေရတာကိုပဲ ကြိုက်တယ်။

■

www.burmeseclassic.com



၁

''ဇက်...ရေ ဟော့ကောင်...ဇက်၊ အနက်ကယ်ဗော ဇက်ရှိလား''

အိပ်ရေးဆိုမှာ ခေါ်သံကြားရသည်။ အောင်ကြီးနှင့် ဆန်းမောင်တို့အသံမှန်းသိလိုက်သည်။ သို့သော် ပြန်ထူးဖို့ ခပ်ဖျင်းဖျင်းရှိသည်နှင့် သည်အတိုင်းပင် ဆက်ထိုင်နေဖြစ်သည်။

သူ ပြန်ထူးလိုက်လျှင်လည်း ဟိုနှစ်ကောင်က အခန်းထဲဝင်လာမည်။ မထူးလျှင်လည်း အခန်းထဲဝင်လာမည်။ ဘာလို့ အလုပ်ရှုပ်ခံမှာလဲ...။

''ခြော်...အောင်ကြီး၊ လာလေကွာ၊ ဒီမှာ မင်းတို့ကောင်ကတော့ ထုံးစံအတိုင်း အမျှင်းကြောဆန့်နေတယ်''

ဦးစောဝေက လှမ်းခေါ်သည်။ သူ့ သူငယ်ချင်းနှစ်ယောက်နှင့် ဦးစောဝေတို့က ယေပေါင်းကြီးဖော်တွေလို ရင်းနှီးပြီးသား။ အမှန်က ဇက်နှင့် ဦးစောဝေတို့သည် ကျွတ်ဆီအရင်း မဟုတ်ကြ။ ခွေမျိုးစပ်လျှင်ပင် အတော်ဝေးလိမ့်မည် ထင်သည်။

မှန္တလေးမှာ နေစဉ်ကတည်းက ဦးစောဝေက ဇက်အမိဘနှစ်ပါးစလုံးကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ရှိသေသည်။ ဇက်ကိုလည်း သူ့လက်ပေါ်မှာတင် ကြီးပြင်းအောင် တောင့်ရှောက်လာခဲ့သူ ဖြစ်၏။

ရန်ကုန်တွင် ကျောင်းလာတက်သောအခါ ဇက်ကို အုပ်ထိန်းနိုင်ရန်ဟု ရည်ရွယ်ကာ ဇက်အမိဘများက ဦးစောဝေကိုပါ ထည့်ပေးလိုက်သည်။ သို့သော်...ဇက် လူမျိုဖော်ဝင်စကတည်းက သူငယ်ချင်းလို ပွင့်ပွင့်လင်းလင်း ရင်းနှီးပေါင်းသင်းလာခဲ့သည့်အချိန်က ဦးစောဝေကို နုကွဲပေးတော့သည်။

ဇက်ကို သူ ဘယ်လိုမှ စကားနိုင်အောင် ပြောရှုံမရ။ ရေသည့်

www.burmeseclassic.com



လည်ပြန်ကာ တွေ့သမျှ အရှုပ်ပြဿနာတွေကို လူကြီးပီပီ နိုင်ခံဖြေရှင်း
နေရတော့သည်။

"ဟော့ကောင်...ဇော်"

အောင်ကြီးနှင့် ဆန်းမောင်တို့ အခန်းထဲ ဝင်လာသံကြားရသည်။ ဇော်...မျက်လုံးတွေကို ပိတ်ထားလိုက်၏။ အရှုပ်ကောင်တွေ လာပြီ။ ဘာတွေရှုပ်ဦးမည် မသိ။

"ဟော့ကောင်...ဇော်၊ မျက်လုံး ဖွင့်စမ်းပါဦးကွ၊ ငါတို့ပြောစရာ ရှိလို့"

"ပြောလေကွာ...၊ ဒီအတိုင်းလည်း ကြားနေရသားပဲ၊ မျက်စိနဲ့ နားထောင်တာမှ မဟုတ်တာ၊ ဘာမျက်လုံးမှ ဖွင့်စရာမလိုဘူး"

ဇော်၏ ကပ်သီးကပ်သပ်စကားကြောင့် အောင်ကြီးနှင့်ဆန်းမောင်တို့ စိတ်ညစ်သွားကြ၏။ ဆန်းမောင်က ဦးစောဝေဘက်လှည့်ကာ...

"အန်ကယ်တို့က မျက်လုံးဖွင့်ဖို့တောင် ဆင်ခြေဆင်လက်ရှာပြီး အငြင်းထွေနေရသေးတယ်၊ ဒီကောင့်အကျင့်က ငယ်ငယ်ကတည်းက ဒီလိုပဲလား အန်ကယ်ရော"

"ဒီကောင့်စိတ်က မှန်းရခက်ပါတယ်ကွာ၊ တစ်ခါတလေ ဘာအကြောင်းမှ မရှိဘဲ၊ အငြင်းထွေနေသလောက်၊ စိတ်မြန်ချင်ရင်လည်း သူ့အပြင် နှစ်ယောက်မရှိဘူး။ သူလိုချင်ပြီဆိုရင်လည်း ချက်ချင်းပဲ"

ပြောရင်းနှင့် ဦးစောဝေက ငယ်ငယ်တုန်းက အကြောင်းအရာတစ်ခုကို ပြန်သတိရသွားပြီး...

"ဒီကောင် ငါးနှစ်သားလောက်တုန်းက ပူဆာတာ၊ 'နှုတ်ခမ်းမွှေးပေါက်ချင်လို့'...တဲ့၊ ခုချက်ချင်းပေါက်အောင် လုပ်ပေးရမယ်ဆိုပြီး ငိုလိုက်တာကွာ၊ မပြောပါနဲ့တော့"

ဦးစောဝေ၏ စကားကြောင့် ဇော် ကမန်းကတန်း မျက်လုံးတွေကို ဖွင့်လိုက်ပြီး...

"ဟိုး...ဟိုး၊ တော်လောက်ပြီ ဦးလေး၊ ပြီးတာတွေလည်း ပြီးခဲ့ပြီပြီ ဦးလေးရာ...ထားလိုက်ပါတော့၊ ဒီကောင်တွေရှေ့မှာတော့ အဲဒါတွေ မပြော

www.burmeseclassic.com



"ဟဲ...ဟဲ၊ ဒီလိုဆိုတော့လည်း မင်းက ငါတို့နှစ်ယောက်ကို ရှိသေလေးစားစရာ ကောင်းမှန်းသိသားပဲ...ဇော်ရဲ့၊ အဲဒီလို စိတ်ပါလက်ပါနဲ့ တက်တက်ကြွကြွ နားထောင်စမ်းပါ..."

အောင်ကြီးက မလိုအပ်ဘဲနှင့် "အဟမ်း" ဟု ချောင်းတစ်ချက်ဟန့်သည်။ သူ့စိတ်ထဲတွင်တော့ အတော်ခန့်ညားသွားပြီဟု ထင်နေသလား မသိ။ (သူ့လိုသာ စကားပြောခါနီးတိုင်း ချောင်းဟန့်ရမည်ဆိုလျှင် ကမ္ဘာ့ကုလသမဂ္ဂညီလာခံတွင် သလိပ်ပျော် ချွဲပျော်ဆေးတွေ အတော်ရောင်းရမှာပဲဟု...ဇော် တွေးမိ၏။)

အောင်ကြီးက...

"အဟမ်း...ငါနဲ့ ဆန်းမောင်နှစ်ယောက်စလုံးမှာ ရည်းစားဆိုလို့ မှုလို့တောင် ရှုစရာ တစ်ယောက်မရှိဘူးဆိုတာ မင်းအသိပဲနော် ဇော်၊ ဟုတ်တယ် မဟုတ်လား။ အားလုံးကတောင် ငါတို့ကို ဒီအရွယ်ရောက်မှ အပြီးမပေါက်ရင် ဘာဖြစ်မလဲလို့ မေးကုန်ကြပြီ"

"ဒီအရွယ်ရောက်မှ အပြီးမပေါက်ရင်...ဘဲဥပေါ့"

"ဟော့ကောင် ဇော်။ မနောက်နဲ့ကွာ၊ ကောင်းကောင်းနားထောင်"

"အဟမ်း...အခုတော့ အခြေအနေက တစ်မျိုးဖြစ်သွားပြီ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ငါတို့ရပ်ကွက်ရှေ့မှာ လက်ဖက်ရည်ဆိုင် အသစ်တစ်ဆိုင် လာဖွင့်တယ်၊ အဲဒီဆိုင်မှာ ကောင်တာထိုင်တဲ့ ကောင်မလေးနာမည်က ချစ်မှုင်တဲ့၊ နာမည်ကလည်း ခွတ်ရှယ်၊ လူကလည်း ခွတ်ရှယ်ကွာ၊ သိလား"

ဇော်ကတော့ သိရုံတင်မက သူ နားထောင်ပေးလိုက်ရသော အချိန်တွေကိုပါ နမြောတသ ဖြစ်သွား၏။ (တကယ်တော့ အဲသည်လို ကိစ္စမျိုးသည် အတော်ပျင်းဖို့ ကောင်းပါသည်) သို့သော်... ဆန်းမောင်ကတော့ ပုံပြင်စာအုပ်အသစ်ရသော ကလေးတစ်ယောက်လို ထိုကိစ္စကို မပြီးနိုင် မစီးနိုင်။

ထပ်ခါတလဲလဲ ပြောချင်ဟန်မျိုးဖြင့်...

"မင်းတွေ့လိုက်ရင် ငါတို့ကို မနာလိုဖြစ်သွားမယ် ဇော်။ တကယ်

www.burmeseclassic.com



တကယ်လှတာ၊ သူ့မျက်ဝန်းလေးတွေက အမြဲပြုံးရယ်နေတာ''

''မျက်လုံးတွေက ပြုံးတယ်ဆိုတော့...မင်းတို့ကောင်မလေးက ပါးစပ်မပါဘူးလား''

ဦးစောတေက အံ့သြတကြီး နားထောင်နေရာမှ အူကြောင်ကြောင် ဖြင့် ဖြတ်မေးလိုက်သောကြောင့် ဆန်းမောင် စိတ်ဆင်းရဲသွား၏။

''ဟာဗျာ...အန်ကယ်စောကလည်း။ ဒါ...လက်သံမြောက်အောင် တင်စားတာဗျ''

''ဪ...ဪ''

ဇော်ကတော့ ပါးခနဲ တစ်ချက်သမ်းလိုက်၏။ ထို့နောက်...

''နေစမ်းပါဦး။ ငါက မင်းတို့ကို မနာလိုဖြစ်ရမယ်ဆိုတော့... ကောင်မလေးက မင်းတို့နှစ်ယောက်စလုံးနဲ့ ကြိုက်နေပြီလား''

''ဟာ...မင်းကတော့ လုပ်ပြီ၊ နှစ်ယောက်စလုံးနဲ့ ကြိုက်မလားကွ၊ ပြောချင်တာက ဒီလိုကွ၊ ဟိုဒင်း...ငါတို့နှစ်ယောက်စလုံးအတွက် အသား အလာ ကောင်းနေတယ်''

''ငါဖြစ်ဖြစ်၊ အောင်ကြီးဖြစ်ဖြစ် တစ်ယောက်နဲ့တော့ သေချာ တယ်လို့ ဆိုချင်တာ၊ ဒါပေမယ့် ခုချိန်ထိ ကောင်မလေးက ငါတို့ နှစ်ယောက်ထဲက ဘယ်သူ့ကို ညွှတ်နေတယ်ဆိုတာ ဝေခွဲမရသေးလို့''

အောင်ကြီးကလည်း 'အဟမ်း'ခနဲ ချောင်းဟန့်လိုက်ပြီး...

''ဟုတ်တယ်...ဇော်၊ အခြေအနေကို မင်းလိုက်ကြည့်ပြီး...ငါလား ဆန်းမောင်လားဆိုတာ ဆုံးဖြတ်ပေး''

''ဟာ...မလိုက်ချင်ပါဘူးကွာ၊ ပေါကြောင်ကြောင်နဲ့ မင်းတို့ဟာ မင်းတို့ ဆုံးဖြတ်ပေါ့ကွ၊ တော်ပြီ...ငါအိပ်တော့မယ်''

မျက်စိများ ပြန်မှိတ်ထားလိုက်သည့် ဇော်ကိုကြည့်ပြီး အောင်ကြီး နှင့်ဆန်းမောင်တို့ မျက်မှောင်ကုတ်သွားကြသည်။ နှစ်ယောက်သား အပြန်အလှန် အကြည့်ချင်း တိုင်ပင်လိုက်ကြ၏။

ထို့နောက် ဆန်းမောင်က ဦးစောတေကိုလှည့်ပြီး မေးဆတ်ပြ ကာ အချက်ပြလိုက်သည်။ ဦးစောတေက နားလည်သဘောပေါက်စွာဖြင့် အသံကိုမြှင့်ပြီး...

www.burmeseclassic.com



''ဇော် ယေင်ယေ်တုန်းကလေ ပါကွာ။ ကိုယ်ဝန်ဆောင်တစ်ယောက်ကို မြင်ပြီး မိုက်ဖုံးအကျိုဝတ်ချင်တယ်ဆိုပြီး...''

ဇော် မျက်လုံးများကို မှိတ်ကာ ကမန်းကတန်း ထရပ်လိုက်ရ၏။

''ဟိုး...ဟိုး တော်ပြီ ဦးလေး။ ဒီကောင်နှစ်ကောင်ရှေ့မှာ ကျုန်တော် ယေင်ယေ်တုန်းကအကြောင်းတွေ မပြောပါနဲ့လို့ဆို၊ ကဲ...ကဲ မင်းတို့ နှစ်ကောင်ရှေ့ကကြွ၊ ငါလိုက်ခဲ့မယ်''

■■

www.burmeseclassic.com



သူတို့အားလုံး အိမ်ရှေ့သို့ ရောက်သွားကြသောအခါ အခန်းထဲတွင် အဝတ်အစားလဲရင်း ဇက် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

သူမျက်လုံးများကို မှိတ်လိုက်ပြန်သည်။

"မျက်လုံးများ ပိတ်ထားလျှင် ဘာကိုမှ မမြင်ရတော့ဘူး" ဟု ယူဆနေကြသူ အားလုံးမှားပေါ်သည်။

မျက်လုံးများပိတ်ထားသည့်အခါ မိမိ၏ မျက်ခွံအတွင်းသားကို ပြန်မြင်နေရသည် မဟုတ်လော။

လူ့ဘဝတွင် အခြားပြင်ပမှ အရာဝတ္ထုများကို မြင်နေဖို့ထက် မိမိကိုယ်ကို မိမိ ပြန်မြင်ဖို့က ပိုအရေးကြီးသည်ဟု သူတွေးနေမိ၏။

■■■

www.burmeseclassic.com

www.burmeseclassic.com



•

# အခန်း-၂

လက်ဖက်ရည်ဆိုင် ကောင်တာတွင် ထိုင်နေသော မိန်းကလေးကို မြင်လိုက်ရသည့်အခါ ဆန်းမောင်နှင့်အောင်ကြီးတို့ ပြောသလောက်လည်း မဟုတ်ကြောင်း သူ တွေ့ရ၏။ (ဒီအချက်ကိုလည်း စောစောကတည်းက သူ ကြိုတွေးထင်ခဲ့ပြီးသား ဖြစ်သည်)

''လက်ဖက်ရည်လေးချက်၊ နို့ဆီ မထည့်ဘူး၊ ချိုစိမ့်ခဲ့ပါဗျာမယ်''

အောင်ကြီးက အသံကျယ်ကျယ်အော်ပြီး လှမ်းမှာသည်။ ကောင်တာမှ မိန်းကလေးအကြည့်က ဖက်တို့ထိုင်နေသည့် ဝိုင်းဆီသို့ ဖျပ်ခနဲ ရောက်လာ၏။

''ဟော...တွေ့လား၊ တွေ့လား သူ ငါ့ကို လှမ်းကြည့်တာကွ''

အောင်ကြီးက မဆီမဆိုင်ဝင်ပြီး စည်းနိုးလိုက်သေးသည်။ ဦးစောဝေက ယောင်တိယောင်နဖြင့် ''ဟင်...ဟုတ်လား'' ဟု တအံ့တဩ အာမေဋိတ်ပြု၏။ (တစ်ဝိုင်းလုံးတွင် အောင်ကြီးစကားကို မိုက်မဲစွာ ယုံကြည်သူဟူ၍ ဦးစောဝေတစ်ဦးတည်းသာရှိ၏)

ကောင်တာမှ မိန်းကလေးက ကက်ဆက်ထဲသို့ သီချင်းခွေထည့်ပြီး ခလုတ်နှိပ်လိုက်သည်။ ချောစုခင်၏ 'ကိုယ့်အတွက် အိပ်မက် မင်းမက်လား' သီချင်းသံက ဆိုင်ထဲတွင် ပျံ့လွင့်သွား၏။

''မင်းလေးမက်တဲ့ အိပ်မက်ထဲ...အနီးဆုံးပဲ ကိုယ်ရှိပြီး...

www.burmeseclassic.com



သီချင်းသံကို ကြားကြားချင်း ဆန်းမောင်က ဆတ်ခနဲ ခေါင်းထောင်ထပြီး အောင်ကြီးထက်ဦးအောင် ကမန်းကတန်း အလုအယက်ပြောတော့၏။

"ဟော...နားထောင်...နားထောင်၊ အဲဒီသီချင်းက ငါ့အတွက်သီးသန့်ဖွင့်ပေးတာကွ၊ ကြားတယ်မဟုတ်လား။ အေးပေါ့လေ...သူ့ချောမိန်းမသားဆိုတော့လည်း ငါ့ကို တိုက်ရိုက်ဖွင့်မပြောသာတော့ ဒီလိုသီချင်းတွေနဲ့ပဲ သွယ်ကာဝိုက်ကာ ပြောရတာပေါ့ အန်ကယ်စောရဲ့..."

"ဩော်...မင်းနဲ့လည်း ဒီလိုတောင် ဖြစ်နေမှကိုး"

ဦးစောစော ဆန်းမောင်ကြားလုံးထုတ်သမျှကိုလည်း အဟုတ်မှတ်နေပြန်လေသည်။ ဇော်က အမြင်ကတ်ကတ်နှင့် ဝင်ပြောလိုက်သည်။

"ရူးမနေကြစမ်းပါနဲ့ကွာ၊ မင်းတို့ရဲ့ ငနဲမကိုလည်း သေသေချာချာကြည့်ပါဦး။ ဟိုကဖြင့်...အသက်ကကြီးလှပြီ၊ ပါးရေနားရေတွေတောင် တွန့်လို့"

ဆန်းမောင်က မျက်စိမျက်မျက်နှာမျက်ဖြင့် ခေါင်းကိုကုတ်ရင်း...

"မဟုတ်ပါဘူး ဇော်ရာ၊ ရေသည်ဆိုတာ မျက်နှာကြောတင်းတာလို့ မရဘူးမဟုတ်လား။ သူ့ဆိုင်မှာ လူတွေ သောက်ချင်လာအောင်ဖော်ရွေတဲ့အနေနဲ့ မျက်နှာကြောလျှော့ထားတာကွ၊ ဒါ...ပါးရေနားရေတွန့်နေတာ မဟုတ်ဘူး။ မျက်နှာအကြော လျှော့နေတာ..."

ဆန်းမောင်၏စကားကြောင့် သူ ပြုံးမိသည်။ ဦးစောစောကတော့ "ဟုတ်ရှာမှာပဲ"ဟူသည့် မျက်နှာမျိုးဖြင့် ဆန်းမောင်ဘက်ကိုတစ်လှည့် ကောင်တာဆီသို့တစ်လှည့် လှည့်ကြည့်ရင်း နားထောင်နေ၏။

"သူ့ အစိမ်းရောင်ထဘီလေး ဝတ်ထားတာ မြင်တယ်မဟုတ်လား။ ကဲ...အဲဒါပဲကြည့်တော့ ကျွန်တော် အစိမ်းရောင်ကြိုက်မှန်းသိလို့ သူဝတ်ထားတာ..."

ဆန်းမောင်က အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေစဉ်မှာပင်...

"ဒီမှာ ညီလေးတို့၊ အစ်ကို...ခဏထိုင်မယ်နော်"

တစ်ဘက်ဝိုင်းမှ လူတစ်ယောက်က လက်ဖက်ရည်ခွက်ကိုကိုင်ပြီး သူတို့ဝိုင်းဆီ ကူးလာ၏။ အဲဒီလူကို စောစောကတည်းက ဇော် သတိ

www.burmeseclassic.com



ထားမိခဲ့ခြင်းဖြစ်၏။ ဘာရယ်မဟုတ် အဲဒီလူက စားပွဲထိုးကလေးများနှင့် စကားပြောလိုက်၊ ဆိုင်ထဲ ဝင်လိုက် ထွက်လိုက်၊ ကောင်တာ ဆီသွားပြီး ရယ်လား မောလားလုပ်လိုက်နှင့် သုံ့တစ်ယောက်တည်း ရှုပ်ယှက်ခတ် နေသောကြောင့် ဖြစ်၏။

ထိုသူက...

''ညီလေးတို့ ပြောနေတာ ဒီဆိုင်က ချစ်ဖူးငုံအကြောင်းလား၊ အဲဒါဆိုရင်တော့ ညီလေးတို့စကားတွေကို နည်းနည်းဆင်ခြင်ပေးဖို့ အစ်ကို မေတ္တာရပ်ခံချင်တယ်ကွာ''

ထိုသူ၏ ပြောပုံ ဆိုပုံ၊ လေယူလေသိမ်းနှင့် အမူအယာတို့ကို ကြည့်ရသည်မှာ ခေတ်ဟောင်း ဓါတ်ရှင်မင်းသားတစ်ယောက်နှင့် တူ နေ၏။ ဇော်တို့ ဘာတစ်ခွန်းမှ မပြောနိုင်ခင်မှာပင် ဦးစောဝေက ထိုသူ့ကို မေးလိုက်သည်။

''နေပါဦး၊ ဒီက...ဪတူနဲ့ ကောင်တာမှာထိုင်တဲ့ မိန်းကလေးက ဘယ်လိုပတ်သက်လို့လဲ''

''သူက ကျွန်တော့် ချစ်သူပါ''

ထိုငနဲ၏အဖြေကြောင့် ဆန်းမောင်ရော အောင်ကြီးပါ 'ဟာ...' ခနဲ ဖြစ်သွားကြသည်။ နောက် ဘာစကားမှ မပြောနိုင်တော့ဘဲ ငိုင်ကျသွား ကြတော့၏။ ထိုသူက အစာဝသွားသည့် ကြောင်တစ်ကောင်လို ပြုံးလိုက် သည်။

ဇော်က...

''ဒါဆို ခင်ဗျားနဲ့ သူနဲ့ ရည်းစားဖြစ်နေကြတယ်ပေါ့ ဟုတ်လား''

ဟု မေးရလိုက်၏။ ထိုသူက ကောင်တာဘက်သို့ မျက်လုံးတစ်ချက် ဝေးကြည့်လိုက်ရင်း စကားကိုလွှဲ၍...

''လူငယ်ချင်းပဲကွာ၊ ညီလေးတို့ကို အစ်ကို နားလည်ပါတယ်၊ ညီလေးတို့ သူ့ကိုကြိုက်တာကိုလည်း အပြစ်မပြောလိုပါဘူး။ သူ့ရုပ်သူ့ရည် နဲ့ဆိုရင် ဘယ်ယောကျ်ားလေးမဆို သူ့ကို စိတ်ဝင်စားမှာ ဓမ္မတာပဲ၊ ဟုတ်တယ်မဟုတ်လား။ သူကလည်း...လှတာကိုး''

ဦးစောဝေက ဘုမသိဘမသိဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း

www.burmeseclassic.com



ဝင်ပြောပြန်သည်။

"အင်း ဟုတ်တယ် ရတော့ရသွားပါရဲ့ ဒါပေမယ့် အဲဒီကောင်မလေးရဲ့ အဂ်ါရုပ်ကြည့်ရတာ...မိန်းမ(၄)မျိုးရှိတဲ့အနက်က ဟတ္ထိနီဆိုတဲ့ အမျိုးအစားပဲကွ။ သျှုတ္တရကျမ်းအလိုအရတော့အဲဒီလို...ဟတ္ထိနီမိန်းမမျိုးဟာ အိမ်ယာက တစ်ညသုံးခါထပြီးတော့..."

"ဗျာ...၊ ဘာ...ဘာ..."

"ဟိုညွှာကွာ၊ တစ်ညသုံးခါ အဲ...အဲ အိမ်သာတက်တယ် ဆိုပါကွ"

ထိုနေ့က ရယ်ရမလို ငိုရမလိုဖြင့် ကျိတ်ပြီး သက်ပြင်းချသံကို ကြားရ၏။ ဖက်ကတော့ စောစောကမေးခွန်းကိုပင် မရမက ထပ်မေးသည်။

"ခင်ဗျားနဲ့ သူနဲ့ ရည်းစားဖြစ်နေကြပြီလား"

"ပြောနေရော လိုသေးလို့လားကွာ၊ ဒါကြောင့်...အစ်ကိုက မင်းတို့ကို ဆက်မလှုပ်ရှားဖို့ မေတ္တာရပ်ခံတာပေါ့"

ငတိက ဝေ့လည်ကြောင်ပတ်ပြောရင်း ဖက်၏ မေးခွန်းကို တိုက်ရိုက်မဖြေဘဲ ရှောင်သည်။

ဖက် သဘောပေါက်လိုက်၏။ ထိုလူသည် ကောင်မလေးနှင့် ဘာမှဖြစ်သေးပုံမရ။ အောင်ကြီးနှင့်ဆန်းမောင်တို့ စိတ်ပျက်ပြီး လက်လျှော့ချင်စိတ်ပေါက်သွားအောင် တမင်လာပြီး လမ်းကြောင်းလွှဲနေခြင်းသာ ဖြစ်ရမည်။ ဒါကြောင့်ပင် သူနှင့် ချစ်မှုးငုံတို့ ရည်းစား ဖြစ်နေသလား ဆိုသည့် မေးခွန်းကို တိတိကျကျ မဖြေရဲဘဲ ဆက်မလိုက်ဖို့ကိုသာ တိုက်တွန်းနေခြင်း ဖြစ်၏။

ဖက်က ကောင်တာမှ ချစ်မှုးငုံဆီသို့ အကြည့်တစ်ချက် လှမ်းကြည့်လိုက်ပြီး...

တမင်တကာပင် အသံကို ကျယ်လောင်စွာဖြင့်...

"ဗျာ...အစ်ကိုနဲ့ ချစ်မှုးငုံ ရည်းစားဖြစ်နေကြပြီ ဟုတ်လား"

"ရှူး...တိုးတိုး၊ တိုးတိုးပြောပါကွ"

ထိုလူက ဆတ်ခနဲ မျက်လုံးပြူးသွားပြီး...ကောင်တာဆီသို့ မလုံမလဲဖြင့် ခပ်မြန်မြန်လှမ်းကြည့်ရင်း ဖက်ကို တားနေတားသည်။ သို့သော် မရတော့။

www.burmeseclassic.com



ဇော်က အသံကို ပိုမြှင့်တင်လိုက်ပြီး...

"ရက်စက်လိုက်တာဗျာ၊ အစ်ကို ဘာဖြစ်လို့ မေမေ့က မပြောခဲ့တာလဲ၊ အစ်ကိုနဲ့ ချစ်မှုဝင့် ရည်းစားဖြစ်နေကြပြီဆိုတာ...အစကတည်းက ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်း အသိပေးခဲ့ဖို့ ကောင်းတာပေါ့"

သူ၏ ကျယ်လောင်သော အသံကြောင့် ချစ်မှုဝင့်က ကောင်တာ ထွင်ထိုင်နေရာမှ သူတို့ဝိုင်းဆီ မျက်မှောင်ကြုတ်ပြီး လှမ်းကြည့်သည်။ စားပွဲထိုးကလေးများကလည်း အာရုံစိုက်လာကြသည်။

ဇော်ကလည်း အော်ကြီးဟစ်ကျယ်ဖြင့် မရပ်မနား ဆက်ပြောနေသည်။ (သူပြောသည့် စကားများထဲတွင် သုံးခွန်းတွင် တစ်ခွန်းလောက်က 'ချစ်မှုးဝင့်နဲ့ ရည်းစားဖြစ်နေတယ်' ဆိုသည့် အကြောင်းဖြစ်သည်)

ကြာတော့...ကောင်တာမှ ချစ်မှုဝင့်၏မျက်နှာက ရှက်စိတ် ဒေါသစိတ်ဖြင့် တဖြည်းဖြည်း နီမြန်းလာသည်နှင့်အမျှ ဟိုင်းတိကတော့ ထောင်ချောက်မိနေသော ကြွက်ကလေးတစ်ကောင်နှင့် ပိုပို၍တူလာ၏။

ဇော် ကလည်း ကက်ဆက်ခွေဇာတ်လမ်းထဲမှ အသံမျိုးဖြင့်...

"အခုတော့...အစ်ကိုက ကျွန်တော်တို့ကို ဖျော်လင့်ချက်ပေးထားပြီး သက်သက်ညွှန်းဆဲနေတာနဲ့ မတူဘူးလား၊ ရက်စက်တယ်ဗျာ၊ အစ်ကို သိပ်ရက်စက်တယ်၊ အစ်ကိုနဲ့ ချစ်မှုးဝင့်တို့..."

"ရှူး...ရှူး...တော်ပါတော့ ညီလေးရာ၊ ဟိုမှာ ချစ်မှုဝင့် ကြားသွားရင် ငါ့ကို ဒေါကန်မှာ..."

"ဟင်...ဘာဖြစ်လို့ ဒေါကန်ရမှာလဲ၊ အစ်ကိုနဲ့ သူက ရည်းစားတွေဆို"

"ဟာ...မဟုတ် မဟုတ်သေးဘူးကွ၊ ဟိုဒင်း...အစ်ကို့ဘက်ကပဲ သူ့ကို အဲ...အဲဒါ"

ထိုင်နဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်ကို ကြည့်ပြီး ဇော် ပိုင်ပိုင်နိုင်နိုင် ပြုံးလိုက်သည်။ နောက်...ခြေညွှန်းရှာ ခေါင်းကို ခါယမ်းဖြစ်၏။

ထို့နောက်..."ခင်ဗျားနဲ့ စကားဆက်ပြောနေစရာ အကြောင်းမရှိတော့ဘူး" ဟု အဓိပ္ပါယ်ရသည့် မျက်ဝန်းများဖြင့် ထိုင်နဲကို ခပ်ပါးပါး

www.burmeseclassic.com



တစ်ချက်ကြည့်လိုက်ပြီး လက်ဖက်ရည်ဖိုး ပိုက်ဆံရှင်းရန် စားပွဲထိုးကို ခေါ်လိုက်သည်။

ဆိုင်ထဲမှ ပြန်ထွက်ခါနီးတွင် သူ့အကြည့်က ကောင်တာဆီသို့ မရည်ရွယ်ဘဲ ရောက်သွားမိသည်။ ချစ်ဖူးငုံဆိုသော မိန်းကလေးက နွတ်ခမ်းထောင့်စွန်းတစ်ဘက်ကို ကွေးညွှတ်ကာ လှစ်ခနဲ ပြုံးလိုက်သည်ကို သူ မြင်ဖြစ်အောင်မြင်လိုက်၏။

သူ့ စိတ်ထဲ တင်းခနဲ ဖြစ်သွားသည်။

အဲဒီအပြုံး၏ အဓိပ္ပါယ်ကို သူ့ကြေကြိုက်။ ထိုသူမ၏ အပြုံးက သူ့ကြောင့် ယောကျ်ားလေးတွေ အချင်းချင်း ပြဿနာတက်ရသည်ကို ကျေနပ်ဂုဏ်ယူသည့် အပြုံးမျိုး...။

''မင်းကိုမင်းတော့ သိပ်ဟုတ်လှပြီ ထင်နေတယ်ပေါ့လေ''

ဟု ဇော်က စိတ်ထဲမှာ တီးတိုးရေရွတ်လိုက်၏။ ဘာကြောင့် မှန်းမသိ...။ စိန်ခေါ်ပြိုင်ပွဲဝင်ချင်သည့် စိတ်တစ်ခု ဖျတ်ခနဲ အာရုံနိုးကြား လာသည်။

ဆိုင်ထဲမှာ လှည့်ထွက်ခဲ့သော်လည်း ချစ်ဖူးငုံ၏ ဝင့်ကြွားသော အပြုံးက သွေးစုပ်မျှော့တစ်ကောင်လို သူ့ကျောကို တွယ်ကပ်လိုက်ပါ သည်ဟု ခံစားရ၏။

ဇော် တိတ်တိတ်ကလေး ကြုံးဝါးလိုက်သည်။

''တွေ့ကြသေးတာပေါ့ ချာတိတ်မကြီးရယ်''

■■■

www.burmeseclassic.com



# အခန်း-၃

ည ၉ နာရီ ၂၀မိနစ်…။

ဇက် ကွန်ပျူတာ ဖန်သားပြင်ကို စိုက်ကြည့်နေသည်။ ဘာ စကားလုံးတွေ ခုန်ဝင်လာမှာလဲ…။

သူသည် တစ်စုံတစ်ယောက်မှ ပေးပို့လိုက်သည့် 'စကားလုံးများ' ကို စောင့်မျှော်နေခြင်းဖြစ်သည်။

ထိုတစ်စုံတစ်ယောက်သည် မည်သူမည်ဝါ ဖြစ်သည်ကိုတော့ သူ အတိအကျမသိ။ ထိုတစ်စုံတစ်ယောက်၏ အမည်ရှက်ကတော့ 'ပိုးနံ့ကောင်' …။

ဇက်သည် Intra Net ထဲမှ တစ်ဆင့် ပိုးနံ့ကောင်နှင့် မိတ်ဆွေ ဖြစ်ခဲ့ကြခြင်း ဖြစ်လေသည်။ ညဘက် ညဘက်တွင် ကျွန်ပျူတာတစ်လုံးဖြင့် Networkထဲဝင်ကာ ချိတ်ဆက်ရင်း Chat-Site ထဲတွင် အပြန်အလှန်စကားတွေ ပြောဖြစ်ခဲ့၏။

အစကတော့ ကွန်ပျူတာပေါ်တွင် ကိုယ့်အကြောင်းကို အမှော်သဘောဖြင့် လျှောက်ပြောနေရုံသက်သက်မျှသာ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

သို့သော်…ပိုးနံ့ကောင်ဘက်မှ တုံ့ပြန်လာသည့် စကားလုံးများကတော့ အံ့ဩစရာကောင်းလောက်အောင် အသိဉာဏ်ပြည့်ဝမှု သဘောထားကြီးမှုတို့ဖြင့် နွေးထွေးနေ၏။

ဇက်…ထိုအမည်မသိ ပိုးနံ့ကောင်ကို လေးစားသွားသည်။

www.burmeseclassic.com



နောက်တော့ သူ့ရင်ထဲမှ ခံစားချက်တွေ အကုန်လုံးကို ကွန်ပျူတာ ကွန်ယက်ထဲမှတဆင့် ပိုးနှံကောင်ကို အကုန်လုံး ဖွင့်ပြောနေမိလျက်သား ဖြစ်နေမှန်း သူ့ကိုယ်သူ တွေ့ရှိရလေသည်။

www.burmeseclassic.com



•

''သည့်လို အဖြစ်အပျက်မျိုး ဘယ်တော့မှ ကြုံလိမ့်မည်မဟုတ်'' ဟု အောက်မေ့ထားသောကြောင့်လား မသိ။ ဇက် တစ်ယောက် သူ့ကိုယ်သူပင် အံ့သြမဆုံး ဖြစ်နေရသည်။

အမှန်အားဖြင့် ဇက်သည် ကိုယ့်အကြောင်းကို တခြားသူထံမှာ ရင်ဖွင့်မိဖို့ ယောင်ယမ်း၍ပင် စိတ်ကူးခဲ့ဖူးသူ မဟုတ်။ (သူက ငါးမန်းတစ်ကောင်လို သွေးအေးအေးဖြင့် တိတ်ဆိတ်လျှို့ဝှက်စွာ နေထိုင်တတ်သည့် သဘာဝရှိသူ တစ်ဦးသာဖြစ်သည်)

အခု...ပိုးနံ့ကောင်နဲ့ကျမှ ဘာဖြစ်လို့ ကိုယ့်အတွင်းရေးတွေ အကုန်လုံးကို အိတ်သွန်ဖာမှောက် ပြောပြနေဖြစ်ရတာလဲ...။

မသိပါ...။

ဖြစ်နိုင်ချေအရှိဆုံး အဖြေကတော့ ဇက်၏ အပြောင်းအလဲမြန်သော၊ ပြီးငွေ့လွယ်သော၊ စိတ်ခံစားချက်များကို နားလည်မှုအပြည့်ဖြင့် ပြန်လှန်ဆွေးနွေးပေးသူ မိတ်ဆွေဟူ၍ ပိုးနံ့ကောင်တစ်ဦးတည်းသာ ရှိခြင်းကြောင့် ဖြစ်နိုင်သည်။

ဇက်က သူ့ရည်းစားတွေအကြောင်း တစ်ယောက်မကျန် ပိုးနံ့ကောင်ကို ပြောပြဖူးသည်။

''ငါ...သူတို့ တစ်ယောက်ချင်းဆီကို တွေ့ခါစတုန်းမှာတော့ တကယ်ရင်ခုန်တာပါ၊ တကယ်ချစ်မိပြီလို့ ထင်တာချည်းပဲ၊ သူတို့ဆီက တုံ့ပြန်လာမယ့် အချစ်ကိုလည်း လိုချင်လှချည်ရဲ့လို့ အရူးအမူး ဖြစ်ခဲ့ရတာချည်းပါပဲ၊

ဒါပေမယ့်...ငါ့ကိုငါ မကျေနပ်တာ တစ်ခုရှိတယ်၊ အဲဒါ ဘာလဲဆိုတော့...အဲဒီမိန်းကလေးတွေဆီက 'ငါ့ကို ချစ်ပါတယ်' လို့ တုံ့ပြန်တဲ့ အဖြေကို ရလိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အဲဒီမိန်းကလေးကို ငါ

www.burmeseclassic.com



လုံးဝ စိတ်ဝင်စားလို့မရတော့ဘူး။ ရင်မခုန်တော့ဘူး။ အစတုန်းကတော့ တကယ်ခံစားရတာလို့ ကိုယ့်ဖာသာကို ထင်ထားတဲ့အချစ်တွေဟာလည်း ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။

အဲဒါ...ငါဘာဖြစ်တာလဲ၊

ငါဟာ တမင်ယုတ်မာတဲ့စိတ်နဲ့ မိန်းကလေးတွေကို အပျော်ရည်းစားလိုက်ထားနေတာ မဟုတ်ဘူးဆိုတဲ့ အချက်ကိုတော့ မင်းယုံကြည်စေချင်တယ်...ပိုးနှံကောင်၊

ငါ့ ကိုယ်ငါ လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာကိုတော့ ဝန်ခံပါတယ်၊ ဒါပေမယ့် ငါဟာ လူဆိုးတစ်ယောက်တော့လည်း မဟုတ်ပြန်ဘူး။ ဒါဖြင့် ငါဟာ...ဘာလဲ''

ပိုးနှံကောင်၏ အဖြေက တစ်ခွန်းတည်း...

''မင်း ဟာ လူရိုင်းကလေးတစ်ယောက်ပေါ့...''

■■

www.burmeseclassic.com



•

အခုလည်း ဖက်တစ်ယောက် ကွန်ပျူတာရှေ့ထိုင်ပြီး Chat-site ထဲဝင်ကာ ပိုးနှံကောင်ကို စကားတွေ ပြောပြနေဖြစ်သည်။ သူပြောပြနေသည့်အကြောင်းကတော့ ဒီနေ့ သူနှင့် သူ့ငယ်ချင်းတွေ သွားထိုင်သည့် လက်ဖက်ရည်ဆိုင်မှ ချစ်ဖူးငုံဆိုသော မိန်းကလေးအကြောင်း...။

"ရင်ခုန်လောက်စရာ အကြောင်းတော့ ဘာမှမရှိပါဘူး၊ ခပ်တုံးတုံး အဖြစ်အပျက်တစ်ခုကို ဖြတ်သန်းရတာပါ။ အညံ့စား ပြဇာတ်တစ်ပုဒ်ကို ကြည့်ခဲ့ရသလိုမျိုး...။ လှည့်ထွက်ပြီးတာနဲ့ တစ်ပြိုင်နက် စိတ်ထဲမှာဘာမှ ကျန်ရစ်စရာ မရှိအောင်ကို မေ့သွားရမယ့် ကိစ္စပေါ့၊

ဒါပေမယ့်...ငါတို့ ဆိုင်ထဲက ထွက်ခါနီးမှာ ပြုံးလိုက်တဲ့ အဲဒီ မိန်းကလေးရဲ့ အပြုံးက ငါ့ကို အကြီးအကျယ် စိတ်အနှောင့်အယှက် ပေးနေတယ်၊ သူ့အပြုံးက ငါတို့ကို အရူးလုပ်နိုင်လို့ အောင်ပွဲခံနေတဲ့ မျက်နှာပေးမျိုး...၊ ငါ့ကို စိန်ခေါ်နေသလိုပဲလို့ ခံစားလိုက်ရတယ်၊

ဒါနဲ့...ငါချက်ချင်းပဲ ဆုံးဖြတ်ချက်ချလိုက်တယ်၊ အဲဒီ ချစ်ဖူးငုံ ဆိုတဲ့ကောင်မလေးနဲ့ ရည်းစားမဖြစ်ဖြစ်အောင် ငါလုပ်ပြမယ်လို့၊ မင်း ဘယ်လိုသဘောရသလဲ...ပိုးနှံကောင်"

ထို့နောက် ပိုးနှံကောင်ဆီမှ တုံ့ပြန်လာမည့် စကားလုံးများကို သူရင်ခုန်စွာဖြင့် စောင့်မျှော်နေမိသည်။

သူ ကွန်ပျူတာ ဖန်သားပြင်ကို စိတ်လှုပ်ရှားစွာဖြင့် စိုက်ကြည့်နေဖြစ်၏။

ကဲ...ဘာ စကားလုံးတွေ ခုန်ဝင်လာမှာလဲ။

ပိုးနှံကောင် တုံ့ပြန်လိုက်သော စကားလုံးများက နိုးရိုးကလေးပင် ဖြစ်သည်။

"သေနတ်ကို တီထွင်ခဲ့တဲ့ လူကို ငါလေးစားတယ်။ ဒါပေမယ်

www.burmeseclassic.com



အသံတိတ်သေနတ်ပြောင်း(ဆိုင်လင်စာ)ကို တီထွင်ခဲ့တဲ့လူကိုတော့ ငါ မမေ့လေးစားနိုင်ဘူး။

ဘာဖြစ်လို့လဲဆိုတော့...လူတွေဟာ တစ်ဦးနဲ့တစ်ဦး တိုက်ခိုက်ဖို့တော့ လိုအပ်တယ်။ ဒါပေမယ့် ချောင်းမြောင်းလုပ်ကြံတာကျတော့ ယုတ်မာမှု ဖြစ်သွားပြီ။

ဒါကြောင့် မင်းလည်း လိုအပ်ရင် တိုက်ခိုက်နိုင်တာပဲ...၊ တိုက်ခိုက်ပါ။ ဒါပေမဲ့ ယုတ်မာတဲ့လူတော့ မဖြစ်စေနဲ့ပေါ့၊

ဒါပေမယ့် (မင်းစိတ်ကို ငါ ခန့်မှန်းကြည့်လို့ရသလောက် ပြောရမယ်ဆိုရင်) မင်းဟာ အဲဒီ ချစ်ဖူးငုံဆိုတဲ့ ကောင်မလေးကို တကယ်တမ်း တိုက်ခိုက် တုံ့ပြန်ချင်လှုတာလည်း မဟုတ်ပါဘူး။

မျှင်းငိုငြီးငွေ့နေတဲ့ မင်းစိတ်ကို ထွက်ပေါက်ပေးဖို့ စွန့်စားခန်း တစ်ခုထဲ ခုန်ဝင်လိုက်တာပဲ မဟုတ်လား''

ပိုးနံ့ကောင်၏ ခန့်မှန်းချက်က သူ့စိတ်ကို တိတိကျကျမှန် ထိမှန်သောကြောင့် ဇော် အနည်းငယ် အံ့သြသွားသည်။

ဟုတ်တယ်...၊ တကယ်ပဲ...၊ ငါ့ကို နားအလည်နိုင်ဆုံးလူဟာ ပေဟာဒီကမ္ဘာမြေပေါ်မှာ မင်းတစ်ယောက်ပဲရှိတယ်...ပိုးနံ့ကောင်။

ဇော် ရင်ထဲမှာ ပိုးနံ့ကောင်ဆိုသောလူကို အပြင်မှာ မျက်နှာချင်း ဆိုင်တွေ့ဖူးချင်သော စိတ်ဖြင့် (တစ်ခါတလေလောက်ပဲ ဖြစ်ဖြစ်ပေါ့လေ) ပြင်းပြင်းထန်ထန် ဆာလောင်လာသည်။

သို့သော်...အဲဒီခံစားချက်ကို ရုတ်ချည်းပင် သူပြန်လည် မေ့ပျောက် ပစ်ဖို့ ကြိုးစားလိုက်၏။

ထားလိုက်ပါ။ အဲဒါဟာ လိုအပ်လို့လား။ သူ ဘာသာသူ ဘယ်လို ပုံစံမျိုးပဲဖြစ်ဖြစ်ပေါ့လေ။

မနက်ဖြန်ကျရင်တော့ ချစ်ဖူးငုံ၏ လက်ဖက်ရည်ဆိုင်သို့ သွားရောက်မည်ဟု တွေးရင်း....သူ အိပ်ပစ်လိုက်သည်။

■■■

www.burmeseclassic.com



# အခန်း-၄

ပထမဦးဆုံး အဆင့်အဖြစ်...သူမ၏ အချိန်ဇယားကို ဇက် အသေအချာ လေ့လာလိုက်သည်။ မနက်စောစောပိုင်း တစ်ကြိမ် ဆိုင် ကောင်တာတွင် ထိုင်သည်။ နောက် သူမ၏အမေလား၊ အဒေါ်လား ကွဲကွဲပြားပြားမသိရသော အမျိုးသမီးကြီးတစ်ယောက်နှင့်အတူ လက်ဖက် ရည်ဆိုင်အနီးတွင်ရှိသော ဈေးသို့သွားသည်။ သူမကိုယ်တိုင် မီးဖိုချောင် ဝင်မဝင်တော့ မပြောတတ်....။ (၁၁း၀၀)နာရီ နောက်ပိုင်းဆိုလျှင် သူမကို ဆိုင်ကောင်တာမှာ မတွေ့ရတော့။

ညနေ(၃း၀၀)နာရီလောက်ဆိုလျှင်တော့ သူမကိုယ်တိုင် တစ်ဆိုင် လုံးကို ပြောင်စင်နေအောင် တံမြက်စည်းလှည်းကျင်းသည်။ နောက်တစ်ခါ ပြန်ပျောက်သွားပြီး ည(၇း၀၀)နာရီလောက်ကျမှ လှလှပပ ဖြီးလိမ်း ပြင်ဆင် ကာ ကောင်တာတွင် ပြန်ထိုင်တတ်သည်။

ဒုတိယအဆင့်အဖြစ်...စားပွဲထိုးကလေးတွေနှင့် ရင်းနှီးအောင် ပေါင်းသင်းရသည်။ ဒီအဆင့်နှစ်ဆင့်ကိုကျော်ဖြတ်ဖို့အတွက် (၁၀)ရက် လောက် အချိန်ကုန်ခံပြီး အဲဒီလက်ဖက်ရည်ဆိုင်မှာ ဇက် ဆွဲဆွဲမြဲမြဲ သွားထိုင်လိုက်ရ၏။

တတိယအဆင့်ကတော့ ဆုန်းမောင်နှင့်အောင်ကြီးကို အတော် ပျောင်းပျောင်းဖျဖျ နားချယူရခြင်း ဖြစ်သည်။ ဒါတောင်မှ ထိုင်ခုံ

www.burmeseclassic.com



''သူငယ်ချင်း အချင်းချင်းတွေ ဘာတွေ လာမပြောမနေနဲ့၊ ငါတို့ရဲ့အချစ်ကိုတော့ လုံးဝအဆုံးရှုံးမခံနိုင်ဘူး''ဟု ဆိုကာ မှည့်မှည့် လုပ်ကြသေးသည်။

နောက်ဆုံး...Beer Park တွင် စည်တိုင်ယာအခ ဝိုက်လိုက်သော အခါတွင်မှ သူတို့နှစ်ယောက်စလုံး မူးမူးဖြင့် စားပွဲပေါ်တက်ကာ ကျေး နေအောင် ကခုန်ရင်း အချစ်ကို ပျော်ရွှင်ဝမ်းမြောက်စွာ ထိုက်ထိုက်တန်တန် နှုတ်ဆက်သွားကြလေတော့သည်။

ဖက် က သူ့ဘက်က အားလုံး အဆင်သင့်ဖြစ်သော အခါတွင်မှ ချစ်မှုဇာတ်ကို ချုပ်ကာမည့်အချိန်ကို ရွေးချယ်လိုက်သည်။ သူရွေးချယ်သည့် အချိန်က ညနေ(၃း၀၀)နာရီ၊ ချစ်မှုဇာတ် ဆိုင်ကို တံမြက်စည်းလှည်းသည့် အချိန်...။

အဲသည် အချိန်ဆိုလျှင် ဆိုင်တွင် လက်ဖက်ရည်သောက်သူမရှိ သလောက်ပါးသည်။ စားပွဲထိုးကလေးများလည်း နေ့လည်ခင်း တရေး တမော အိပ်စက်အနားယူနေကြချိန် ဖြစ်၏။

သူ...ခြေလှမ်းစတော့မည်။

■■

www.burmeseclassic.com


•

ဆိုင်ထဲသို့ သူဝင်သွားသောအခါ (မျှော်လင့်ထားသည့်အတိုင်း) ချစ်မှုရုံတစ်ယောက်တည်း တစ်ဆိုင်လုံးကို တံမြက်စည်းလှည်းနေသည်ကို တွေ့ရ၏။

''လက်ဖက်ရည်တစ်ခွက်...''

ဟု ဇော်က အသံခပ်တိုးတိုးဖြင့် လှမ်းပြောလိုက်သည်။ သူမက ဇော်ကို ဖျတ်ခနဲကြည့်ရင်း လက်ဖက်ရည်ဖျော်သည့် နေရာဆီသို့ လှမ်း၍...

''လက်ဖက်ရည်တစ်ခွက်...တဲ့။ နို့ဆီမထည့်နဲ့၊ နို့စိမ်းနဲ့ပဲဖျော်''

သူမက ဇော် ကြိုက်တတ်သော လက်ဖက်ရည်ပုံစံကို အလွတ်ရနေပြီ ဖြစ်၏။ ဇော်က သူကိုင်ထားသော ဗလာစာအုပ်ကြားထဲတွင် ညှပ်ယူလာသည့် စာအိတ်ကို ဆွဲထုတ်လိုက်ပြီး...

''ဒီမှာ...စာအိတ်လေးက၊ ဒါလေး ဖတ်ကြည့်ပေးပါ''

ကမ္ဘာဦးအစက ရည်းစားစာပေးနည်းပုံစံဖြင့် စာကို လှမ်းပေးလိုက်သည်။ သူမက စာကို လှမ်းမယူ...။ တံမြက်စည်းလှည်းနေရာမှ တစ်ချက်လှမ်းကြည့်ပြီး...

''ဘာလဲ...ရှင်က စာပို့လုလင်လား''

''မဟုတ်ပါဘူး။ ကျွန်တော် ခင်ဗျားကို ရည်းစားစာပေးနေတာ''

''သူမက တံမြက်စည်းကိုသာ ဖြန့်ငုံ့လှည်းနေရင်း (ဇော်ကို ခေါင်းမော့၍ပင် မကြည့်ဘဲ) ပုံးတွန့်ကာ လှောင်ပြုံးတစ်ချက်ပြုံး၏။ ထို့နောက်...

''သောနိုးပဲ ရှင့်စာကို လှမ်းယူပြီးလွှင့်ပစ်လောက်အောင် ကျွန်မ လက်မအားလို့...ရှင့်ဟာသာရှင်ပဲ လွှင့်ပစ်လိုက်ပါတော့''

''အိုကေ''

ဇော်က သူ့စာကို အစိပ်စိပ်အမွှာမွှာဆုတ်ဖြဲ၍ သူ ထိုင်နေသော

www.burmeseclassic.com


ခုံအနီးတစ်ပိုက်တွင် ဖွေးခနဲ အဆုပ်လိုက် ပစ်ချလိုက်၏။ ချစ်ဖူးငုံ တစ်ချက် မျက်မှောင်ကုတ်သွား၏။ ဘာမှတော့ မပြော။ သူမ၏ လက်ထဲမှ တံမြက်စည်းဖြင့် စက္ကူစုတ် အစအနတွေကို ခပ်သွက်သွက် လှည်းကျုံး လိုက်သည်။

စက္ကူစများကို အမှိုက်ပုံးထဲသွားထည့်ပြီး ပြန်လှည့်လာချိန်တွင် ဖက် နောက်ထပ် စာတစ်စောင်ဖြင့် အသင့်စောင့်နေပြီဖြစ်၏။

"ရော့...ဒီမှာ နောက်တစ်စောင်"

"ကျွန်မ...မယူဘူးလို့ ပြောပြီးပြီပဲ"

"ဪ...ရပါတယ်"

ဖက် စောစောကလိုပင် စာရွက်ကို ဆုတ်ဖြဲပြီး အမှိုက်ဖွလိုက်ပြန်သည်။ ဒီတစ်ခါတော့ ချစ်ဖူးငုံ နည်းနည်း နှုတ်ခမ်းစူချင်လာ၏။ ဖက်ဆီမှာ နောက်ထပ် စာဘယ်နှစ်စောင်လောက် ကျန်နေဦးမလဲ ဟု ရှုစမ်းသည့် အကြည့်ဖြင့်ကြည့်သည်။

ဖက်ကတော့ ဘာမှ မဖြစ်သလို အေးအေးလူလူပင် စီးကရက်ကို ဖွာနေလိုက်သည်။ ချစ်ဖူးငုံ စိတ်မသက်သာဖြင့်ပင် စက္ကူစုတ်တွေကို တံမြက်စည်းလှည်းရပြန်သည်။ ပြီးသွားတော့မှ...ဖက်က...

"ရော့..."

"ဟင်..."

တတိယမြောက် စာတစ်စောင်လှမ်းပေးပြန်သည်။ ချစ်ဖူးငုံ စိတ်ဆိုးဟန်ဆိုးဖြင့် ခြေကိုစောင့်လိုက်၏။ သူမ၏အကြည့်က ဖြစ်နိုင်လျှင် ဖက်ကိုပါ တံမြက်စည်းဖြင့်လှည်းပြီး အမှိုက်ပုံးထဲ ထည့်ပစ်လိုက်ချင်နေပုံမျိုး...။

သည်လိုနှင့်...ဆယ်မိနစ်ခန့်ကြာသောအခါ ဖက်ထိုင်နေသာ ခုံအနီးတစ်ဝိုက်မှာ စက္ကူစုတ်တွေ ဖွေးနေလေတော့သည်။

"ရှင်...ဒီလိုအမှိုက်ဖွနေရင် ကျွန်မ ဒီနေ့တစ်နေ့လုံး တံမြက်စည်း လှည်းလို့ကို ဆုံးတော့မှာ မဟုတ်ဘူး"

ဝိုင်ရင်ထဲမှာ အမှိုက်လာဖွသွားတဲ့ မင်းရဲ့အကြည့်တွေကိုတော့

www.burmeseclassic.com



ပေါ်လာသည်။

သို့သော်...သူ ဘာမှမပြော...။ နောက်ထပ်စာတစ်စောင်ကိုသာ လှမ်းပေးလိုက်၏။

ချစ်မှုန်က သူ့လက်ထဲမှ စာရွက်ကို ဆတ်ခနဲ ဆွဲယူပြီး ဖွင့်ကြည့်လိုက်သည်။ ကြည့်မိလျှင် ကြည့်မိချင်း သူမ မျက်လုံးကလေးတွေ ဝိုင်းသွား၏။ စာရွက်ပေါ်တွင် ရေးထားသည်က ရည်းစားစာမဟုတ်။

ကာတွန်းပုံတစ်ပုံသာဖြစ်၏။

ပုံထဲတွင်(ချစ်သူ့နှင်းဦးလိုမျိုး) ယောကျ်ားလေးတစ်ဦးနှင့် မိန်းကလေး တစ်ဦးတို့ အတူထိုင်၍ ထမင်းစားနေကြပုံကို ရေးဆွဲထားသည်။

ယောကျ်ားလေးက ကြက်သားဟင်းခွက်ကို ဖွန်ဖြင့် ခပ်ယူရာမှပါ လာသော တောင်ပံအရိုးကို မိန်းကလေး ပန်းကန်ထဲသို့ ထည့်ပေးနေ သောကြောင့် ကောင်မလေး၏ မျက်နှာရှုံ့မဲ့သွားပုံဖြစ်၏။

ပုံအောက်တွင် 'ရင်ကို' သီချင်းများထဲမှ နာမည်ကြီး သီချင်း တစ်ပုဒ်၏စာသားကို ကောက်နုတ် ဖော်ပြထားသည်။

"တောင်ပံပါရင် မင်းဆီကို"

ချစ်မှုန် ပုံကိုကြည့်ပြီး ခစ်ခနဲ တစ်ချက်ရယ်သည်။ ထို့နောက် မျက်နှာကို ပြန်တည်ထားလိုက်ပြီး...

"ရှင်...ကျွန်မကို နောက်ပြောင်နေတာ။ ဒါ ရည်းစားစာမှ မဟုတ်ဘဲ"

ဇော်က...

"ဒါကို...ရည်းစားစာ မဟုတ်ဘူးလို့ ခင်ဗျား ဘာအထောက် အထားနဲ့ ငြင်းမလဲ"

ချစ်မှုန် အူကြောင်ကြောင်ဖြစ်နေစဉ် ဇော်က...အနိုင်အမာပင် ဆက်ပြောသည်။

"ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ဒါ ရည်းစားစာပါလို့ ပြောပြီးပေးတဲ့စာပဲ။ အထဲမှာ ဘာမှရေးထားစရာ တောင်မလိုဘူး။ အဓိပ္ပါယ်က ပေါ်နေပြီးသားပဲမဟုတ်လား။ စကားလုံး တွေဟာ အသုံးမဝင်ပါဘူး။ စာရွက်ပေါ်မှာ စကားလုံးတွေ

www.burmeseclassic.com



တကယ့်အချစ်ကို ဖော်ပြလို့မှ မရတာ''

သူမ မျက်ဝန်းများက လှောင်ပြောင်လိုသည့် အရိပ်အငွေ့များဖြင့် လက်ခနဲ ဖြစ်သွားပြီး....

''ရှုပ်လိုက်တာ''

ဟု ခပ်တိုးတိုး ရေရွတ်သည်။ ဇော်က...

''မရှုပ်ပါဘူး၊ ရှင်းရှင်းလေးပဲ၊ ရည်းစားစာဆိုတာ ဝါကျတွေ ရေထားတဲ့ စက္ကူတစ်ရွက်ဖြစ်ရမယ်လို့ ဘယ်သူက သတ်မှတ်ထားလို့လဲ၊ ရည်းစားစာဆိုတာ ကျွန်တော်က ခင်ဗျားကို တိုက်လိုက်တဲ့ ကော်ဖီ တစ်ခွက်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ အကြည့်တစ်ခုလည်းဖြစ်နိုင်တယ်၊ Chewing Gum (ပီကေ)တစ်ခုလည်း ဖြစ်နိုင်တယ်၊ ခင်ဗျား ခံစားနိုင် မယ်ဆိုရင် အားလုံးဟာ 'အချစ်'ကို ပြောပြနေတဲ့အရာတွေချည်းပါပဲ''

ထိုသို့ရှင်းပြနေရင်းမှာပင် ဇော်က စိတ်ထဲမှာ...'ဒါလောက်လေး တောင်မှ သဘောမပေါက်ရင် ခင်ဗျားဟာ တော်တော်တုံးတဲ့ ပေါ့မကြီးပဲ' ဟု ပြောနေမိ၏။

ချစ်မှုးငုံက သူမ၏ နှုတ်ခမ်းတစ်ဖက်ကို မလှ့တလှအောင် တမင် ကွေးညွတ်၍ ရယ်လိုက်ရင်း...

''အင်း...နားထောင်လို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဒီလောက် နဲ့ ကျွန်မရင်ကို ခုန်အောင်လုပ်နိုင်မယ်လို့ မျှော်လင့်ထားရင်တော့ ရှင် မှားသွားလိမ့်မယ်၊ ကျွန်မအတွက်တော့ ဒါတွေဟာ သိပ်ရိုးစင်းလွန်းပါ တယ်''

''ကျွန်မကို ချစ်ပါတယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်မက 'အချည်'လို့ပဲ သဘောထားတယ်''

ဩော် 'အချည်'တဲ့လား...

ရင့်သီးသော သူမ၏ စကားကြောင့် ဇော် အောင့်သက်သက် ဖြစ်သွား၏။

''ဒါဆိုရင် ကျွန်တော်ဟာ ခင်ဗျားအတွက် 'အချည်'ပေါ့ ဟုတ်လား''

ချစ်မှုးငုံက အသံထွက်အောင်ရယ်ပြီး ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြ၏။

www.burmeseclassic.com



ဇက်...ဘာမှ ပြန်မပြောတော့။

အအေးဖျော်သော နေရာဆီသို့ သူလျှောက်သွားလိုက်သည်။ ပလတ်စတစ်စင်ပုပုကလေးပေါ်တွင် သံပရာသီးသုံး၊လေးလုံး တွေ့ရ၏။

ဇက်က သံပရာသီးတစ်လုံးကိုယူ၍ ခါးဖြင့် လှီးကာ သံပရာရည် တစ်ခွက် ဖျော်လိုက်သည်။ ထို့နောက်...

"ရော့... ဒါလေးသောက်ကြည့်"

ဇက်က သူဖျော်ထားသော သံပရာရည်တစ်ခွက်ကို ချစ်မှုနင့် ရှေ့သို့ ချပေးလိုက်၏။ ချစ်မှုနင့်က...

"ဘာလုပ်ဖို့လဲ"

"သောက်ကြည့်လိုက်ပါ၊ အရသာရှိပါလိမ့်မယ်၊ သံပရာသီး ဖျော်ရည်လေ၊ ကျွန်တော်ဆိုတဲ့ အချဉ်က ခင်ဗျားအတွက် အရသာရှိတဲ့ ဖျော်ရည်တစ်ခွက် ဖန်တီးပေးနိုင်တဲ့ သံပရာသီးတစ်လုံးပေါ့၊ ဒါပါပဲ ခင်ဗျားအတွက်ဆိုရင် ကျွန်တော့်ကို ကျွန်တော် သံပရာသီး ဖြစ်ခွင့် ရရင်လည်း ကျေနပ်တယ်"

(မှတ်ခန့် လက်သွားသော မျက်ဝန်းများဖြင့် လှမ်းကြည့်လိုက်သည်) သူမ၏ အကြည့်ကို မြင်ရုံဖြင့်ပင် ဒီကစားပွဲမှာ သူ အနိုင်ရလိုက်ပြီ ဖြစ်ကြောင်း ဇက် သိလိုက်၏။

အချကြောင်ကြောင် ကောင်မလေးတစ်ယောက်၏ အချစ်ကို ရဖို့ ကိစ္စမှာ သံပရာသီးတစ်လုံးသာ လိုအပ်ပါသည်။

■■■

www.burmeseclassic.com



•

# အခန်း-၅

''ဒါဆို မင်းနဲ့ ချစ်ဖူးငုံဆိုတဲ့ ကောင်မလေးနဲ့ ရည်းစားဖြစ်သွားကြပြီပေါ့၊ ဟုတ်လား....''

ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် ပေါ်လာသည့် ဝိုးနဲ့ကောင်၏ အမေးစကားကိုဖတ်ရင်း...ဇော် ငိုင်ငိုင်တွေတွေ ဖြစ်နေမိသည်။ ပြီးမှ သူ့လက်ချောင်းကလေးများကို Key Board ပေါ်တွင် လေးလံစွာ လှုပ်ရှားစေလျက်...

''ဟုတ်တယ်''

ဟူသော အဖြေစကားကို ရိုက်သွင်းလိုက်၏။ ဝိုးနဲ့ကောင်က ဆက်မေးသည်။

''ကောင်မလေးက ဘယ်လိုလဲ''

ဇော် ပြုံးလိုက်၏။ ထို့နောက် အဖြေစကားကို ခပ်မြန်မြန်ပင် ရိုက်နှိပ်လိုက်သည်။

''ကောင်မလေးက စွပ်ပြုတ်ပါ''

''ဘာ...စွပ်ပြုတ်ဆိုတာ ဘာလဲ''

'စွပ်ပြုတ်(Soup) ဟင်းချို'ဟူသော စေါဟာရကို ဝိုးနဲ့ကောင် နားလည်လိမ့်မည် မဟုတ်မှန်း ဇော် ကြိုတွေးထားပြီးဖြစ်၏။

ဟင်းချက်သောက်ရလောက်သော အသားကောင်တို့ကို စွပ်ပြုတ် ထဲတွင် ထည့်ရိုးထုံးစံမရှိ။ ခြေထောက်ရိုး၊ တောင်ပံရိုးစသည့် အရိုးစား

www.burmeseclassic.com



အစိတ်အပိုင်းများသာလျှင် စွပ်ပြုတ်ထဲတွင် ပါလေ့ရှိသည်။ ထို့ကြောင့် ဖက်တို့အုပ်စုက ခပ်ညံ့ညံ့လူများကို 'စွပ်ပြုတ်'ဟု အမည်ပေးထား ခြင်းဖြစ်၏။

ဖက် ကွန်မြူတာခလုတ်များကို နှိပ်လျက်...

'စွပ်ပြုတ်ဆိုတာ အညံ့စားမိန်းမလို့ အဓိပ္ပါယ်ရတယ်''

ဟု ဖြေလိုက်သောအခါ ပိုးနံ့ကောင်က ပြန်လည်၍...

''မိန်းမတွေကို နှိပ်တဲ့ယောကျ်ားတွေဟာ မိန်းမထက်ပိုပြီး အောက်တန်းကျတယ်''

''ခပ်ညံ့ညံ့မိန်းမဆိုသာ ငါ့ရဲ့နည်းဗျူဟာထဲမှာ သူ့ရဲ့အချစ်ကို လွယ်လွယ်ကူကူ အသိမ်းပိုက်ခံတာပေါ့။ ဒါမှမဟုတ်ရင် ငါ့ရဲ့နည်းဗျူဟာ တွေက မိန်းမတစ်ယောက် မငြင်းဆန်နိုင်လောက်အောင် ကောင်းလွန်း နေလို့လား''

ဟု ဖက်က ပြန်မေးလိုက်သည်။ ပိုးနံ့ကောင်က...

''မင်းတို့ ယောကျ်ားတွေက ကိုယ့်ကိုယ်ကို သိပ်အထင်ကြီး လွန်းကြတယ်၊ မိန်းမတစ်ယောက်ရဲ့ အချစ်ကို ရယူလိုက်နိုင်ရင်ပဲ ကိုယ့် အစွမ်းအစကြောင့်လိုလို ဘာလိုလို ထင်ကြတယ်၊

အဲဒါ...သိပ်မှားတဲ့ အတွေးအခေါ်ပဲ၊ ယောကျ်ားတွေရဲ့ နည်း ဗျူဟာ ဘယ်လောက်ကောင်းကောင်း မိန်းမတစ်ယောက်ဟာ သူ့မချစ်တဲ့ ယောကျ်ားဆိုရင် ငြင်းကိုငြင်းမှာပဲ၊ သူချစ်မိပြီဆိုရင်လည်း အဲဒီယောကျ်ားရဲ့ နည်းဗျူဟာတွေ ဘယ်လောက်ချွတ်ယွင်း ပေါင်းနွမ်းနေပါစေ၊ အလွယ် တကူ လက်နက်ချဖို့ ဝန်မလေးဘူး။

အဲဒါကြောင့် မိန်းမတစ်ယောက်ရဲ့ အချစ်ဆိုတာကို မင်းတို့က သိမ်းပိုက်အောင်ပွဲခံရတဲ့အရာလို့ ဘယ်တော့မှ...မထင်မှတ်လိုက်ပါနဲ့၊ မိန်းကလေးတွေက...မင်းတို့ကို သနားသဖြင့် ပေးအပ်လိုက်တဲ့ 'လက်ဆောင်'လို့ပဲ နားလည်ထားပါ''

ပိုးနံ့ကောင်က တုံ့ပြန်လိုက်သော စကားလုံးများကိုဖတ်ရင်း ဖက် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်မိ၏။

www.burmeseclassic.com



နားလည်လွန်းနေသည်။ နောက်ပြီး 'မင်းတို့ယောကျ်ားတွေ' ဟူသော ဝေါဟာရကို သုံးနှုန်းထား၏။

ထိုသို့ဆိုလျှင်...

'ပိုးနုံကောင်'ဟူသော အမည်တွက်နှင့်လူမှာ မိန်းမတစ်ယောက်မြစ်ဖို့ သေချာနေပြီဟု တွေးလိုက်မိသောကြောင့် ဖြစ်သည်။

"မိန်းမတစ်ယောက်ဖြစ်ရင်လည်း ဘကာယ်ကို လေးစားခင်မင်စရာကောင်းတဲ့ ရွှားရှားပါးပါး မိန်းမပါပဲလေ"

ဟု ဇက်...တီးတိုးရေရွတ်လိုက်မိသည်။ ယခုအချိန်အထိတော့ ဇက်၏ စိတ်ထဲတွင် ပိုးနုံကောင်ကို အပြင်မှာ မတွေ့ချင် မမြင်ချင်သေး။

သူမကို ခင်ရုံသက်သက်သာ ခင်မင်လိုပါသည်။

■■■

www.burmeseclassic.com

www.burmeseclassic.com



•

# အခန်း-၆

အချစ်ဆိုသည်မှာ (ဖြန်ကောင်ပြောသလို) လက်ဆောင်တစ်ခုဖြစ်လျှင်လည်း အခေါက်ကို လွယ်လွယ်ကူကူပင် ဖောင်းနွမ်းဆွေးမြည့်လွယ်သည့် အပေါ်စား လက်ဆောင်ဖြစ်ပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ချစ်ဖူးငုံကို သူ ပထမဦးဆုံးမျိုးနဲ့တွေ့သည့်နေ့မှာပင် အလွန်လျှင်မြန်စွာ ဦးဝေ့ စိတ်ပျက်သွားသောကြောင့်ဖြစ်၏။

အဲဒီနေ့က သူတို့နှစ်ယောက် အင်းလျားလမ်းပေါ်က ဟင်ဘာဂါဆိုင်တစ်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။ ဆောင်းဦးဝင်ခါစရက်များဖြစ်သောကြောင့် ပိတောက်ပင်တွေ၊ စိန်ပန်းပင်တွေ၊ သစ်အယ်ပင်တွေမှာ အရွက်ခပ်စိမ်းစိမ်းတွေ ရှိုးတံပြည့်အောင် ဝေနေ၏။

မှတ်သုံရက်များအတွင်း နှီးရောသောက်ထားရသည့် သစ်ရွက်များ၏အစိမ်းရောင်မှာ လတ်ဆတ်အေးမြစွာ ချိုနေ၏။ အရောခပ်သိမ်းသည် ရှင်းသန့်သောလေပြေထဲတွင် နုးနူးညှံ့ညှံ့ စိမ်းစိုနေလေသည်။

ဇာက်က ဆောင်းဦး ပြောက်ပြန့်လေထဲတွင် ယိမ်းနွဲ့သွားကြသည့် သစ်ရွက်များဆီ ကြည့်နေရှာ လှမ်းကြည့်ရင်း...

"ကိုယ်တော့ အစိမ်းရောင်တွေထဲမှာ ဆောင်းဦးသစ်ရွက်တွေရဲ့ အစိမ်းရောင်ကို အကြိုက်ဆုံးပဲ၊ အနုညံ့ဆုံး၊ အလောက်ပဆုံး စိမ်းဖန့်ဖန့်နဲ့"

သူက ခံစားချက်အပြည့်ဖြင့် ပြောနေစဉ်မှာပင် ချစ်ဖူးငုံ၏

www.burmeseclassic.com



"ဟုတ်တယ်နော်၊ အရောင်က မုန့်လက်ဆောင်း အရောင်မျိုးလေး"

ဇက် တောင်တောင် မီလင်အောက်သွားသည်။ ဖြစ်မှဖြစ်ရလေ လောကကြီးရယ်...မင်းရဲ့ လှပနူးညံ့မှုကိုမှ မုန့်လက်ဆောင်းနဲ့ အနှိုင်းခံရတယ်လို့။

ဇက် ဘာမှ ပြောချင်စိတ်မရှိတော့။ 'ဒီလောက် အနုပညာခံစားချက်ကင်းမဲ့တဲ့ မိန်းမကိုမှ ငါက မွဲ့နွံပြီးတာကိုး...'ဟု ကိုယ့်ကိုယ်ကိုသာ အပြစ်တင်မိတော့သည်။ မဲ့ရှုံ့ရှုံ့ဖြစ်နေသော သူ့မျက်နှာကိုကြည့်၍ ချစ်ဖူးငုံက...

"မောင်...ဘာဖြစ်နေတာလဲဟင်၊ မပျော်ဘူးလား"

"ပျော်ပါတယ်"

"ချစ်ကတော့လေ ရင်တွေ အရမ်းခုန်နေတယ်...သိလား"

"အဲဒါ...သွေးတိုးဖြစ်ချင်လို့၊ ကြက်သွန်ဖြူကို များများစားနဲ့ စိမ်သောက်"

ဇက်က တမင်ရွဲ့ပြီး ပြောလိုက်၏။

"ဟယ်...မောင်က ချစ်ကိုသိပ်ပြီး ဂရုစိုက်တာပဲနော်"

သေလိုက်ပါတော့၊ ဇာတ်ပွဲထဲက မင်းသားလို ပုဆိုးစလေး ခြေမျက်စိမြင့် ခတ်တင်ပြီး ငိုချင်းတစ်ပုဒ်လောက် အော်ဆိုချင်စိတ်ပေါ်လာ၏။

ဒုတိယ စိတ်ညစ်သည့်ကိစ္စက...

"မောင်...ချစ်ကို ဘယ်တော့ လက်ထပ်မှာလဲဟင်"

ဇက်က ခေါင်းမှ ဆံပင်များကိုဆွဲကုတ်ကာ မွလိုက်ရင်း ငြီးငြူရောလေသံဖြင့်...

"ချစ်ကလည်းကွာ၊ အခု အဲ...ဟိုခင်း မောင့်အနေနဲ့ ချစ်ကို တင့်တင့်တယ်တယ်ထားနိုင်တဲ့ အခြေအနေမှ မရှိသေးတာ"

"ကြော်.....မောင်ကလည်း၊ ဘာမှ မလုပ်ဘဲ ထိုင်နေရင်တော့ ဘယ်ဖြစ်လာမှာလဲ၊ အလုပ်လုပ်ရမှာပေါ့၊ မွေးလာတည်းက လက်နှစ်ဖက်ပါလာတာ ဘာလုပ်ဖို့လဲ"

"ညာဘက်က ထမင်းစားဖို့ ဘယ်ဘက်လက်က အီးကျန်းဖို့"

www.burmeseclassic.com


စကားအပြောအဆိုကတော့ ရှေ့ဆက်ပြီး ဘယ်လိုမှ အဆင်ပြေစရာ အကြောင်း မရှိတော့။

ဇက်က ဓားမွှဲထိုးလေး ငါလာချပေးသော အအေးပုလင်းကို လှမ်းယူကာ တစ်ငုံစုပ်သောက်ရင်း တိတ်တိတ်ကလေးပင် နေလိုက်သည်။

အဲသည်မှာပင်...တတိယမြောက် စိတ်ညစ်ရသော အချက်ကို သူတွေ့ရခြင်းဖြစ်လေသည်။

ချစ်မှုးငုံက လာချပေးသော အအေးပုလင်းကို ချက်ချင်း မသောက်သေးဘဲ ပုလင်းအဝတွင် ပါလာသည့် ပလတ်စတစ်ပိုက်ချော ကလေး၏ထိပ်ဝကို လက်ညှိုးဖြင့် ဖိပိတ်ကာ ဆွဲထုတ်လိုက်သည်။

ပိုက်ထဲတွင် လေနိုကာ အချိုရည်အနည်းငယ် ပါလာ၏။

သူမက အအေးပိုက်ကို ဖောက်ထိုးထောင်က ပိတ်ထားသော လက်ညှိုးကို ဖွင့်ချလိုက်သောအခါ အထဲမှ အချိုရည်များသည် ပိုက်တစ် လျှောက် စီးဆင်းလျက် မြေပြင်ပေါ်သို့ ထွက်ကျသွား၏။

အစိမ့်ယိုကတော့ ပလတ်စတစ်ပိုက်အတွင်းပိုင်းကို အချိုရည်ဖြင့် ဆေးကြောလိုက်သည့်သဘော။

ချစ်မှုးငုံက ထိုသို့ နှစ်ခါ၊သုံးခါခန့်လုပ်နေသောအခါ ဇက် အလိုလို နှာခေါင်းရှုံ့လိုက်မိ၏။ မလိုအပ်ဘဲ အသန့်ကြိုက်ကြောင်း လုပ်လုပ်ပြ နေသည့်လူများကို သူ မုန်းသည်။

ဇက်က စိတ်ထဲမှနေ၍ ချစ်မှုးငုံကို 'ခေါ်သန့်ရှင်းကြီး' ဟု နာမည် ပေးလိုက်၏။ နောက် စိတ်အချဉ်ပေါက်လာပြီး...

"ဘာဖြစ်လို့လဲ ဟင် အအေးပိုက်ထဲ ပိုးကောင်ဝင်သွားလို့လား"

"အို...ဘယ်ပြောနိုင်မလဲ ရောဂါပိုးမွှားတွေကပ်နေရင် ကိုယ် မြင်နိုင်တာမှ မဟုတ်တာ၊ တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုတာ အဲဒီလို အသေးအဖွဲ့ကစပြီး ဂရုစိုက်ရတယ်"

အမှတ်တမဲ့ဖြင့်ပင် 'ခေါ်သန့်ရှင်းကြီး'၏ ခြေထောက်ဆီသို့ ဇက် အကြည့်က အလိုအလျောက်ရောက်သွားသည်။ သူမ၏ခြေအစုံက ရွှံ့အိုင် ထဲ နစ်လာသလိုမျိုး သနပ်ခါးတွေ ဖွက်ပေါက်လောက်အောင် အပတ်လိုက် အပတ်လိုက် လူးထား၏။

www.burmeseclassic.com



နောက်ပြီး ခြေဖျက်စိတွေက အသားမာတက်ကာ မည်းတူးနေသည်။ ဇော်...ဖျက်နာရှုံ့မဲ့သွား၏။

စေတုတ္တမြောက် စိတ်ညစ်ရသော အချက်ကတော့ သူ ဘယ်လိုမှ သည်းမခံနိုင်တော့။ ဟမ်ဘာဂါ လာချပေးသောအခါတွင် ဖြစ်၏။ ဆိုင်ကတော့ သူတို့ထုံးစံကြောင့် ဖြစ်မည်ထင်သည်။ ခက်ရင်းနှင့် ဓါးတစ်စုံတွဲကာ လာချပေး၏။

ဇော်က ခပ်လွယ်လွယ်ပင် ဟမ်ဘာဂါကို လက်ဖြင့် ကောက်ကိုင်ကာ ကိုက်ဝါးပစ်လိုက်သည်။ 'ဒေါ်သန္တာရှင်းကြီး'ကတော့ အဲဒီလိုမဟုတ်။ ခက်ရင်းနှင့်ဓါးကို အကျအန ကောက်ကိုင်လိုက်၏။ ထို့နောက် ဟမ်ဘာဂါကို လက်ဝဲဘက်လက်က ခက်ရင်းဖြင့် ထိုးစိုက်ရင်း ညာဘက်လက်က ဓါးဖြင့် လှီးဖြတ်သည်။

အတော်ပင် ဖျက်စိပါးမွေးစရာကောင်းသော မြင်ကွင်းဖြစ်၏။ ဓါးဖြင့် ဖိလိုက်သည့်အားကြောင့် ဟမ်ဘာဂါနှစ်လွှာကြားထဲတွင် ညှပ်ထားသော အသားနှင့်ဒိန်ခဲများကို ညှစ်ထုတ်လိုက်သလိုဖြစ်ပြီး ဘေးသို့ ယိုစီးကျလာသည်။ ထိုအခါ ဆက်မလှီးရဲဘဲ ရပ်လိုက်ပြန်သည်။

ဟမ်ဘာဂါကလည်း လှီးလို့မပြတ်သေး တိုလို့တန်းလန်း...။

ဒေါ်သန္တာရှင်းကြီးခမျာ လည်ကုပ်မှ ချွေးတွေပင် ပြန်လာသည်။ မရဲတရဲ လှီးလိုက်...၊ ဒိန်ခဲတွေ ယိုကျလာလိုက်...၊ ရပ်ထားလိုက်...၊ အံကြိတ်ကာ ပြန်လှီးလိုက်...၊ ချာလပတ်ယမ်းနေ၏။

ဒီကြားထဲ (ယင်ပန်းတော်ကြီး လှီးဖြတ်နေရကြောင်းကို မသိသာစေရန်) ခက်ရင်းတွေ ဓါးတွေနှင့်ပင် အလုပ်ရှုပ်နေရင်းက စကားကလည်း ဟန်မပျက် ပြောနေသေး၏။ ဇော်ကလည်း သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး အခွန်ဖြင့် မသည်။

"ချစ်က အိမ်မှာလည်း ဒီလိုပဲ စားနေကျ ထင်တယ်နော်"

"ဟုတ်တယ်မောင်ရဲ့၊ ဟင်း...ဟင်း အက်ဒီက ငယ်ငယ်လေးကတည်းက အကျင့်လုပ်ပေးထားတာလေ"

သူမက ချွေးတွေကို မသိမသာ ခိုးသုတ်ရင်း ပြန်ပြော၏။ ဇော်က...

www.burmeseclassic.com


"ဟုတ်မယ်နော်။ အဲဒါကြောင့် ကြည့်နေတာ အကိုင်အတွယ်က အတော်ကျွမ်းကျင်နေတဲ့ပုံပဲလို့"

ဖက်က ပါးစပ်ကသာ ပြောနေရသည်။ စိတ်ထဲကတော့...

"အဲဒီခက်ရင်းကြီးနဲ့ သူ့အာခေါင်ကို သူ မြန်မြန်ထိုးလိုက်ပါစေဗျာ"

ဟု ဆုတောင်းပေးနေ၏။

နောက်ဆုံး သည်းမခံနိုင်လွန်းတော့သည့်အချိန်တွင် အကျီအိတ်ထဲမှာ အစားအသောက်ဖိုး ပိုက်ဆံကို ဟိုလိုလို ဒီလိုလိုနှင့် မသိမသာ ထုတ်ကာ စားပွဲပေါ်မရှိပ်မိအောင် တင်ပြီး အဆအပုလင်းဖြင့် ဖိထား လိုက်သည်။

ထို့နောက်...ကိုယ့်ကို ဟန်မပျက် အသာကြွအောင် ထိုင်ခုံကို ဖြေးဖြေးချင်း နောက်သို့ ရွှေ့ထုတ်လိုက်၏။ ပြီးနောက်...ထိုသို့ ခပ်ကုန်း ကုန်း အနေအထားဖြင့်ပင် ခြေသံမကြားရအောင် ခြေများကို အားပြုပြီး တစ်လက်မချင်း စားပွဲမှ ခွာသည်။

ချစ်မှုန်က ဟင်းတာဂါတစ်လုံးနှင့် ဖျောက်ဘုန်းသီးရသလို ခါးတွေ ခက်ရင်းတွေနှင့် ရွှေးသံတွန့်ခြဲ အလုပ်ရှုပ်နေဆဲ။ သူ့ကို မော့မကြည့်နိုင်ဘား။

ဖက်ကလည်း အသက်ကိုပင် ပြင်းပြင်းမရှူရဲ။ နိုးကြောင်နိုးဖြင့် ငှက်ကြီးဝံပိုတစ်ကောင်၏ ခြေလှမ်းမျိုး တစ်လှမ်းချင်း တစ်လှမ်းချင်း ခြေများထောက်ကာ ချစ်မှုန်၏ ကျောဖက်ဆီသို့ တိတ်တိတ်ကလေး ကွေ့ပတ်ပြီး လျှောက်၏။

ချစ်မှုန် မမြင်နိုင်လောက်သည့်နေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဖက် ခြေကုန်သုတ်ကာ တစ်ချိုးတည်း လစ်တော့သည်။

အဲဒီကတည်းက စပြီး...

နောက်...နောင် ဘယ်တော့မှ ချစ်မှုန်ရှိရာ လက်ဖက်ရည်ဆိုင် ဘက်ဆီသို့ ဖက် တစ်ယောက် ခြေဦးမလှည့်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



•

# အခန်း-၇

သည်နေ့ နံနက် အိပ်ယာကထပြီး မျက်နှာသစ်ခါနီးတွင် ထုံးစံအတိုင်း အလွှန်အမင်း ပျင်းရိပြီးငွေနေပြန်သည်။

သွားတိုက်ဆေးများကို သွားပွတ်တံပေါ်သို့ ညှစ်တင်လိုက်ပြီးနောက် ဒီနေ့ ဘာလုပ်စရာရှိသလဲဟု စဉ်းစားကြည့်နေလိုက်သည်။

ထုံးစံအတိုင်းဆိုလျှင် ကာဖေးဆိုင် တစ်ခုခုသို့သွားမည်။ ကော်ဖီတစ်ခွက်မှာသောက်မည်။

(အကယ်၍ ထိုကာဖေးဆိုင်သည် အင်တာနက် ကွန်ယက်ချိတ်ဆက် ထားသော ကာဖေးဆိုင်ဖြစ်ပါက ကော်ဖီသောက်ရင်း ကွန်ပျူတာတစ်လုံး ရှေ့ထိုင်ကာ အင်တာနက်ထဲ ဝင်နိုင်သေးသည်။

သို့သော် အရေးကြီးသော အချက်တစ်ချက်မှာ ယနေ့သောက်မည့် ကော်ဖီသည် မနေ့က သောက်ခဲ့သော ကော်ဖီအမျိုးအစားနှင့် မတူနိုင် ဖြစ်သည်။

ဇက် က ကော်ဖီဆိုင်တိုင်းတိုင်း တစ်ခါနှင့်တစ်ခါ သောက်သော ကော်ဖီအမျိုးအစားချင်းမတူအောင် ပြောင်းလဲပြီးမှာလေ့ရှိသည်။

သူ့စိတ်ထဲတွင်(သူနှင့်ချစ်ခဲ့ဖူးသော)မိန်းကလေးများကို ကော်ဖီအမျိုးအစားများနှင့် နှိုင်းယှဉ်ကြည့်လေ့ရှိ၏။

တစ်ယောက်တစ်မျိုးစီ၊ တစ်ခွက်လျှင် အရသာတစ်မျိုးစီပင်....။

www.burmeseclassic.com



•

တစ်ချို့မိန်းကလေးတွေက မက်(စ်)ဝဲလ် (*Maxwell*) ကော်ဖီနှင့် တူသည်။ ခါးသက်ရုံသက်သက်သာရှိ၏။ ဘာအနံ့အရသာမှမရှိ။

တစ်ချို့မိန်းကလေးတွေက ကာပက်ချီနို(*Capuccino*) ကော်ဖီနှင့် တူသည် အနံ့အနည်းငယ်ကောင်းသည်။ အရသာ နည်းနည်းခါးသည်။ နေရာတိုင်းတွင် နည်းနည်းကောင်းသည်ဟု ပြော၍ရသည်။ သို့သော် ရှုသွပ်တပ်မက်ရလောက်သည့် ထူးခြားမှုမရှိ။

တချို့မိန်းကလေးတွေက အက်စပက်ဆို မက်ချီယာတို (*Expresso Machiato*) ကော်ဖီနှင့်တူသည်။ ပြင်းပြင်းရှရှ စွဲမက်သွားစေနိုင်သည်။ သို့သော် အာစွတ်ရုံလောက်သာရသည်။ နည်းနည်းကလေးမှ တကယ့်နည်းနည်းကလေးသာ...။ နောက်ပြီး ဟာသနေတွေများလွန်းသည်။ ဥပမာ.... ကော်ဖီခွက်ကို မသောက်ခင် သစ်ကြွမ်းပိုးခေါက်ဖြင့် မွှေရသည့် ကိစ္စမျိုး...။

ဒါမျိုးကျတော့ ဟိတ်ဟန်တွေ ပိုလွန်းသွားပြီဟု ဇော်ကထွေးမိ၏။

■

www.burmeseclassic.com



•

သွားတိုက်ဆေးများကို သွားတိုက်တံပေါ်သို့ ညှစ်တင်လိုက်ပြီးနောက် သူ ပထမဦးဆုံး ဖြစ်ပေါ်လာသည့် စိတ်ကူးမှာ ထိုသွားပွတ်တံကို ကောင်မလေးတစ်ယောက်ယောက်ကို လက်ဆောင်ပေးရန်ဖြစ်သည်။

ရူးကြောင်ကြောင်နိုင်သော ထိုစိတ်ကူးဖြင့်ပင် သွားပွတ်တံထိပ်များရှိ ဘရပ်ရှ် နုနုကလေးများကို အသေအချာကြည့်မိသည်။

သွားတွေကို နေ့တိုင်း လတ်ဆတ်သစ်လွင်နေအောင် လုပ်ပေးသလိုမျိုး သူ့နှလုံးသားကို နံနက်ခင်းတိုင်းမှာ အမြဲထာဝရ အသစ်ဖြစ်နေအောင် လုပ်ပေးနိုင်မည့် (သွားပွတ်တံနှင့်တူသော) ရင်ခုန်မှုတစ်ခုလောက် ရှိဖို့ကောင်းသည်ဟု သူ တွေးနေမိ၏။

■■

www.burmeseclassic.com



•

''မင်းတော့ ရူးနေပြီ ဖက်''

''ဟုတ်တယ် ငါမှိုင်းတွေနဲ့လို့ ရူးသွားတာ''

သန်းမောင်နှင့်အောင်ကြီးတို့က ဖက်၏လက်ထဲမှ သွားပွတ်တံကို ကြည့်ရင်း စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကုတ်လိုက်ကြ၏။

''နေစမ်းပါဦး...ဟောဒီသွားပွတ်တံကို ဘယ်သူ့ကို သွားပေးမှာလဲ''

''ခုထိတော့ မပြောတတ်သေးဘူးလေ ငါ ရင်ခုန်တဲ့ ကောင်မလေး တစ်ယောက်ယောက်ကို တွေ့ရင်တော့ ငါပေးဖြစ်မှာ သေချာတယ်''

''မတော်မတည့်တာတွေ မလုပ်နဲ့ ငါ့တူရား အသက်ကြီးခါမှ မင်းနဲ့ရောယောင်ပြီး ငါပါ မိုးကြိုးပစ်ခံနေရဦးမယ်''

အန်ကယ်တော်၏ တောက်ပြီ ကိုယ်ခန္ဓာကြီးကို ကြည့်ရင်း...

''အင်း...မိုးကြိုးပစ်ခံလိုက်ရလို့ ဒီရောမကိုယ်လုံးကြီး တစ်ခုလုံး မီးသွေးတုံးဖြစ်သွားရင်တော့ မှတ်ဟဲ့ မီးသွေးကလည်း ဈေးကောင်းရတာနဲ့ ဟန်ကျပြီ''

ဟု ဖက် တွေးနေမိ၏။

သို့သော် ကံဆိုးစွာဖြင့်ပင် ခေါင်းဦးကောင်းကင်ကလည်း မိုးသားတစ်ဝက်စာမျှပင် ရှိမနေ။ ခရမ်းရောင်ပျော့ပျော့လင်းနေသည့် လေပြည်ထဲတွင် ရွေ့လျားနေကြသော တိမ်လွှာဖြူဖြူတွေဆီသို့ ဖက် အကြည့်က ရောက်သွား၏။

အဲဒီ အချိန်မှာပင်...

သူ့ဘဝတစ်ခုလုံးအတွက် 'နန္ဒာဝေရည်' ဖြစ်လာမည့် 'သူမ' ကို ကောင်းကင်နှင့်အတူ တွေ့လိုက်ခြင်း ဖြစ်သည်။

သူမက တိမ်တိုက်ကလေးတစ်ခုလို အဖြူရောင် ဆွတ်ဆွတ်ဝတ်စုံ ဝတ်ထား၏။

www.burmeseclassic.com



လက်ဝတ်ရတနာ ဝတ်ဆင်ထားခြင်း လုံးဝမရှိ။ ပကတိရှင်းလင်းသန့်စင်နေသည်။ နှုတ်ခမ်းတွေက နူးနူးညံ့ညံ့ ရုပ်ထဲပြည့်ဖောင်းနေကြ၏။ မီးခိုးရောင်သမ်းသော မျက်ဝန်းအစုံတို့က သူမကို အကြင်နာတရားကြီးမားသူ တစ်ယောက်ဖြစ်မှန်း သိသာစေသည်။

သူမ၏အလှသည် သဲ့နုကြာ တင့်ကားတစ်ပင်နှင့် တူနေလေသည်။

ဇော် လက်ဖက်ရည်ဆိုင်ထဲမှ အပြင်သို့ ဘယ်ကဘယ်လိုရောက်လာမှန်း ကိုယ့်ကိုယ်ကိုပင် သတိမထားမိ...။

"ဒီမှာ...ဒီမှာ တဆိတ်လောက် ကျေးဇူးပြုပြီး"

မောဟိုက်မှုဖြင့် သူ့အသံတွေ တုန်နေသည်။ သွားမွတ်တံ တစ်ချောင်းကိုင်ကာ အပြေးအလွှားလိုက်လာသော သူ့အပြုအမူကြောင့် နန္ဒာဝေရည်က မျက်မှောင်ကုတ်ပြီး တအံ့တဩကြည့်၏။

"ကျွန်တော်...ကျွန်တော်"

ခါတိုင်းလို သူ့စကားတွေ သွက်လက်ဖျတ်လတ်မနေသောကြောင့် ကိုယ့်ကိုယ်ကို စိတ်တိုနေမိစဉ်မှာပင်...

"ကျွန်မ...ဘာများကူညီနိုင်မလဲ"

နူးညံ့တည်ငြိမ်သည့် သူမ၏ စကားလုံး ကိုယ်ခနေခါးကျကြောင့် သူ အိုးတိုးအမ်းတမ်းဖြစ်သွား၏။

"ကျွန်တော့်နာမည် ဇော်...လို့ခေါ်ပါတယ်"

(သေလိုက်ပါတော့ အရမ်းကို နိမ့်စဉ်ညံ့ဖျင်းလွန်းတဲ့ မိတ်ဆက်နှုတ်ခွန်းစကားပါပဲ) လွှတ်ခနဲ နှုတ်မှထွက်သွားသည့် စကားလုံးများကို သူ အပြေးအလွှားလိုက်ပြီး ပြန်ဖမ်းထားလိုက်သည်။

သူမ၏ မျက်နှာတင်းခနဲ ဖြစ်သွားပြီး...

"မိတ်ဆက်ရုံသက်သက်ဆိုရင်တော့ ဆောရီးပဲ ကျွန်မ စိတ်မဝင်စားပါဘူး"

သူမက ချာခနဲလှည့်ပြီး ဆက်လျှောက်သွားသည်။ ဇော် ခြေလှမ်းကျဲများဖြင့် ပြေးလိုက်သွားရင်း...

"ခဏလေး...ခဏလေး ကျေးဇူးပြုပြီး ဒီသွားမွတ်တံလေးကို ယူသွားပေးပါလား"

www.burmeseclassic.com


''ရှင်…''

သူမက နားမလည်သောမျက်ဝန်းများဖြင့် သူ့ကို ပြန်စိုက်ကြည့်နေသည်။ ဇော်က…

''ဒီသွားမွှတ်တံလေးကိုပဲ ကျွန်တော့်ရဲ့ ရည်းစားစာလို့ သဘောထားလိုက်ပါဗျာ။ ကျွန်တော်ချစ်တဲ့သူကိုတွေ့ရင် ဒီသွားမွှတ်တံလေး ပေးဖြစ်အောင်ပေးမယ်လို့ ဆုံးဖြတ်ထားလို့ပါ''

သူမ၏အကြည့်က ရုတ်တရက် ခါးသက်သက် ဖြစ်သွားသည်။ ထို့နောက် သူမ အံကြိတ်ထားသည့် နှုတ်ခမ်းထောင့်မှ ထွက်လာသော လေသံအေးစက်စက်ဖြင့်…

''လှယ်လှန်းလှချည်လား။ အဲဒီလို ပေါ့ပျက်ပျက်အချိုးမျိုးနဲ့ ကျွန်မကို ဘယ်တော့မှ လာမဆက်ဆံနဲ့၊ ဖယ်…''

ဇော်က ပန်းတစ်ဘက် အသာတွန်းပြလိုက်ရင်း…

''လှယ်ကူတာနဲ့ ပေါ့ပျက်ပျက်ဖြစ်တာ ဘာဆိုင်လို့လဲ ခက်ခက်ခဲခဲ လုပ်မှ လေးနက်မှုရှိတယ်လို့ ထင်ရင် ခင်ဗျား မှားသွားမှာပေါ့၊ စဉ်းစားကြည့်လေ အသက်ရှုတာဟာ ဘာခက်လို့လဲ လွယ်လွယ်လေးပဲ၊ ဒါပေမဲ့ ပေါ့ပျက်ပျက် ကိစ္စတော့မဟုတ်ဘူး။ ဘဝမှာ ရှင်သန်ဖို့ အသက်ရှူခြင်းဟာ အလေးနက်ဆုံးကိစ္စပဲ၊ အဲ….သဘောပေါက်ရဲ့လား မသိဘူး''

''ဘာမှ သဘောပေါက်စရာ မလိုဘူး။ ရှင်…ဖယ်ပါ။ မနှောင့်ယှက်ပါနဲ့''

နန္ဒာဝေရည် သူမ၏ရှေ့မှာ ကာဆီးထားသော ဇော်၏ ပန်းကို ရဲရဲဘင်းတင်းပင် ဆတ်ခနဲ တွန်းဖယ်ကာ ခပ်သွက်သွက်လျှောက်သွားသည်။

သူ့လက်ထဲမှ လွတ်ကျသွားသော သွားမွှတ်တံသည် နန္ဒာဝေရည်၏ နင်းခြေမှအောက်တွင် ကျိုးပဲ့သွားတော့သည်။

ဇော်….ခဏမျှငိုင်ပြီး ကျန်ရစ်၏။ နောက်….'ဘာပဲဖြစ်ဖြစ် ငါ လိုက်သွားမယ်'ဟု ဆုံးဖြတ်ပြီး ခြေလှမ်းပြင်လိုက်သောအခါ နန္ဒာဝေရည်က သူ့ရှေ့ အဝေးလှမ်းလှမ်းတွင်ရောက်နေပြီကို မြင်ရ၏။

နံနက်ခင်း အလှမ်းဆင်းချိန်ဖြစ်သောကြောင့် လူသွားလူလာလည်း အနည်းငယ် ရှုပ်ယှက်ခတ်နေသည်။

www.burmeseclassic.com


သူ့ခြေလှမ်းကို အရှိန်မြှင့်လိုက်သည်။ နန္ဒာဝေရည်ကတော့ ကန် ထရိုက်တိုက်ခန်းများဆီ တက်သည့် လှေခါးတစ်ခုပေါ် ချိုးဝင်ပျောက် ကွယ်သွား၏။

''ဟာ...ဒုက္ခပဲ''

ဟု ဇော်က အသံထွက်အောင်ပင် ရေရွတ်လိုက်မိသည်။ သူ့အမှီ လိုက်မှ ဖြစ်တော့မည်။ နို့မို့ဆိုလျှင် ဘယ်အထပ်ထိ တက်သွားမှန်းလည်း မသိရ။ ညာဘက် အခန်းထဲဝင်သွားသလားလည်း မမြင်ရနှင့် မျက်ခြေ ပြတ်သွားနိုင်သည်။

သူ အပြေးလိုက်သွားဖို့ အရှိန်ယူလိုက်စဉ်မှာပင် သူ့လက်မောင်း ကို တစ်စုံတစ်ယောက်က လာရောက်ဆွဲထိလိုက်သောကြောင့် လှည့်ကြည့် လိုက်၏။

''ဒီမှာ...ညီလေး၊ ဟောဒီဟာလေး သုံးကြည့်ပါလား''

ဂျိုးတွန်းကိုင်သော အိတ်လိုလို၊ ဆံပင်ညှပ်သမားကိုင်သော အိတ်လိုလို အနက်ရောင် သေတ္တာပြားလေးတစ်လုံး လက်မှာဆွဲထားသည့် လူတစ်ယောက်က ပုလင်းလေးတစ်လုံး လှမ်းပေးနေသည်။

ထိုသူ့ကို ဘယ်သူမှန်းလည်း ဇော် မသိ။ ဇော်က ပုလင်းလေးကို ယောင်နနဖြင့် လှမ်းယူလိုက်ရင်း...

''ဒါက...ဘာပုလင်းလဲဗျ''

''ဒါ...သမားတော်ကြီး ဆရာဆင့်ရဲ့ ဇမ္ဗူဒီပါသွေးဆေးကျော် ကြီးပါ၊ အိပ်ပျော်စားဝင်စေတယ်၊ မွေး ဝဲ ညှင်း၊ ယားနာ အကုန် ပျောက်တယ်၊ ဆံပင်ကို နက်မှောင်သန်စွမ်းစေတယ်၊ ခွေး ဘရင်ဂျီနာပါ ပျောက်တယ်၊ အားပေးသွားပါဦးလား၊ တစ်ပုလင်းမှ ငါးဆယ်တည်းပါ''

သူက စိတ်တိုတိုဖြင့် ဆေးပုလင်းကို ထိုသူ့လက်ထဲသို့ ဆောင့် ထိုးလည့်ပစ်ခဲ့ပြီး စောစောက နန္ဒာဝေရည် တက်သွားရာ လှေခါးရင်းဆီသို့ အပြေးအလွှားလာခဲ့၏။

နန္ဒာဝေရည်ကတော့ အရိပ်အရောင်မျှပင် မတွေ့ရတော့။ ဘယ် အထပ်ထိ တက်သွားတာလဲ...။

သူတွေးရင်း လှေခါးထစ်များပေါ် တစ်လှမ်းချင်းနင်းတက်ခဲ့သည်။

www.burmeseclassic.com


ပထမထပ်သို့ ရောက်လာသည်။ ဝဲယာနှစ်ခန်းစလုံး သော့ပိတ်ထား သည်ကို တွေ့ရ၏။ စုံစမ်းမေးမြန်းစရာ လူတစ်ယောက်မှမမြင်...။

ထို့ကြောင့်...သူ ဒုတိယထပ်သို့ တက်ခဲ့သည်။ ဝဲဘက်အခန်းက ပိတ်ထားသည်။ ညာဘက်အခန်းတံခါးကတော့ ခပ်ဟဟကလေးပွင့်နေ၏။ အထဲမှ စကားပြောသံများကိုလည်း ကြားရ၏။

သူ...အခန်းတံခါးအနီးသို့ မဝံ့မရဲ တိုးကပ်သွားပြီး အထဲမှ စကားသံများကို နားစွင့်ရန်ဟန်ပြင်လိုက်စဉ် ပြန်းခနဲ တံခါးပွင့်သွားသည်။ သူ လန့်သွား၏။

အခန်းထဲမှ ထွက်လာသူက သူ့ကို ဖျတ်ခနဲ မျက်လုံးတစ်ချက်ဝေ့ ကြည့်လိုက်ပြီး 'အထဲဝင်သွားပေါ့' ဟု လက်ဟန်ဖြင့် ပြောရင်း အောက်ထပ် သို့ ဆင်းသွား၏။

ဇော်...အူကြောင်ကြောင်ဖြင့် အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

''လာပါ...လာပါ။ တော်တော်ရှာလိုက်ရသေးလား''

အသားဖြူဖြူ ဝဝနှင့် လူတစ်ယောက်က ဆီးကြိုနှုတ်ဆက်လိုက် သောကြောင့် ဇော် ဘာပြောရမှန်းမသိဖြစ်သွား၏။ ထိုသူ၏ ကျောဘက် ခန်းဆီးကန့်လန့်ကာနောက်တွင်တော့ မိန်းကလေးတစ်ယောက် သဏ္ဌာန် အရိပ်ကို လှမ်းမြင်နေရသည်။ ဇော်က အလိုက်သင့် ပြန်ပြောစရာ စကား ရှာမတွေ့သဖြင့်...

''အဲ...သိပ်တော့ မရှာရပါဘူး ဟိုခင်း...ဟိုမိန်းကလေးက''

''ဪ...အဲဒါ ကျွန်တော့် တူမပါ၊ ပန်းဆိုးမြူရေ...ထွက်ခဲ့ပါဦး ဟေ့။ ဒီမှာ...ဆရာရောက်နေပြီ''

လူကြီးက အခန်းအတွင်းဘက်ဆီသို့ လှမ်းအော်ပြောလိုက်သည်။ ခန်းဆီးနောက်ကွယ်မှ မိန်းကလေးက အပြင်သို့ ထွက်လာ၏။

ဟင်...စောစောက အဖြူရောင်ဝတ်စုံနဲ့ ကောင်မလေးလည်း မဟုတ်ဘူး။ ဒီတစ်ယောက်က ကြော့ကလေး ရေနုစိုထားတဲ့ မျက်ခွက် မျိုးနဲ့...။

နုနွဲ့ဝေရှည် မဟုတ်တဲ့ အခြားတစ်ယောက် ဖြစ်နေသောကြောင့်

www.burmeseclassic.com 

"ဆ...ဆ...ဆရာကလည်း ရောက်တာ မြ...မြ...မြန်သားပဲ"

ဟိုက်...ဒီကောင်မလေးကျ စကားထစ်နေတာကိုး။ ထို စကားထစ်နေသော ကောင်မလေးက ဘာဖြစ်လို့ သူ့ကို ဆရာ ဟု ခေါ်ရသလဲ။ သူ စဉ်းစားမရ။

ထိုကောင်မလေးက ဇော်ကို မေးသည်။

"ဆ..ဆ..ဆရာဆီမှာ ကျွ..ကျောင်းတက်ချင်လို့ စ...စ စကား ထစ်တဲ့ လ...လူတွေအတွက် ဆ...ဆရာက ကျောင်းဖွင့်ထားတယ်ဆို"

ဇော် အူကြောင်ကြောင်ဖြင့်...

"ဟာ...စကားထစ်ချင်တာများ ကျောင်းတက်နေစရာ လိုသေး လို့လား။ နှုတ်တောင် ခင်ဗျား တော်တော်ထစ်နေပြီပဲ ကျွန်ုပ်ရောပေါ့"

တရုတ်မလေး မျက်နှာပုပ်သိုးညစ်ပတ်သွားသည်။ သေးမှ လှ ဖြူဖြူဝေက ဝင်ပြီး...

"မဟုတ်ဘူးလေ၊ ဆရာက စကားထစ်တဲ့ လူတွေကို မထစ် အောင်ပြုပြင်ဖို့ ကျောင်းဖွင့်ထားတာ မဟုတ်ဘူးလား"

"ဟင့်အင်း...ဘုရားစူးပါစေရဲ့၊ အဲဒီလို အလုပ်မျိုးလုပ်ဖို့ တစ်ခါမှ စိတ်မကူးမိဘူး"

"ဟင်...ဒါဖြင့် မနက်တုန်းက ဖုန်းထဲမှာ ကျွန်တော့် တူမလေး အတွက် အိမ်မှာ တစ်ယောက်ချင်း လိုက်သင်ပေးနိုင်ကော ဖြစ်နိုင်မလားလို့ မေးတုန်းက ဆရာဘာဖြစ်လို့ လက်ခံလိုက်သလဲ"

ဇော်က ခေါင်းမှ ဆံပင်များကို စိတ်ရှုပ်စွာဖြင့်ကုတ်ဖွလိုက်ရင်း...

"ဟာ...လူမှားနေပြီဗျ။ ကျွန်တော် အနက်ကသိမ်းနဲ့တစ်ခါမှ ဖုန်း မပြောဖူးဘူး။ ဘာကျောင်းမှလည်း ဖွင့်မထားဘူး"

"ဟင်း"

မနည်းကြီးတောင်းပန်ပြီး အခန်းအပြင်ဘက် ပြန်ထွက်လာခဲ့သော အချိန်တွင် သူ့တစ်ကိုယ်လုံး ချွေးများချိုချိုစီးနေပြီ ဖြစ်၏။

ဟိုက်ခနဲ လှေခါးတစ်လျှောက်လုံးမှာလည်း လူသူကင်းရှင်း နေပါသည်။ အပေါ်သို့ဆက်ပြီးတက်သွားကြည့်လိုက်သောအခါ ထပ်မံ

www.burmeseclassic.com



ကာဗော့ ဗီဒီယိုထုတ်လုပ်ရေး ရုံခန်းတခု ဆိုင်းဘုတ်ချိတ်ဆွဲ ထားသည် ကို တွေ့ရ၏။

စတုတ္ထထပ်ကာဗော့ လူနေခန်းများသာ ဖြစ်ကြပုံရသည်။ ဘာ ဆိုင်းဘုတ်မှ မတွေ့ရ။ တံခါးများကိုလည်း ပိတ်ထားကြ၏။

သူ အူကြောင်ကြောင်ဖြင့်ပင် ပြန်ဆင်းလာခဲ့သည်။

■■■

www.burmeseclassic.com


# အခန်း-၈

ကျွန်မျှုတာ Key Board ခလုတ်ခုံပေါ်တွင် လက်ချောင်းကလေးများကို တင်ထားရင်း နေ့ရှာဝေရှည် ငိုင်နေမိသည်။

သူမ၏ စိတ်တွေ ဘယ်ဆီလွင့်မျောနေပြီလဲ သူမကိုယ်တိုင်လည်း မသိတော့။

ကျွန်မျှုတာခလုတ်ခုံပေါ်ရှိ အင်္ဂလိပ်စာလုံးတွေကြားမှ ဇက်(Z) ဟူသော ခလုတ်ကလေးပေါ်သို့ အကြည့်ရောက်သွားသည်။ ဘာရယ် မဟုတ်ပါဘဲ ထိုခလုတ်ကို လက်သန်းကလေးဖြင့် အသာအယာ ဖိလိုက်မိ၏။

ဖန်သားပြင်ပေါ်တွင် ဇက်(Z) ဟူသော အက္ခရာတစ်လုံး ပေါ်လာသည်။ ထို့နောက် *Z...Z...Z...Z...Z...Z...*

သူမက လက်သန်းကို ပြန်မကြွတော့ဘဲ ဆက်၍ ဖိထားသောကြောင့် ဖန်သားပြင်ပေါ်တွင် ဇက်(Z)ဟူသော အက္ခရာများ အတန်းလိုက်စီပြီး ပေါ်ခနဲပေါ်လာ၏။

■■

www.burmeseclassic.com


ကျွန်မကို လာမကာစားပါနဲ့၊
ခုတလော...
အလွမ်းကို လူပြောများနေလို့ပါ...။

■

BURMESE CLASSIC .com

www.burmeseclassic.com



•

နောက်ဘက်မှနေ၍ သူမ၏ ပခုံးကို တစ်စုံတစ်ယောက်က လက်များဖြင့် လှမ်းတို့လိုက်သည်ကို ခံစားသိဖြင့် သိလိုက်၏။ နောက်...

"နန္ဒာဝေရည် ငိုင်လှချည်လား။ ဘာဖြစ်နေလဲ နေမကောင်းဘူးလားဟင်..."

သင်တန်းကျူတာတစ်ယောက်ဖြစ်သော သူမ၏ အခင်ဆုံး သူငယ်ချင်း မိုးမွှင်ကမေးသည်။

"ဘာမှ မဖြစ်ပါဘူး...မိုးမွှင့်ရယ်၊ ဒီနေ့ သင်တန်းကိုလာတုန်း လမ်းမှာ လူတစ်ယောက် လိုက်နှောင့်ယှက်နေလို့ ဒေါသဖြစ်နေတာပါ"

"ဟင်...နန္ဒာမျက်နှာက ဒေါသဖြစ်နေတဲ့ အမူအယာနဲ့လည်း မတူဘူး။ ဖြူမယ်ဖြူယောင်နဲ့ ညှိုးနွမ်းနွမ်း ဖြစ်နေတာပဲရှိတယ်"

မိုးမွှင်က ပြောပြောဆိုဆိုနှင့် နန္ဒာ့နဖူးကို လက်ဖဝါးဖြင့် အုပ်စမ်းလိုက်ပြီး...။

"ဟယ် နန္ဒာ...နင် နေကောင်းတယ်ဆိုတာ သေချာလို့လားဟယ်၊ နဖူးက ချွေးစေးတွေ ရွှဲပြီး အေးစက်နေတာပဲ"

"ဟုတ်ပါတယ်...မိုးမွှင့်ရယ်၊ ဒေါသဖြစ်လွန်းလို့ ရင်ထဲက တလှပ်လှပ်ဖြစ်ပြီး ချွေးစေးတွေ ထွက်လာတာပါ။ ခဏနေရင် ကောင်းသွားမှာပါ"

"ဆန်းတော့ အဆန်းသားပဲ နန္ဒာရယ်၊ ငါ့ဘဝမှာ နင်ဒေါသဖြစ်တာကို ဒီ...ပထမဦးဆုံး မြင်ဖူးတာပဲ၊ နင့်လို ဘယ်တုန်းကမှ ဒေါသမထွက်တတ်တဲ့ မိန်းကလေးတစ်ယောက်ကို ဒီလိုဖြစ်အောင် နှောင့်ယှက်တယ်ဆိုကတည်းက အဲဒီလူ ဘယ်လောက်လွန်သလဲဆိုတာ ငါမှန်းကြည့်လို့ရတယ်၊

မဖြစ်ဘူး မဖြစ်ဘူး၊

နှင်းအတွက် ကြိုငိုပယ်ရ် စိတ်ညစ်နိုင်းမှုဖြစ်မယ်''

''အို...နေပါစေ မိုးမှင်းရယ်၊ ငါ့အတွက်နဲ့...''

''ဘာမှ နေပါစေစေတွေ၊ ဘာတွေ လုပ်မနေနဲ့၊ ပြဿနာဆိုတာ ကြိုတင် ကာကွယ်နိုင်ရင် ကာကွယ်၊ မကာကွယ်နိုင်လို့ ဖြစ်လာပြီဆိုရင် နောက်တစ်ခါ အခွင့်အရေးဆိုတာ မရှိအောင် အပြတ်ရှင်း၊ ဒီနှစ်နည်းပဲ ရှိတယ်၊ ကဲ...ဘယ်နည်းကို ရွေးမလဲ၊ ရဲရဲတင်းငြီး အပြတ်ရှင်းမလား''

နနွှာ နှုတ်ခမ်းတွေ လေးလံသွားသည်။ ထို့နောက် သူမက တွန့်ဆုတ်တွန့်ဆုတ်ဖြင့်...

''အို...သူ့ နောင့်ယှက်တာက ဟို...ဟိုဟင်း သိပ် ဆိုးဆိုးရွားရွား ကြီးတော့ မဟုတ်ပါဘူး''

''ဘာ...နှင်က ခွင့်လွှတ်ချင်သေးတယ်ပေါ့ ဟုတ်လား နနွှာ... နေစမ်းပါဦး၊ အဲဒီလူကို နှင်သိသလား''

မိုးမှင်း၏ မေးခွန်းကြောင့် နနွှာ ခေတ္တကြာအောင် ငိုင်နေမိ၏။ ပြီးမှ အသာအယာ ခေါင်းညိတ်ပြလိုက်သည်။ မိုးမှင်းက တအံ့တဩဖြင့်...

''ဟင်...အဲဒီလူက...ဘယ်သူလဲ''

နနွှာ ကသောက်မြင်းတစ်ချက်ရှိုက်ရင်း...

''အဲဒီလူက အတွေရာ သချ်ာမှုဌာနထဲက (ရ)သို့မဟုတ်(မ) ဆိုတဲ့ ကိန်းရှင်တစ်လုံးပေါ့၊ သူက ဖြစ်နိုင်ချေအမျိုးမျိုး ပြောင်းလဲတတ်တယ် လေ၊ ဒါပေမဲ့...သူ့မှာ ဘာအဓိပ္ပာယ်မှတော့ မရှိဘူး''

မိုးမှင်းက...စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကိုခါယမ်းလိုက်ပြီး...

''အဆန်းပဲ၊ အဲဒီလိုလူမျိုး ငါတစ်ခါမှ...မတွေ့ဖူးဘူး၊ နားလည်း မလည်ဘူး၊ နည်းနည်းလောက် ရှင်းပြစမ်းပါဦး၊ နနွှာရယ်''

''နှင်...တီဗီမှာ လိုင်းတစ်ခုကို Channel ကြည့်နေရင်း ငြီးငွေ့ လာတဲ့အခါ ရီမုတ်ကွန်ထရိုက ခလုတ်ကိုနှိပ်ပြီး တခြားလိုင်းတစ်ခုကို ဖျတ်ခနဲ ပြောင်း ပြောင်းပစ်လိုက်တယ် မဟုတ်လား...မိုးမှင်း၊ အဲဒီလို Channel လိုင်းတွေ ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းပစ်တာကို ဘာလို့ခေါ်သလဲ နှင်...သိလား''

www.burmeseclassic.com



လေ..၂ ဘာဖြစ်လို့လဲ...နန္ဒာရဲ့''

''အဲဒီလူ နာမည်ကလည်း ဇက်(Z)တဲ့၊ သူကလည်း စိတ်ကို ဖျက်ခနဲ့ဖျက်ခနဲ ပြောင်းပစ်တတ်တဲ့ လူမျိုးပဲ''

''ဘုရားရေ...အဲဒီလိုလူမျိုးနဲ့မှ နင်ဘယ်လိုလုပ်ပြီး မိတ်ဆွေ ဖြစ်ရတာလဲ နန္ဒာရယ်''

စိုးရိမ်ပူပန်စွာဖြင့် ပြောနေသော မိုးမွှန်၏ မျက်နှာကို ငေးနေမိရာမှ အကြည့်ကို အဝေးဆီသို့ လွှဲလိုက်ရင်း...

''အင်တာနက် Chat-siteထဲမှာ စကားပြောရင်း မိတ်ဆွေ ဖြစ်သွားကြတာပါ၊ ဒါပေမဲ့ ငါကပဲ သူ့ကိုသိတာ၊ သူက ငါ့ကို နာမည်ဝှက် ကလွဲလို့ ဘယ်သူဘယ်ဝါမှန်း သိတာမဟုတ်ဘူး၊ သူသိထားတဲ့ ငါ့ နာမည်ဝှက်က 'မိုးနှံ့ကောင်'တဲ့''

■■

www.burmeseclassic.com


*

ည ၉နာရီ ၂၀မိနစ်…။

အိပ်ခန်းထဲရှိ ကွန်ပျူတာရှေ့တွင် ထိုင်နေရင်း နန္ဒာဝေရှည် စိတ်ချောက်ချားနေမိသည်။ Key Board ခလုတ်များပေါ် တင်ထားသည့် သူမ လက်ချောင်းကလေးတွေ တုန်ယင်နေလေသည်။

ကွန်ပျူတာမျက်နှာပြင်ကို သူမ…စေ့စိုက်ကြည့်နေစဉ်မှာပင် ဇော် ပေးပို့လိုက်သည့် စကားလုံးတွေ ဝင်ရောက်လာလေသည်။

"ဖိုးနန္ဒာဝင်ရေ…ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြရဦးမယ် သိလား။ ဒီနေ့…ငါ မိန်းကလေးတစ်ယောက်ကို တွေ့တယ်။ ကိုယ့်ကိုယ်ကို မယုံကြည်နိုင်စရာကောင်းလောက်အောင် ဖြစ်သွားရတဲ့ ခံစားချက်ပေါ်လာတယ်။ အဲဒါဘာလဲဆိုတော့ မိန်းကလေးရဲ့ နှုတ်ခမ်း ထူထူတစ်စုံက ငါ့ကို ကြောက်စရာကောင်းလောက်အောင်ကို အရူးအမူး ဖြစ်သွားစေတယ်"

သူ့စကားလုံးတွေကို ဖတ်ရင်း နန္ဒာ နှုတ်ခမ်းကို တင်းတင်းစိကိုက် ထားလိုက်မိသည်။ ဪ…ကြောက်စရာကောင်းသတဲ့လား။ ဘယ်သူက ကြောက်စရာကောင်းနေတာလဲ။ ကျွန်မရဲ့ နှုတ်ခမ်းတွေကလား။ ရှင့်ရဲ့ အပြောင်းအလဲမြန်တဲ့ စိတ်ကလား။ ကဲ…ပြောစမ်းပါဦး။

နန္ဒာက တုန်ယင်နေသည့် လက်ချောင်းများဖြင့်ပင် Key Board ခလုတ်များကို တို့ထိလိုက်သည်။

"တကယ် အရူးအမူးဖြစ်တာ သေချာလို့လား…ဇော်၊ တစ်စုံ တစ်ယောက်ကို အရူးအမူး ခံစားကြည့်ချင်လို့ မင်းဖာသာမင်း လှောင်ကျွန်ခန်း ဝင်ကြည့်နေတာကော မဖြစ်နိုင်ဘူးလား"

"အိုကေ…မင်းသိပ်တော်တယ် ဖိုးနန္ဒာဝင်၊ မင်းပြောသလို

www.burmeseclassic.com


တိတိကျကျ ခန့်မှန်းနိုင်ရတာလဲ''

ဇော် ထံမှ ပေါ့ပေါ့ပါးပါး ထွက်ပြန်လာသည့် စကားလုံးများကြောင့် နန္ဒာ့စိတ်ထဲမှာ နာကျင်လာသည်။ ဘာကြောင့်...

''ခန့်မှန်းတာမဟုတ်ဘူး။ သိနေတာ။ မင်းဟာ တစ်ကိုယ်ကောင်း ဆန်တဲ့လူဆိုတာ ငါသိနေတယ်။ မင်းရဲ့ ထွက်ပေါက်မဲ့နေတဲ့ နေသားတကျ ငြိမ်ဝပ်မှုကို ဖြေဖျောက်ဖို့ မိန်းကလေးတွေကိုလိုက်ပြီး ကစားကြည့်နေတာ သက်သက်ပဲမဟုတ်လား။ ဒါကို ရင်ခုန်တယ်လို့...မင်းကိုယ်မင်း မြှန်ညာ နေတယ်၊ တကယ်တော့ မင်းလိုလူမျိုးမှာ အချစ်ဆိုတာ မရှိနိုင်ဘူး။ ရှိရင်လည်း ကိုယ့်ကိုယ်ကို မြတ်နိုးတဲ့ အတ္တကြီးမှုပဲရှိမယ်၊ ငါကတော့ အတ္တကြီးတဲ့လူတွေကို လုံးဝသဘောမကျဘူး''

''ရေရေလည်လည် မှတ်တယ်...ပိုးနှံကောင်ရေ အဲဒီအချက် ကတော့ မင်းနဲ့...ပိုးကောင်မလေးရဲ့ စိတ်နေစိတ်ထားချင်း သွားတူနေပြီ ငါ ကောင်မလေးကလည်း အတ္တကြီးတာကို သဘောမကျဘူးလို့ သိရတယ်''

အောင်မယ်...'ပိုးကောင်မလေး' ဆိုပါလား။ ဇော်၏ စီးစီးပိုးပိုး တစ်ဘက်သတ်ဆန်သော ခေါ်ဟာရကိုကြည့်ပြီး နန္ဒာ 'တက်' ခေါက် လိုက်မိသည်။

ထို့နောက်...စကားလုံးတွဲများကို အလျှင်အမြန် မှတ်နိုင်လိုက်၏။

''နေပါဦး။ အဲဒီကောင်မလေးက အတ္တကြီးတာကို သဘော မကျဘူးလို့ ပြောရအောင် မင်းက သူ့အကြောင်း ဘယ်လောက်သိထား ပြီလဲ...ဇော်''

''ဒီနေ့ တစ်နေ့လုံး ငါ့သူငယ်ချင်းတွေရဲ့ အကူအညီနဲ့ စုံစမ်း လိုက်တာ နည်းနည်းပါးပါးတော့ သိလာပြီ ပိုးနှံကောင်၊ သူ့နာမည်က နန္ဒာဝေရည်တဲ့။ ငါတို့မျက်နှာချင်းဆိုင်ရပ်ကွက်က မြို့မှာ သူ့အဒေါ် တစ်ယောက်နဲ့အတူနေတယ်၊ ကွန်ပျူတာသင်တန်းတစ်ခုမှာ နည်းပြ လုပ်နေတယ်။ ပြီးတော့ သူ့ဝါသနာက မြူဇစ်ရှိသောတယ်၊ သနားကြင်နာ တတ်တယ်၊ ကလေးတွေကို နှစ်သက်တယ်...စသဖြင့်ပေါ့၊ သူ့ရဲ့ စိတ်နေ စိတ်ထားနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ရနိုင်သလောက် ရအောင်ယူထားနိုင်ပြီ''

www.burmeseclassic.com



"အဲဒီကောင်မလေးရဲ့ စိတ်ဓါတ်က မင်းနဲ့ဆန့်ကျင်ဘက်ပဲ မဟုတ်လား...ဖော်၊ ငါ လောင်းရဲတယ်"

ထိုစကားကို နမ္မာဂုဏ်ယူစွာဖြင့် မှိုက်နှိုင်ပေးမိုလိုက်၏။ တစ်ဘက်မှ ဖော်က...

"ငါ့မှာ ဆုံးဖြတ်ပိုင်ခွင့်ရှိနေပါသေးတယ်၊ ငါကတော့...ဖော်ဝီ ဒါဒါကို ကြိုက်တယ် (တစ်ခါတလေ ဘီယာနဲ့ဘရန်ဒီရောစပ်ပြီး 'ရှုန်ဒီ'လုပ် သောက်တတ်တယ်) ဖော်သောစတုတ်ထိုး ကြိုက်တယ် Green Day သီချင်းတွေ ကြိုက်တယ်၊ ခရမ်းရောင်ကို ကြိုက်တယ် 501 ဂျင်းဘောင်းဘီကို ကြိုက်တယ်၊ ရှုန်းမရှိတဲ့ ဒွယ်တော်မှင်ဖြူဖြူတွေကို ကြိုက်တယ်၊ ငါ အမုန်းဆုံးအရာတွေကတော့ ဘားပေါက်ဆေးနံ့ရယ်၊ သူများ အတင်း ပြောတတ်တဲ့လူရယ်၊ ကြွက်သေကောင်ပုပ်ရယ်...

မင်းကော ဘာတွေကြိုက်တတ်သလဲ...မိုးနှံ့ကောင်"

"ငါကတော့ ဘောလုံးပွဲထဲမှာ အလွှဲလွှဲအချော်ချော်ကန်နေတဲ့ ဘောလုံးသမားကို စောင့်ကြည့်ရတာ ကြိုက်တယ်"

"ဘာဖြစ်လို့လဲ"

"အဲဒီလို လူမျိုးက သမားရိုးကျ ဘောလုံးပွဲတစ်ခုကို ခံစားမှု ပုံစံအသစ် ဖြစ်သွားအောင်လုပ်ပေးလို့"

ဟု သူက ပြောလိုက်သောအခါ ဖော်ထံမှာ ချက်ချင်းတုံ့ပြန်မလာ။ အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"မင်းပြောတာ ငါနားမလည်ဘူး...မိုးနှံ့ကောင်"

"ဘောလုံးသမားတစ်ယောက်ဟာ ဘောလုံးကို ဂိုးထဲဝင်အောင် ကန်သွင်းလိုက်တာ ဘာဆန်းလို့လဲ၊ အဲဒါ...သူလုပ်ရမယ့် အလုပ်ကို လုပ်လိုက်တာပဲ၊ ဒါပေမယ့် ဘောလုံးသမားဟာ ဂိုးရှေ့တည့်တည့် ရောက်နေပါလျက်နဲ့ အပြင်ဘက်ကို ကန်ထုတ်လိုက်တယ်ဆိုရင်တော့ ဒါဟာ အသစ်ဖြစ်သွားပြီ"

"ရှင်းပြတဲ့အတွက် ကျေးဇူးပဲ...မိုးနှံ့ကောင်၊ ငါလည်း မင်းလိုပဲ 'အသစ်'တွေကို တန်ဖိုးထားတယ်၊ နမ္မာဝေရှည်ဟာ ငါ့အတွက် ဂိုးအပြင် ဘက်ကန်ထုတ်လိုက်ရတဲ့ ဘောလုံးတစ်လုံးဟာ

www.burmeseclassic.com



ငါ့အတွက် 'အသစ်'ဖြစ်တယ်၊ အဲဒါနဲ့ပါတ်သက်လို့ မင်းမှာ ငါ့ကို ဘာများ အကြံပေးစရာရှိသေးလဲ...မိုးနဲ့ကောင်''

''တစ်ခုပဲ အကြံပေးချင်တယ်၊ မင်း သူ့ကို ထပ်ပြီး ချဉ်းကပ်ဖို့ လုံးဝ မကြိုးစားပါနဲ့တော့''

ထိုနောက် သူမ Chat-siteထဲမှ ထွက်လိုက်သည်။ ကွန်ပျူတာကိုပိတ်ပြီး အိပ်ယာပေါ်လှဲချလိုက်သည့်အချိန်တွင် ည၏ သစ်ရိပ်တွေ အားလုံး လရောင်ဖြင့် စိုစွတ်အေးမြနေပြီဖြစ်သည်။

သို့သော်...သူမ အိပ်မပျော်။

■■■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၅

နံနက်ခင်းဝေဝေပြည့်ထဲတွင် သနပ်ခါးပန်းရနံ့တွေ အငွေ့ရောင် သန်းနေသည်။ နေရောင်ခြည်နွေးနွေး တို့ထိသားသော ခြံဝင်းတံခါးကို တွန်းဖွင့်ကာ လမ်းမပေါ်သို့ ခြေချလိုက်သည်နှင့် တစ်ပြိုင်နက်…

''ဟော…အန်တီနန္ဒာ လာပြီဟေ့''

''အန်တီဒါ…အန်တီဒါ…အလုပ်သွားတော့မလို့လား''

''ညနေကျရင် သားတို့ကစားဖို့ မုန့်ပေါင်းလေးတွေ ဝယ်လာ ခဲ့နော်''

''အန်တီနန္ဒာ…ဒီနေ့နောက်ကျတယ်နော် သမီးတို့တောင် မနက် အစောကြီး မုန့်စားပြီးသွားပြီ''

လမ်းထဲတွင် ဆော့ကစားနေသော ကလေးများက နန္ဒာဝေရှည် ဆီသို့ ရုပ်ဖြူဖြူးလာကြပြီး ငှက်ကလေးတွေလို တစာစာပြောကြ၊ နှုတ်ဆက်ကြ၊ မေးကြသည်။

နန္ဒာဝေရှည်က ကလေးများကို ပြန်နှုတ်ဆက်ရင်း…

''အေးပါကွယ်၊ ဒီနေ့ညနေ အလုပ်ကပြန်လာရင် မုန့်ပေါင်းလေး တွေ ဝယ်လာခဲ့မယ်…ဟုတ်ပြီလား''

အမြဲတမ်းလိုလိုပင် ကျွန်မ တာဝန်ဆင်းမှ ပြန်လာတိုင်း ကလေး တွေအတွက် မုန့်ဖြစ်စေ၊ ကစားစရာဖြစ်စေ တစ်ခုမဟုတ်တစ်ခု ဝယ်

www.burmeseclassic.com



ထိန်းသိမ်းထားခြင်း ဖြစ်ပါသည်။

ဧနေ့ တနင်္ဂနွေ အားလပ်ရက်များတွင်လည်း လမ်းထဲမှ ကလေးများကို ခေါ်၍ စာသင်ပေး၏။ ကလေးတွေကလည်း နန္ဒာ့ကိုချစ်ကြသည်။ သူမ၏အကြင်နာ၊ ကရုဏာ မျက်ဝန်းအောက်တွင် ပျော်ရွှင်ကြ၏။

မနက်...မနက် နန္ဒာဝေရည် အလုပ်သွားတိုင်း ကလေးတွေ ဝိုင်းအုံကာ လမ်းထိပ်အထိ လိုက်ပို့ကြသည်။ ညနေပြန်လာပြီဆိုလျှင်လည်း လမ်းထိပ်မှ ဆီးကြိုကာ အိမ်အထိ တစ်အုံတစ်မကြီး ပါလာတတ်ကြ၏။

အခုလည်း...နန္ဒာဝေရည့်လက်ထဲမှာ ဗိုင်တွဲနှင့်ပိုက်ဆံအိတ် စာအုပ်များကို ဝိုင်းသယ်ကာ လမ်းထိပ်ဆီသို့ တစ်ပြုံကြီး လိုက်ပါလာကြ၏။

"သမီး...တုံတုံရေ၊ အန်တီ ပိုက်ဆံအိတ်ပေးပါဦး။ ရှေ့က အလှူခံရှုပ်ကျရင် အလှူငွေထည့်ရအောင်"

"ဟုတ်ကဲ့...အန်တီ"

နန္ဒာဝေရည်က ပိုက်ဆံအိတ်ကို လှမ်းယူပြီးဖွင့်ကာ ငါးဆယ်တန် တစ်ရွက်ကို ထုတ်ယူလိုက်၏။ ထိုစဉ်မှာပဲ သူမ၊ နံဘေးဆီသို့ လူရိပ်တစ်ခု တိုးဝင်လာမှုနှင့် မျက်ဝန်းထောင့်မှာ ဖျတ်ခနဲ မြင်ရသောကြောင့် မော့ကြည့်လိုက်၏။

ဟင်...ဇော်....

အသံမထွက်ဘဲ သူမစိတ်ထဲမှာ ရေရွတ်ခေါ်ငင်လိုက်သည်။ ဇော်က ကလေးတွေကြားမှ တိုးဝှေ့ကာ နန္ဒာဝေရည့်အနီးသို့ ကပ်ရပ် ကြိုးစား၍ လာနေ၏။

သူမ၏ရင်ခုန်သံကို ဦးနှောက်၏ အချက်ပြ အန္တရာယ်သတိပေး ခေါင်းလောင်းသံက လွှမ်းမိုးသွားသည်။ နန္ဒာ...မျက်နှာကို အလိုလို တင်းထားလိုက်မိ၏။

ကလေးတွေကလည်း ဇော်ကို 'ဘယ်လိုလူကြီးမှန်းလည်း မသိဘူး။ အန်တီနန္ဒာ့နားကို အတင်းလိုက်ကပ်နေတာပဲ' ဟု အဓိပ္ပါယ်ရသည့် အကြည့်များဖြင့် ဝိုင်းကြည့်ကြ၏။

www.burmeseclassic.com


"နုနု...နုနု"

"ဘာလဲဗျ...သားတို့အနှိုက်ကို ဘာဖြစ်လို့ လိုက်ခေါ်နေတာလဲ"

ခပ်ရွှာရွှာ ကလေးနှစ်ယောက် သုံးယောက်က ပေတောင်းတောင်း လှမ်းမေးသည်။ ဇော်ကတော့...ကလေးတွေကို လုံးဝဂရုမစိုက်ဘဲ...

"နုနု...ကိုယ် နုနုကို နောင့်ယှက်မလို့ မဟုတ်ပါဘူး"

ကဗျာလေးတစ်ပုဒ် ရွတ်ပြချင်လို့ပါ၊ နားထောင်သွားပါနော်"

အလို...ဘုရားရေ ဓါကဗျာတွေ နှစ်သက်နှုန်းသိလို့ ဦးအကြိုက်နဲ့ မှားယောင်းနို့ ကြိုးစားနေတာပါလားဟု သူမ အထိတ်တလန့် တွေရှင်း ဇော်ကို လှမ်းကြည့်လိုက်မိသည်။

ထိုအကြည့်ကို ဇော်ကတစ်မျိုး အဓိပ္ပါယ်ကောက်မိ အားတက် သွားဟန်ဖြင့်...

"ကိုယ့်ရင်ထဲက ခံစားချက်နဲ့တူတဲ့ ကဗျာလေးတစ်ပုဒ်ပါ၊ မောင်သိန်းဇော်ရေးတာ...ကဗျာခေါင်းစဉ်က 'အမှုသည်'..တဲ့"

ဇော်က လက်ထဲမှ စာရွက်ကိုဖြန့်ကာ ပထမအပိုဒ်ကို စတင်ဖတ် လိုက်၏။

"အသက်မဟုတ်ဘဲ
နေရောင်နဲ့ ပြိုင်သတေးတဲ့
မနက်ခင်းတစ်ခုပါ...

ကျွန်တော်အရူးအမူးဖြစ်နေတာကတော့
အိပ်မက်ထဲက မျှမျှတဲ့နှာရွက်ကလေးတစ်ဖက်...ဇော်...ဇ"

"ဟာ...မီးမီးလေးကြီးကလည်း ဘာတွေလာရွတ်ပြနေတာလဲ မသိဘူး"

"အေးလေ...ကဗျာဆိုပြီးတော့ ကောင်းလည်းမကောင်းဘူး၊ ဒါတို့ ဆရာမသင်ပေးတဲ့ ကဗျာကမှ ကောင်းတာ...နော်...တဲ့တဲ့"

"အမယ်...ဒါတို့ကျောင်းမှာ ကဗျာသင်ရတယ် သိလား"

www.burmeseclassic.com



အနိုတ်ဒီဒ်ါ...သားတို့သင်ရတဲ့ ကဗျာ ရွတ်ပြမယ်သီလား ဟောဒီလို...

ယုန်ကလေးကနွားရွက်ဆောင်"
ပညာရှိယောင်ယောင်...။
ကြောင်ကလေးက..."
"ဖိုးသာထူး ဖိုးသာထွေး အလှန်ဝတ်ဖိုးသာထွေး
ဖိုးသာထွေးက ဖိုက်ရှူ..."
"နေခြည်မှာရွှေရည်လောင်း
ငါတို့စာသင်ကျောင်း..."

ကြက်ခြံမှာ ကြက်တွေ အစာတောင်းသည့် အသံမျိုး၊ နွားပေါက် ရုတ်ထဲ ခံလုံးတွေ့တည့်မြို့ ခေါက်သည့် အသံမျိုး၊ ရှည့်မွက်အောင် ရောက်တတ်ရာရာ ရှိမြိုင်းအော်ဟစ်နေသည့် ကလေးတွေကြောင့် ဖက်စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုကုတ်ရင်း ရပ်လျှက်သားကျန်ရစ်၏။

ရာနှုန်းဝေမည်းနှင့် ကလေးတစ်သိုက်ကတော့ ကျွတ်ကျွတ်ညံလျက် ကားမှတ်တိုင်ဆီသို့ သွားနေကြသည်။ သူတို့ကို ငေးကြည့်ရင်း ဖက် စိတ်ထဲတွင် ဖျတ်ခနဲ အကြံတစ်ခုပေါ်လာသဖြင့် လမ်းထိပ်ရှိ အလျှန် ဆော့ပ်ကို လှမ်းကြည့်လိုက်သည်။

အလျှန်ဆော့ပ်တွင် မိုက်ကရိုဖုန်းကိုကိုင်၍ ကြော်ငြာနေသူက ဦးတောဝေနှင့် ကျားထိုးပေါ် လက်ဖက်ရည်ဆိုင်ထိုင်ဖက် သူငယ်ချင်း ဘကြီးမိုးဖြစ်၏။

သူ ဆော့ပ်ဆီသို့ အပြေးအလွှားရောက်သွားချိန်တွင် ဘကြီးမိုးက တစ်ခေါင်းလုံးတွေးတွေးလှုပ်နေသော ဆံပင်ဖြူများကို လက်တစ်ဖက်ဖြင့် သပ်တင်ရင်း ကျန်လက်တစ်ဖက်က မိုက်ကရိုဖုန်းကို ကိုင်ကာ အသံကို ဓာတ်မင်းသားကြီးလို ဆွဲဆွဲငင်ငင်ဖြင့်...

"သာဓုပါ ခင်ဗျား သာဓုပါ ကျွန်တော်များ အကျိုးတော်ဆောင် အဖွဲ့မှ ပြောသ်...ဟုတ်ကဲ့ ဟောဒီက မောင်ကြည်ကလည်း အလျှုခေါင်ရှေ့ တစ်ဆယ်တဲ့ ခင်ဗျ၊ တကယ်ပြတ်တဲ့ တစ်ဆယ်ကျပ်ပေါ့ခင်ဗျာ၊ အခုလို လှူဒါန်းရတဲ့ အကျိုးကြောင့် သရေသတ္တာ...အဲ...ဘာပါဆိုင် သရေသတ္တာ

www.burmeseclassic.com



ဟိုခင်းဖြစ်...''

ဇော်က 'အဘာမေ့နေရှင်လည်း၊ ကျွန်တော်ပဲမြဲလိုက်တော့မယ်' ဟု ပြောပြောဆိုဆိုဖြင့် မိုက်ကရိုဖုန်းကို လှမ်းယူလိုက်ပြီး...

''နီ...ကျီ...သမ္မာသတ္တာအဖေရာပေဘူးပါခင်ဗျာ ဟုတ်ကဲ့ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့ကို ကျွန်တော် ဒီကနေ့ ရွတ်ပြချင်တာကတော့ ကျီ...နီ...မောင်သိန်းဇော်ရဲ့ 'အပူသည်' ဆိုတဲ့ ကဗျာလေးပါပဲ ကျီနီ...ကျီကျီ''

အသစ်မဟုတ်ဘဲ
နေရောင်နဲ့ပြန်သထားတဲ့
မနက်ခင်း တစ်ခုမှာပါ၊

ကျွန်တော်အရွေးအမူးဖြစ်နေတာကတော့
အိပ်မက်ထဲက...
မွှေးမြတဲ့ နားရွက်လေးတစ်ဖက်ပါပဲ၊

လောကလည်း တလှုပ်လှုပ်တိုက်နေရဲ့
နလုံးသားပေါ်မှာ နိုက်ရှာမဲ့ ကျိုးကန်းတစ်ကောင်က
တစာစာအာနေလေရဲ့
အလှမ်းတွေ မှာလန့်ကျွဲလို့...

မြင်မကောင်းအောင် ငိုထားတဲ့
တေးချွာလေးလိုပဲ သက်ဆင်းနဲ့
သိပ်တော့လည်းမဆန်းပါဘူးကွယ်တဲ့
တချွတ်ချွတ်မြည်နေတဲ့
သစ်ကိုင်းခြောက်က
မာဂဓဘာသာစကားနဲ့

www.burmeseclassic.com


ရေတံခွန်အောက်ဝင်လည်း အမိုးပါ

နလုံးသားတစ်ရပ်တောသာမြင့်တဲ့
မျှော်စင်တစ်ခုအောက်ပြီး...
ကမ္ဘာဦးအစကိုလှမ်းကြည့်လိုက်တယ်။

မိုးကို တောင်တွေရှိသူဟာကျွန်တော်ဖြစ်ရဲ့။ ။

အလျှံမလျှော့အသိုင်ဝက်ထဲမှ အချစ်ကလျှာရွှတ်သံထွက်လာသောကြောင့် ဘဝိဏဓာဇမုတ်တိုင်တွင် ရပ်နေကြသူများက 'ဘာကြောင့်တာပါလိမ့်' ဟူသည့်အဓိပ္ပာယ်ဖြင့် လှမ်းကြည့်ကြ၏။

ထိုသို့ လှမ်းကြည့်နေကြသူများထဲတွင် နုနုဝေ့ရည်၏ မျက်ဝန်းတစ်စုံကိုပါ ရှာခဲ့ တွေ့လိုက်ရသည်။

ဖော်...ပျော်သွား၏။

အဝါရောင် ဝတ်စုံကို ဆင်မြန်းထားသော မိန်းမထဲမှာ စိုပေါက်သည့် အကြည့်တစ်ချက်သည် ကမ္ဘာမြေပေါ်ရှိ သစ်ပင်အားလုံးမှာ သစ်ရွက်စိမ်းစိမ်း ခင်းသိမ်းကျနေသမျှကို အဝါရောင်သို့ ပြောင်းလဲကြကာ သွားစေနိုင်သည်ဟု ခံစားလိုက်ရ၏။

■■■

www.burmeseclassic.com



## အခန်း-၁၀

အောင်ကြီးက ဖက်ကို ကရုဏာသက်သည့်အကြည့်ဖြင့် ကြည့်လိုက်ရင်း ခေါင်းကို စိတ်ပျက်လက်ပျက်ခါယမ်းကာ...

"ကျွတ်...ကျွတ်...ကျွတ်၊ ကောင်မလေးက အခါရောင် ဝတ်ထား တယ် ဟုတ်လား။ သွားပြီ၊ အဲဒါမင်းကို အဝါကာဒ်ပြတာပဲကွ မှတ်ထား။ နောက်ဆို ပေးပေးကရှောင်တော့၊ နောက်တစ်ကြိမ် အဝါကာဒ် ထပ်အပြခံရရင်...မင်းကို ကစားကွင်းထဲက ထုတ်ပစ်လိုက်လိမ့်မယ်"

ဖက်က အသံမထွက်ဘဲ ခပ်တိုးတိုး ကျိန်ဆဲလိုက်သည်။ ဆန်းမောင်ကတော့ ရယ်ရွှင်သာရယ်ပြီး တစ်ဝိုင်းလုံးတွင် အောင်ကြီးစကား ကို အဟုတ်မှတ်ပြီး နားထောင်နေသူမှာ ဦးစောဝေတစ်ယောက်သာရှိသည်။

"ဗြော့...ဒီလိုသဘောထားကို အဝတ်အစားအရောင်နဲ့ သင်္ကေတ ပြတာ မင်းတို့ခေတ်ကောင်မလေးတွေရဲ့ အလေ့လား"

ဟု ဦးစောဝေက မေးသောအခါ အောင်ကြီးက...

"ဟုတ်လိုက်လေ...အနက်ရောင် ကြည့်စမ်း...ကျွန်တော်တို့ ပေါင်းပြီး အနက်ရောင်ဝတ်ထားတော့ တော်တော်တိုးတက်နေပါလား"

ဦးစောဝေက သွားဖြဲကာ တဟီးဟီးရယ်ရင်း...

"အေးကွာ...တက်လမ်းမှန်တယ် ဆိုရမှာပေါ့"

"တက်လမ်းမှန်မှန်ပြစ်မယ် အနက်ရောင် တက်လမ်းမှန်ရင် ပိုက်ဆံ

www.burmeseclassic.com



"ဘာကွ"

ဆန်းမောင်က ဝင်ပေါက်လိုက်သောကြောင့် ဦးစောဝေ အူကြောင်ကြောင် ဖြစ်သွားပြီး ပြန်မေးသည်။ ဆန်းမောင်က မကြားချင် ယောင်ဆောင်ရင်း ဇော်ဘက်သို့ လှည့်၍...

"ကဲ...မင်းရဲ့ နောက်ထပ် အစီအစဉ်က ဘယ်လိုလဲ...ဇော်"

"အဲဒီကိစ္စကို အခုပဲ မင်းတို့နဲ့ တိုင်ပင်မလို့..."

ဇော်က ပြောပြောဆိုဆိုဖြင့် လက်ထဲမှ သတင်းစာကို ဖြန့်ပြီး ကြော်ငြာ စာမျက်နှာဆီသို့ လှန်လိုက်သည်။ သူ လက်ညှိုးဖြင့် ထောက်ပြသည့် ကြော်ငြာက...

"

ဝန်ထမ်းအလိုရှိသည်

မြမြင့်မိုရ် ကွန်ပျူတာသင်တန်းတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများ၌ ခန့်ထားရန် ကိုယ်ရေးရာဇဝင် ဓာတ်ပုံ လျှောက်ထား အလုပ်သမားမှတ်ပုံတင်မှုရင်းတို့နှင့်အတူ လျှောက်ထား နိုင်သည်။

*Graphic Designer* (၁)ဦး

သန့်ရှင်းရေးအလုပ်သမား (၁)ဦး

အတွေ့အကြုံရှိသူကို ဦးစားပေးခန့်ထားမည်။ "

အောင်ကြီးက ကြော်ငြာကို ဖတ်ပြီးနောက်...

"မြမြင့်မိုရ် ကွန်ပျူတာသင်တန်းဆိုတာက မင်းရဲ့ချစ်သူ စန္ဒာဝေရှည် အလုပ်လုပ်နေတဲ့ သင်တန်းလား"

"အေး"

"ဪ...ဪ...၊ ငါသဘောပေါက်ပြီ မင်းက အဲဒီသင်တန်း ကိုသွားပြီး Graphic Designerအလုပ်ရအောင် လျှောက်တော့မယ် ပေါ့...ဟုတ်လား"

ဇော်က 'ကဲ...ငါ့အကြံကိုင်တယ် မဟုတ်လား' ဟု ဂုဏ်ယူသည့် အမူအယာဖြင့် လက်မကို ရင်ဘတ်ရှေ့ထောင်ပြီး ဆတ်ခနဲ ရင်ကိုကော့ လိုက်ရာ ဦးစောဝေက မြင်သွားပြီး ...

www.burmeseclassic.com


"ဟင်...ဘာဖြစ်သွားတာလဲ၊ လုပ်ကြပါဦး။ ဖိုးတုလေး နိုက်ထဲက လေအောင့်လို့ထင်တယ် ခါးကိုကော့သွားတာပဲ"

"ဟာ....ဦးလေးကလည်းရှား ကြံကြံဖန်ဖန်"

"မသိဘူးလေကွာ...၊ ငါက...စိတ်မှုလို့ပြောတာပါ။ ဒါနဲ့...မင်းကကော အလုပ်လျှောက်မယ့်ကိစ္စပြောနေရင်း ဘာဆိုင်လို့ ခါးက ကော့လန်ကော့လန် ဖြစ်သွားရတာလဲ"

"ဟဲ...ဟဲ တက်ကြွတဲ့ သဘောတွေပေါ်ဦးလေးရယ်"

"အင်း...ကြည့်လည်း လုပ်ပါဦးကွ၊ မိဘတွေကို လုပ်ကျွေးဖို့ဆိုရင်တောင် ဒီလောက် တက်ကြွမှာမဟုတ်ဘူး။ သေရင်တော့ နတ်ပြည် ရောက်ဦးတော့မှာပဲ"

မျက်နှာကြီးကို ရှုံ့မဲ့ကာ ပြောလိုက်သော ဦးစောဝေ၏ စကားကြောင့် ဇော်က မအီမလည် ဖြစ်သွားပြီး ခေါင်းကိုကုတ်နေမိ၏။ အတန်ကြာမှ...

"ကိစ္စမရှိပါဘူး ဦးလေးရယ်၊ နတ်ပြည်မသွားရလည်း နတ်ကနွားမွဲပဲ သွားလိုက်တော့မယ်"

ဟု လေသံဖြင့် ခပ်တိုးတိုးလေး ပြောလိုက်သည်။

■■■

www.burmeseclassic.com

www.burmeseclassic.com



*

# အခန်း-၁၁

မြမြင့်မိုရ်ရဲ့ ကွန်ပျူတာသင်တန်းခန်းမတွင်းသို့ နုနုဝေရည် ဝင်လိုက်သောအခါ မိုမွှင့်တစ်ယောက်တည်း လျှောက်လွှာများကို စိစစ်ရင်း အလုပ်များနေသည်ကို တွေ့ရသည်။

နုနုကို တွေ့တွေ့ချင်း မိုမွှင့်က ညည်းပြော့ပြောသည်။

''ရာရာလျှောက်လွှာတွေကလည်းဟယ် Graphic Designer အတွက် လျှောက်တာချည်းပဲ၊ သန့်ရှင်းရေးလုပ်မယ့် လူတော့မရှိဘူး''

နုနုက လျှောက်လွှာစာရွက်ထပ်ကို ငုံကြည့်ရင်း...

''အေးလေ...လျှောက်လွှာတွေကလည်း များလိုက်တာ၊ ခန့်မှာက တစ်ယောက်တည်း။ အခု လျှောက်လွှာဝင်ထားတာက ဘယ်နှစ်ယောက် တောင် ရှိနေပြီလဲ''

''ခုနှစ်ဆယ်ကျော်ပြီဟ၊ ငါလည်း မျက်စိညောင်းတာနဲ့ အားလုံး တောင် မဖတ်ကြည့်နိုင်ဘူး။ ရော့...ဒီမှာကြည့်''

နုနုက လျှောက်လွှာစာရွက်များကို လှမ်းယူရင်း...

''ဒီနေ့...အင်တာဗျူးလုပ်မှာဆို၊ အန်ကယ်ကော ရောက်ပြီလား''

''မရောက်သေးဘူး နုနုရဲ့၊ ရောက်ရင်လည်း၊ သူက ဟန်ပြ လောက်ပဲထိုင်ပြီး တို့နှစ်ယောက်ပဲ မေးမြန်းရမှာဝင်တာပေါ့၊ အန်ကယ်က ဒီလောက် နားလေးတဲ့ဥစ္စာ ဘယ်လိုလုပ်ပြီး အင်တာဗျူးလုပ်လို့ရမှာလဲ''

www.burmeseclassic.com


မှာ မိုးမွှင့်၏ ဦးလေးအရင်းဖြစ်၏။ ရွှေဘိုတွင်ရှိသော မိုးမွှင့်၏ဖခင် ဦးအောင်ဖေနှင့် ညီအစ်ကို တော်စပ်သည်။ ဦးအောင်ဖေမှာ နားအလွန်လေးသူ ဖြစ်သောကြောင့် တော်ရုံတန်ရုံနှင့် ပြောရေးဆိုရေးကိုမှ ရှိလျှင် မိုးမွှင့်နှင့်နန္ဒာဝေရည်ကိုသာ မျက်နှာလွှဲထားလေ့ရှိသည်။

"ဟဲ...ဟဲဟဲ မိုးမွှင့်၊ အန်ကယ့်အခန်းကို သွားရှင်းထားရအောင်၊ ရှေ့ကျောက်လှည့်ရှာတွေ့ကိုလည်း၊ အန်ကယ့်စားပွဲပေါ်မှာပဲ တင်ထားလိုက်မယ်လေ"

နန္ဒာဝေရည်နှင့်မိုးမွှင့်တို့ ခန်းမထဲမှ ထွက်ခဲ့ကြသည်။ စင်္ကြန်အတိုင်းလျှောက်လျှင် သင်ကြားရေးခန်းမ A-3နှင့်ကပ်လျက်က နန္ဒာ့အခန်း A-4ဖြစ်သည်။ ထို့နောက်မှာ မိုးမွှင့်၏အခန်းက A-5။ မျက်နှာချင်းဆိုင်တွင် သင်တန်းအုပ်ချုပ်သူ M.Dဦးအောင်ဖေ၏ အခန်းနှင့် အခြား သင်တန်းဆရာ/ဆရာမများ၏ အခန်းတို့ အတန်းလိုက် တည်ရှိ၏။

အစွန်ဆုံး A-1က ကိုယ်လက်သန့်စင်ခန်း(အိမ်သာ)ဖြစ်သည်။ နန္ဒာက M.D၏ အခန်းကိုဖွင့်ပြီးဝင်ရန် ပြင်လိုက်စဉ်မှာပင် မိုးမွှင့်က...

"ဟာ...အဖေတော်ပဲ၊ ဟိုမှာ အန်ကယ်လာပြီ"

လှည့်ကြည့်လိုက်သောအခါ စင်္ကြန်လျှောက်လမ်းအတိုင်း ကွမ်းတွေတို့ကြောင့် မည်းချိတ်နေသည့် သွားများအကုန်ပေါ်အောင် ဖြီးဖြီးဖြဲဖြဲ တက်လာသော M.D ဦးအောင်ဖေကို မြင်ရသည်။

ကွန်ပျူတာသင်တန်းတစ်ခု၏ M.D ဟု ဘယ်လိုမှ ထင်ရက်စရာမရှိသည့် အဘိုးကြီးဖြစ်သည်။ အသားကမည်းမည်း၊ အရပ်ပုပု၊ ပူထွက်နေသောဝမ်းဗိုက်က လေးရာ့ငါးဆယ်တန် အပေါ်အင်္ကျီအစွပ်ကျယ် ဝါညစ်ညစ်ထဲတွင် ကလေးမှုတ်ကွဲ့သလို လုံးလုံးလုံးလုံးနှင့် ထိုးနေ၏။ ရွှေကိုအညာဘက်တွင် ယက်သောရှည်ပုဆိုး အနီရောင် အကွက်ကျဲကျဲကို ဝတ်ထားသောကြောင့် နွားမွဲထားနှင့်တူနေသည်။ လက်တစ်ဆစ်သာသာမျှ ထောင်နေသော ဆံပင်က အဖြူရောင် ကျိုးတိုးကျဲတဲ...။

အနေအထိုင် ရုပ်ပြတ်သလောက် သဘောအလွန်ကောင်းသော ထိုအဘိုးကြီးတွင် အခက်တန် နားကျသည့် ပြဿနာတစ်ခုရှိသည်။ ယင်းမှာ နားလေးခြင်းဖြစ်၏။ အကြားအာရုံကူ(Hearing Aid)နားကျပ်တပ်ထားသည်။

www.burmeseclassic.com



ဘယ်တော့မှ စိတ်မကျ။ ထို့ကြောင့် သူနှင့်စကားပြောနေသူတိုင်း အကြီးအကျယ် စိတ်ညစ်ရသည်။

"ဟော...သမီးတို့တောင် ရောက်နှင့်နေကြပြီကိုး။ ဒြော်...ဒီနေ့ အလှုခံနေ့မယ့်သူတွေကို အင်တာဗျူးလုပ်ဖို့ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့...အန်ကယ်"

"ဟင်း...အန်ကယ်ကလည်း တခြားနေ့တွေမှာ ကောင်းကောင်းမဝတ်ချင်နေပါ၊ ဒီလို အလှုပ်သဘာခံနေ့မယ့်နေ့မှာတော့ တိုက်ပုံလေး ဘာလေးဝတ်လာမှ ကောင်းပါတယ်"

မိုးမှင့်၏ စကားကြောင့် ဦးအောင်မလ မျက်မှောင်ကုတ်သွားၿပီး၊ သူ့မှာမျှက်တစ်ဖက်ကို လက်ဝါးဖြင့် ကာရင်း....

"ဟော...ဘယ်လို ဓါတ်ပုံ ဟုတ်လား။ ဓါတ်ပုံကို ဘာလုပ်ရမှာလဲ"

"ဓါတ်ပုံ မဟုတ်ဘူး။ တိုက်ပုံ...တိုက်ပုံ၊ အန်ကယ် ဝတ်သင့်တယ်လို့ ပြောတာ"

မိုးမှင့်က အော်ပြီး ပြောလိုက်တော့မှ ဦးအောင်မလက...

"အားလေးလေး...နားကို ရှုသွားတာပဲ သမီးမအော်ပါနဲ့ဟ၊ ကြားပါတယ်၊ တိုက်ပုံ ဘာလို့ ဝတ်ရမှာလဲဟ၊ မှုရအိုက်ရတဲ့အထဲ၊ ဇာ့ဖတ်သားဝါ ရှပ်ကျယ်နဲ့ပဲ ကောင်းပါတယ်"

"ဘယ်ဟုတ်မလဲ အန်ကယ်ရဲ့၊ နေရာအချိန်အခါနဲ့ လိုက်ဖက်တဲ့ အဆောင်အယောင်ဆိုတာ လိုတယ်လေ"

"အလို...ဘုရား ဘုရား။ ဇာ့ကူကြီးကို လိုက်ဖက်တာ စောင် ရောင်းတဲ့ကောင် ဟုတ်လား။ အောင်မယ်...ဒီကောင်တယ်ဆော်ကားပါလား"

မိုးမှင့်က စိတ်ညစ်ညစ်ဖြင့် ခေါင်းကို တဖြင်းဖြင်း ကုတ်လေသည်။ နှစ္စာ အော်ဟစ်ပြီး ရှင်းပြလိုက်တော့မှပင် ဦးအောင်မလက သဘောပေါက်သွားပြီး တဟဲဟဲ ရယ်ရင်း....

"နေပါစေတော့ကွယ်၊ အင်တာဗျူးလုပ်ဖို့အတွက်များ တိုက်ပုံ အကြီးကြီး ဝတ်မနေချင်တော့ပါဘူး။ အန်ကယ်ကိုယ်တိုင်လည်း မယောအ ဖြိုးလား မလုပ်ချင်ဘူး။ သမီးတို့ပဲ စဉ်းစားပြီး သင့်တော်သလို ခန့်လိုက်

www.burmeseclassic.com


ကြွေပေတော့ ဟုတ်လား။ ကဲ…အန်ကယ် အောက်ဆင်းပြီး လက်ဖက်ရည် သွားသောက်လိုက်ဦးမယ်''

ဦးအောင်ဖေဆင်းသွားသောအခါ အခန်းထဲတွင် နန္ဒာဝေရှည်နှင့် မိုးမွှေးနှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ နန္ဒာက လျှောက်လွှာစာရွက်များကို လှန်လှောကြည့်နေရာမှ…

''တင်''

တအံ့တဩ ရေရွတ်လိုက်သည့် အသံကြောင့် မိုးမွှေးကလှည့်ကြည့်ပြီး…

''ဘာဖြစ်သွားတာလဲ နန္ဒာ''

''ဒီလူ…ဒီလူ''

တုန်တုန်ယင်ယင်နှင့် လှမ်းပေးလိုက်သော နန္ဒာ့လက်ထဲမှ လျှောက်လွှာစာရွက်ကို မိုးမွှေးက ဆတ်ခနဲ ဆွဲယူကြည့်လိုက်သည်။

| | | |
|---|---|---|
| အမည် | – | ဖက် |
| မှတ်ပုံတင်အမှတ် | – | ၉/မနမ(နိုင်)၁၁၁၀၅၂၃ |
| မွေးသက္ကရာဇ် | – | ၂၆.၈.၁၉၅၅ |
| အဖအမည် | – | ဦးမင်းဟန် |
| အမိအမည် | – | ဒေါ်ဝေယံလေး |
| နေရပ်လိပ်စာ | – | အမှတ်(၄၆/က)၊ ၂၆ဘီလမ်း၊ |
| | | ဝေသဓ လမ်းကြား၊ မန္တလေး။ |

'ဖက်'ဆိုသောအမည်ကို တွေ့လိုက်ရသောကြောင့် မိုးမွှေး မျက်မှောင်ကုတ်သွားပြီ…

''နှင်းကို လိုက်နှောင့်ယှက်နေတဲ့ လူဆိုတာ…သူ…သူလားဟင်''

နန္ဒာ တွန့်ဆုတ်စွာ ခေါင်းညိတ်ပြလိုက်၏။

မိုးမွှေး၏ မျက်လုံးများ အရောင်လက်သွားကြသည်။ သူမက နှုတ်ခမ်းကိုတွန့်၍ တစ်ချက်ပြုံးလိုက်ပြီး…

www.burmeseclassic.com


သော့တော့ သင်တန်းမှာပါ အလုပ်လာချောက်ရှင်သေးတာကို မေးမေလ... တွေ့ကြသေးတာပေါ့။ ခင်း ရောက်လာမှ...တော်ကောင်းကောင်း ပြောပြပေး လိုက်မယ်''

မိုးမွှင့်၏ ကြူးပါးသံက ရွှေတစ်ချောင်းလို ချွန်မြနေသည်။

■■

www.burmeseclassic.com



"ကျွန်တော်အလုပ်လျှောက်ထားလို့ အင်တာဗျူးဖြေဖို့ လာတာပါ။ ဘယ်ကိုသွားရမလဲ...ခင်ဗျာ"

ကြောန်ပေါ်တွင်တွေ့ရသော 'ဆရာ'ဟု ယူဆရသူတစ်ဦးကို ဇော်က တရိုတသေ မေးလိုက်သည်။ ထိုသူက...

"အေးဗျ၊ ခုချိန်ထိတော့ အင်တာဗျူးဖြေမယ့် လူတွေ တစ်ယောက်မှ မလာကြသေးဘူး။ ခင်ဗျားအစောဆုံးပဲ။ M.Dက ဘယ်လို စိတ်ကူးထားသလဲ မသိဘူး။ သူ့အခန်းကို သွားမေးကြည့်ပါလား။ ဟိုရှေ့ဒါး ထိပ်က A-1ဆိုတဲ့အခန်း။ တွေ့လား"

"ဪ...ဟုတ်ကဲ့။ ကျေးဇူးပဲနော်"

ဇော် တစ်ယောက်တည်း ယောင်တောင်တောင်နှင့် M.D ၏ အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲတွင် ဘယ်သူမှ ရှိမနေ။ M.Dဦးအောင်ပလောကလည်း လက်ဖက်ရည်သွားသောက် နေသည်။ နွားဝေရည်နှင့် မိုးမှုန့်တို့ကလည်း ကိုယ့်အခန်းကိုယ်ပြန်ပြီး သင်ကြားရေး အစီအစဉ်များကို ညှိနှိုင်းနေကြသည်။

"အင်း...ဘယ်သူမှ မသိဘဲ ဒါတစ်ယောက်တည်းဝင်လာပြီး ပြန်ထွက်သွားလို့ မကောင်းဘူး၊ ခဏကြာ ပစ္စည်းတစ်ခုခုပျောက်ရင် ငါ တာဝန်ရှိဖြစ်နေမယ်၊ ဒီမှာပဲ...ထိုင်စောင့်နေတာ ပိုကောင်းမယ်"

ဇော်က ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ထိုင်ချလိုက်ပြီး စားပွဲပေါ်တွင်တွေ့ရသော မဂ္ဂဇင်းတစ်စောင်ကို စိတ်ပြေနပြေ လှန်လှောဖတ်ရှု နေလိုက်သည်။

စားပွဲပေါ်ရှိ စင်ကလေးပေါ်တင်ထားသော ဓါတ်ဗူးထဲမှ ရေနွေးကိုလည်း ခပ်တည်တည်ဖြင့် ငှဲ့သောက်လိုက်သေး၏။

www.burmeseclassic.com


ကြက်တုံးလုံးချည်တော်ထားသော အဘိုးကြီးတစ်ယောက် ရုံးခန်းထဲသို့ ကုန်းချောင်းကုန်းချောင်းနှင့် ဝင်လာ၏။

ဖက်က ထိုလူကြီးကို တစ်ချက်လှမ်းကြည့်သည်။ အဘိုးကြီးကို ကွန်မြူတာသင်တန်းပိုင်ရှင် M.D ဦးအောင်ဖလဟု သူဘယ်လိုမှ တွေး ထင်ကြည့်၍မရ။ သူ့ရွေးရုပ်လုံးမပေါ်ပေါက်။ အလုပ်လာလျှောက်သည့် အညာသား အဘိုးကြီးတစ်ယောက်ဟုသာ ရိုးသားစွာ ထင်လိုက်မိသည်။

ထို့ကြောင့် ဖက်က...

"ဘကြီး အလုပ်လျှောက်ဖို့ လာတာလား"

ဟု လှမ်းမေးလိုက်၏။ ဦးအောင်ဖလကလည်း သူ့အခန်းထဲ ဝင်ပြီး ပိုင်စိုးပိုင်နင်းထိုင်နေသော ဖက်ကိုကြည့်ကာ 'ဤအသိထဲက တစ်ယောက်ယောက်များလား' ဟု ဇဝေဇဝါဖြင့် စဉ်းစားနေဆဲ...

ဖက် ပြောလိုက်သောစကားကို 'ဘကြီး လမ်းလျှောက်တာလား' ဟု နားလေပါးလေဖြင့် ကြားပြီး...

"ဟုတ်တာပေါ့ မောင်ရင်ရယ်။ လျှောက်ရတာပေါ့"

ဟု ရောယောင် အလိုက်သင့် ပြန်ဖြေ၏။ သူ၏ ကွမ်းချေးတွေ မည်းချိုင်နေသည့် သွားများကိုလည်း အဖြီးသားပေါ်အောင် 'တဟဲဟဲ' ရယ်လိုက်သေး၏။ သူ့ပုံစံက တော်တော်လေး ကြောင်စီစီနိုင်သည်။

ဖက်က...ဆရာကြီးအိုက်တင်ဖြင့် ခေါင်းတခေါက်ခေါက်ညိတ်ပြီး...

"ကြော်...ဘကြီးက သန့်ရှင်းရေးအတွက် ထင်တယ် ဟုတ်လား"

"ဟော...သန့်ရှင်းဟုတ်လား။ လက်ဆောင်တော့ မောင်ရင်လေး က ကျုပ်မိန်းမနဲ့ပါ သိတာကိုး။ ကျုပ် ရွှေဘိုမှာရှိကတည်းက သန်းရှင်း သုံးတာပဲ ကြာလှပေါ့"

ဖက် မျက်လုံးပြူးသွားသည်။

"ဟာ...ဘကြီး ဘာတွေပြောနေတာလဲ စိတ်မှကောင်းသေးရဲ့ လား"

"ဆိတ်မ...ဟုတ်လား။ ကြော် အဆင်း...အဆင်း...သိပြီ သန့်ရှင်းရဲ့ဘူ ဝိုးတေးနဲ့မဟုတ်လာဆောင်တာ ကိုပြူးသီး ဆိတ်မပေါ့"

"ဒုက္ခပါပဲ...ဒီအဘိုးကြီးလုပ်ပုံနဲ့၊ ငါတော့...ရူးတော့မယ် ထင်

www.burmeseclassic.com



တယ်၊ ဗျို့...ဘကြီး...ဘကြီး နားတော်တော်လေးသလား''

''ဟော...ခအေး သိပ်မအော်ပါနဲ့ကွာ၊ ငါကြားပါတယ်၊ နားလေး ပေမယ့် နည်းနည်းပါပါပါ''

''ဟာ...နည်းနည်းမို့လို့ပဲ တော်တော့တယ်''

''အေးလေ...နယ်ကလာတဲ့ လူမှန်ရင် တော်တော်ချည်းပဲကွ၊ ငါဆိုရင် ရွှေဘိုကနေပြီးတော့...''

''ခုကွပါပဲ၊ ဗျို့...ဘကြီး၊ ဘကြီးရဲ့ ရွှေဘိုကိစ္စကို ထည့်ထည့် မပြောလို့ မရဘူးလား''

''ရတော့ရတာပေါ့ မောင်ရင်ရယ်၊ ဒါပေမဲ့ သိပေသာစေ့ပေါ့ ကွယ်၊ ရွှေဘိုမှာ ခအောင်ဇေယျကလည်း ရှိသေးတယ်မဟုတ်လား''

''ရွှေဘိုက ဦးအောင်ဇေယျဆိုတာ အလောင်းမင်းတရားကြီးကို ပြောတာလား၊ သူသေတာ ကြာလှပြီပဲဗျ၊ သူ့ဟာသူ အေးအေးဆေးဆေး နေပါစေ၊ ဘကြီးက သွားမရှုပ်ချင်စမ်းပါနဲ့''

''အလောင်းဘုရားကို ပြောတာ မဟုတ်ဘူးကွ၊ ဦးအောင်ဇေယျ ဆိုတာ ငါ့ညီ၊ မောင်ရင့်ကြည့်ရတာ ရာဇဝင်ဘက်ကို တော်တော် လိုက်စားပုံရတယ်''

''အဲ...ဟိုခင်း...ဒီ''

''တဆိတ်လောက် ကျယ်ကျယ်ပြောပါလားမောင်ရင်ရယ် ကျွပ် ကောင်းကောင်းမကြားရလို့ပါ''

ဇော်က အသံကုန် ထပ်ပြောသည်။

''အဲ...ဟိုခင်း...ဒီ''

''ဟင်...မောင်ရင် စောစောကပြောတာ အဲဒီ...စကားတွေလား ဘာမှလည်း...အဓိပ္ပါယ်မရှိဘူး''

(အော်ဟစ်လျက်) ''ဘကြီးပဲ ကြားချင်တယ်ဆိုလို့ ထပ်ပြောပေး ရတာလေ''

''ဟိုး...ဟိုး...သိပ်မအော်ပါနဲ့ကွာ၊ ငါ့နားက နည်းနည်းပါးပါးပဲ လေးတာပါ''

ဇော်က စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို ကုတ်လိုက်သည်။

www.burmeseclassic.com



အဘိုးကြီးက...

''ဟော...ဒီလိုကျတော့လည်း သိပ်တိုးတွန်းသွားမြန်ပြီ၊ ဒါ... မကြားရတော့ဘူး၊ ဘာပြောတာလဲဟင်''

ဇက်...စိတ်တိုတိုဖြင့် အကျယ်ဆောင်းသုံး ဒေါ်ဟစ်ကာ...

''ဘာမှမပြောရသေးဘူး၊ ဘကြီးရေ၊ အခုမှ ပြောမလို့ စဉ်းစားနေတုန်း''

ထိုစဉ် Graphic Designer အလုပ်တာဝန်ရှာက်သည့် အသက် (၃၀)နှစ်ခန့် လူရွယ်တစ်ယောက်ကလည်း အခန်းထဲသို့ ဝင်လာခိုက်နှင့် ဆုံသွားရာ ထိုသူက ဖုဖုပျာသလဲဖြင့် ဇက်၏ လက်မောင်းကို ဆွဲကိုင်ပြီး...

''သည်းခံပါ...ညီလေးရာ၊ သည်းခံပါ၊ ဒေါသရှေ့ထားရင် မှားမှာ ပေါ့''

ဇက်က ထိုသူကို လှည့်ကြည့်ရင်း ဦးအောင်မောက် ဒေါ်ပြော နေရသောကြောင့်မယောင်ပြီး ဒေါ်ပြောလိုက်သည်။

''ခင်ဗျားက...ကျွန်တော်ကို ဘာဖြစ်လို့ လာဆွဲနေရတာလဲဗျ''

''ဟာ...အဲဒီလောက်ကြီး မဒေါ်နဲ့လေ၊ အစ်ကိုက စေတနာနဲ့ ပါ''

ဟု ပြောတော့မှ ဇက်လည်း သတိရပြီး သူ့အသံကို ပုံမှန်ဖြစ် အောင် ပြန်နှိမ့်ကာ...

''အောင်မယ်...အောင်မီ၊ ယောင်သွားလို့ဗျာ၊ နေစမ်းပါဦး၊ ခင်ဗျား ကရော...ဘာဖြစ်လို့ ကျွန်တော့်ကို အတင်း သည်းခံခိုင်းနေရတာလဲ''

''ဟင်...ညီလေးနဲ့ ဒီအဘိုးကြီးနဲ့က ရန်ဖြစ်နေကြတာ မဟုတ်ဘူး လား''

ထိုအခါကျမှ ဇက်လည်း သဘောပေါက်သွားကာ အားပါးတရ ရယ်မောလိုက်ရင်း...

''မဟုတ်ဘူးဗျ၊ ဒီအဘိုးကြီးက နားလေးလို့ ဒေါ်ပြောနေရတာ''

''ဪ...ဒီလိုလား၊ မသိဘူးလေ၊ ညီလေးက ဒေါ်ကြီး ဟစ်ကျယ်နဲ့ဆိုတော့...ဟား...ဟား...ဟား''

www.burmeseclassic.com


"ဒီက ကိုယ့်ညီကလည်း ကိုယ့်လိုပဲ အလုပ်လာလျှောက်တာ ထင်တယ်၊ ကိုယ့်နာမည်က လွင်မျိုးအောင်ပါ၊ Graphic Designer လာ လျှောက်တာ"

"ဟုတ်ကဲ့...ကျွန်တော်က"

"ဒီမယ်...တစ်ဆိတ်လောက်၊ မောင်ရင်တို့ ဘာတွေပြောပြီး ရယ်နေကြတာတုန်း၊ ကျုပ်ကြားအောင် ကျယ်ကျယ်လေး ပြန်ပြောပြ စမ်းပါဦး၊ ရယ်စရာဆိုရင် ကျုပ်လည်း နားထောင်ချင်တယ်"

သူတို့နှစ်ယောက်ကို လှမ်းပြီး ပြောလာသော ဦးအောင်ဖလောကို ကြည့်ရင်း ဇော်တစ်ယောက် ခေါင်းကို တဗြင်းဗြင်းမြည်အောင် ကုတ်ရပြန် လေသည်။ ထို့နောက် ဇော် စိတ်ပေါက်ပေါက်ဖြင့် အသံကုန်ဟစ်ပြီး...

"ဘကြီးကို...အဖြေတင်း ဆောင့်ဆောက်ပြီး ရှင်းပြမနေနိုင်ဘူးဗျ၊ ကျွန်တော့်မှာ လိပ်ခေါင်းရောဂါရှိတယ်"

ဟု စကားပြတ်အောင် တမင်ပြောလိုက်သည်။ ဦးအောင်ဖလောက တော့ သူ့ကို သနားကရုဏာသက်စွာကြည့်ရင်း...

"ကြော်...လိပ်ခေါင်းထွက်မှာ စိုးလို့လား"

"ဟုတ်တယ်၊ ဟုတ်တယ် ဒီအတိုင်းသာပြောနေရရင် ကျွန်တော် တော့ သေမှာပါပဲ"

"အို...သွေးတောင်ပါနေပြီကိုး၊ ကျွတ်...ကျွတ်"

"သွေးပါတာ မဟုတ်ဘူးဗျ၊ သေမှာပါပဲလို့ပြောတာ"

ထိုစဉ် အခန်းတံခါးကို ဆတ်ခနဲတွန်းဖွင့်ပြီး ဝင်လာသော နန္ဒာဝေရည်က ဇော်ကို တွေ့လိုက်သည်နှင့် တပြိုင်နက်...

"ဟင်...ရှင်...ရှင်ကိုး၊ ဘခန့်ကယ်...ဘခန့်ကယ့်ကို သူ ဘာတွေ ပြောနေတာလဲ"

ဦးအောင်ဖလောက စိတ်မကောင်းသည့်အသံဖြင့် နန္ဒာကို...

"ဒီသူငယ်လေးအဖြစ်က သနားစရာပါကွယ်၊ သူ့မှာ လိပ်ခေါင်း ရောဂါရှိသတဲ့"

ဇော်ထံ နှလုံးသားတစ်ခုလုံး အိပ်မက်ချောက်ကမ်းပါးထဲ ပစ်ချ ခံလိုက်ရသလို ထိတ်ခနဲ ခံစားလိုက်ရ၏။ သူ့က တမန်းကတန်းဖြင့်...

www.burmeseclassic.com



''မဟုတ်ဘူး မဟုတ်ဘူး နန္ဒာ ဒီအဘိုးကြီးက သိပ်စိတ်မရှည်ဘူး သူ့ ပြောတာမယုံနဲ့''

ဦးအောင်ဖေက နားရွက်ကို ပေါက်ဖိမြှင့်ကာရင်း...

''ဘာပြောလိုက်တာတုန်း မောင်ရင်ရဲ့၊ နည်းနည်းကျယ်ကျယ်လေး လုပ်စမ်းပါဦး''

''ပြော်...ဒီလိုပါ ဘကြီးက ကျွန်တော့်အပေါ် သိပ်...စေတနာထားတယ်ဆိုတဲ့အကြောင်း။ ဆေးကုဖို့ တိုက်တွန်းနေတယ်ဆိုတဲ့အကြောင်း ရှင်းပြတာပါ''

နန္ဒာဝေရှည်က ရှက်ရှောင်ကာပြီး မိုးမှုန်ကို သွားခေါ်ရန် အခန်းထဲမှာ ပြန်ထွက်ဖို့ ခြေလှမ်းပြင်ရင်း...

''ရှင့် လိပ်ခေါင်းကို ရှုံ့တာသာရှင် ဆေးပဲကုကု၊ အလှကြည့်ဖို့ပဲ မွေးထားမွေးထား ကျွန်မ စိတ်မဝင်စားဘူး''

''ဟာ...နေဦး နေဦးလေ နန္ဒာ ကိုယ်ရှင်းပြမယ်''

နန္ဒာဝေရှည်က အခန်းပြင်သို့ ခြေလှမ်းပြီးကာမှ ရပ်ကာ ပြန်လှည့်လိုက်ရ၏။ သို့သော်...ဦးအောင်ဖေက နန္ဒာကို 'သွားတော့ သွားတော့' ဟု လက်ဟန်ပြရင်း ညည်းညည်းညူညူ ပေသဖြင့်...

''သမီး သွားစရာရှိတာသွားပါ၊ ဒီသူငယ် ပြောပုံအရဆိုရင် သူ့ရောဂါက တော်တော်ကိုရင့်နေပြီသမီးရဲ့၊ သွေးတောင်ပါနေပြီဆိုပဲ တော်ကြာ အပြင်မှာထွက်ကျပြီး ပြန်သွင်းလို့မရရင် အခက်ပဲ၊ ကဲ...ကဲ ငါ့တူမကြီး သွားတော့...သွားတော့...''

ဇက် စိတ်တိုလာသည်။ ထို့ကြောင့် အသံမာမာဖြင့်...

''ဒီမှာ...ဘကြီး၊ ကျွန်တော်နဲ့သူ တိုက်ရိုက်ရှင်းပါရစေ၊ ဘကြီး ဘာမှ ဝင်ပြီးမပြောပါနဲ့''

''တစ်ဆိတ်လောက် ကျယ်ကျယ်ပြောစမ်းပါ မောင်ရင်ရယ်၊ ဘာမှ မကြားရဘူး။ နားထဲမှာ ဝလုံးဝေရွေးနဲ့''

ဇက်...ဒေါင်ဒိုရှင်စိတ်ပေါက်သွားသည်။ နန္ဒာဝေရှည်က...

''ရှင်...လှူကြီးကို ရိုရိုသေသေ ဆက်ဆံရမယ်ဆိုတာ နားမလည်

www.burmeseclassic.com


ဖက်က ယောင်ယမ်းပြီး (ဦးအောင်ဇလကိုပြောသည့် လေသံမျိုး) ခုနစ်သံချီဟစ်ကာ...

"နှိုးသလိုက်တာမှ၊ ဒီအဘိုးကြီးကို ကုန်းကုန်းပြီးတော့တောင် ရှိုးနိုးလိုက်ချင်သေးတယ်...သိလား"

"ရှင်...ကျွန်မကို ဘာမှ အော်သေး မဟစ်တာလေ့ပ်ရေးမလိုပါဘူး"

"ဟာ...ဆောရီး၊ ဆောရီး ယောင်သွားလို့ပါ နုနု၊ တကယ်ဆို...ကိုယ်က"

"ဘယ့်နှယ့်ဟာတွေတုန်း...နည်းနည်း ကျယ်ကျယ်ပြောပါဦး မောင်ရင်ရဲ့"

ဖက်၏ ဦးခေါင်းက နုနုဘက်တစ်လှည့်၊ ဦးအောင်ဇလဖက် တစ်လှည့် ချာချာလည်နေရာမှ ယောင်မျှားပြီး နုနုကို...

"ဒီထက်တော့...မကျယ်နိုင်တော့ဘူးဗျ"

ဟု အော်လိုက်ရာ၊ နုနုဝေရည်မှာ သူမ၏ နားနှစ်ဘက်ကို လက်ဝါးဖြင့်အုပ်ပြီး ခေါင်းလေး မှုဝင်သွား၏။

အလုပ်လာရောက်သော လွင်မျိုးသော်ဆိုသည့် ငနဲက ဖက် ဖြစ်နေပုံကိုကြည့်ပြီး ဝက်ရူးပြန်သလို တခွီးခွီးရယ်နေသည်။

ထိုစဉ်...

"ရှည်လှချည်လား၊ ဘာတွေဖြစ်နေတာလဲ"

ဟု မေးရင်း အခန်းထဲဝင်လာသော မိန့်နှင့်ကြောင်သာ ရာသီဥတု ပြန်လည်တည်ငြိမ်အေးဆေးခွင့် ရသွား၏။

www.burmeseclassic.com



မိုးမြင့်က သူတို့အားလုံးကို သူမ၏အခန်းသို့ ခေါ်သွားပြီး အင်တာဗျူး လုပ်သည်။ လွှင်မျိုးသော်ကို အရင်ဝင်စေပြီး ဇော်ကို စောင့်နိုင်းသောအခါ၊ အတော်ကြာမှ ဇော်ကို အလှည့်ရောက်ပြီဖြစ်ကြောင်း ပြောကာ အထဲသို့ ခေါ်လိုက်သည်။

အခန်းထဲတွင် အလူမီနီယံ စားပွဲရှည်ကြီးနောက်၌ စစ်ဆေး မေးမြန်းမည့် မိုးမြင့်နှင့် နန္ဒာဝေရှည်တို့ ထိုင်နေကြသည်။ အင်တာဗျူး အလုပ်ခံရမည့် သူက စားပွဲရှေ့ရှိ လက်တန်းမပါသော နောက်မှီ ကုလားထိုင်တွင် ထိုင်ရမည်ဖြစ်၏။

ဇော်က ကုလားထိုင်တွင် ခါးမတ်မတ်ထားကာ ဝင်ထိုင်လိုက်ပြီး သူ့ရှေ့တည့်တည့်ရှိ မိုးမြင့်နှင့် နန္ဒာဝေရှည်တို့ကို ကြည့်လိုက်သည်။

မိုးမြင့်က သူ့ လျှောက်လွှာစာရွက်ကို မျက်မှောင်ကုတ် ဖတ်ကြည့်ရင်း...

"နာမည်ရင်းက ဇော်နော်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ထောက်ခံစာနဲ့ အောင်လက်မှတ်တွေကော ပါလား"

"ဟုတ်ကဲ့...ပါ ပါတယ်၊ ဒီမှာပါ"

ဇော်က သူ့လက်ထဲမှ စာရွက်စာတမ်းများကို စားပွဲပေါ်ချပေး လိုက်သည်။

မိုးမြင့်က ထိုအောင်လက်မှတ်များ ကွန်ပျူတာဒီပလိုမာ လက်မှတ် များကို ယူကြည့်ပြီး...

"ဟင်...ဒါတွေက ဂျပ်ဖစ်ဒီဇိုင်းနဲ့ပတ်သက်တဲ့ ထောက်ခံစာ တွေပဲ"

"ဟုတ်တယ်လေ၊ ကျွန်တော် လာလျှောက်ကတည်းက

www.burmeseclassic.com



Graphic Designer အလုပ်ပဲပေါ့ဗျာ''

နိုမွှင့်၏ မျက်ဝန်းများထဲတွင် သဝန်လောင်မြိုက်ခြင်းသည့် အစိမ်းရောင်အငွေ့တွေ ယှက်သန်းသွားကြ၏။ ထို့နောက်...

''ဩော်...Graphic Designer လောလျှောက်တာလား။ ဒါဆိုရင်တော့ မဆိုးပဲရှင်၊ ဟောဒီကောလေးတောင် ကိုလွှင်မျိုးအောင်ကို ခန့်ထားလိုက်ပြီးသွားပါပြီ''

ဇော် အံ့အားသင့်သွားသည်။ အလောတကြီးရောက် တိုက်ရိုက်ခံလိုက်ရသလို ရင်ထဲမှာ ဟာခနဲဖြစ်သွား၏။ တစ်ခုခုတော့ မှားယွင်းနေပြီဆိုသော အာရုံက သူ့တစ်ကိုယ်လုံးကို ဖြန့်ကြိုးချုပ်မိုးသွားသည်။

သူက မိုမွှင့်၏ မျက်နှာကို စေ့စေ့ကြည့်ကာ အကဲခတ်လိုက်သည်။ မိုမွှင့်က အဓိပ္ပါယ်ကျယ်ဝန်းစွာ ပြုံးလိုက်ရင်း...

''အင်း...တစ်ခုတော့ရှိတယ်''

သူမက စကားကို တစ်ပေါက်တစ်ပြက်နှင့် ဖြတ်ထား၏။ နန္ဒာဝေရည်ကတော့ ပြတင်းပေါက် အပြင်ဘက်ဆီသို့ ဦးတည်ရာမဲ့စွာ ငေးမောနေသည်ကို မြင်ရ၏။ ဇော်က...

''ဆိုပါဦး။ ဘာများလဲ''

''ရှင့်အနေနဲ့ ဒီသင်တန်းမှာ အလုပ်သင်လို့ရချင်နေတယ်ဆိုရင်တော့ အင်း...သန့်ရှင်းရေးအလုပ်သမား တစ်နေရာတော့ လွတ်နေတာရှိတယ်၊ ရှင်...လုပ်ချင်ရဲ့လား''

''ဘာ...သန့်ရှင်းရေးအလုပ်သမား ဟုတ်လား''

ရုတ်တရက်ပဲ သူ့စိတ်တွေ ဂုန်းခနဲ ဆူဝေသွားသည်။ ချက်ချင်း ထ,ပြန်တော့မည် ဆုံးဖြတ်ပြီးမှ နန္ဒာဝေရည်ဆီသို့ အကြည့်တစ်ချက် ရောက်သွားမိ၏။

နန္ဒာဝေရည်ကတော့ မျက်နှာလွှဲလျက်သားပင်ရှိသည်။ ပြတင်းပေါက်နှုတ်ခမ်းကို ဖြတ်သန်းလာသော နေရောင်ခြည်သည် သူမ၏ဆံပင်အမျှင်များကို ရွှေရောင်တောက်ပနေစေ၏။

သူမ၏ မျက်ဝန်းအိမ်သည် ကရုဏာတရားကြီးမားသူ တစ်ယောက် ပိုင်သော မီးမီးတောက်လောလော သနားစေ၏၊ သူမ၏ သံမြင့်

www.burmeseclassic.com


အရှုအရာအားလုံးသည် အေးဆေး တိတ်ဆိတ်လွန်းနေသည်။

သူမသည် ကြင်နာတတ်သော မြွေတစ်ကောင်နှင့် တူနေပေသည်။

''ဘယ်လိုလဲ ရှင် နောက်ဆုတ်သွားပြီ မဟုတ်လား''

နိုးမှုင်၏ အပြောစကားအဆုံးတွင် သူ (အနည်းငယ် မထီမဲ့မြင်ဟန် နှာ) ပြုံးလိုက်သည်။ ထို့နောက်...

''နာရီဆိုတာ ဘယ်လောက်ပဲမှန်မှန် ဘယ်လောက်ပဲမှားမှား ရှေ့ကိုပဲ ဆက်သွားရတာပဲ မဟုတ်လား။ ကျွန်တော်နောက်ဆုတ်ဖို့ စိတ်ကူး မရှိဘူး''

သူ့စကားကြောင့် နန္ဒာဝေရှည်က အလန့်တကြား လှမ်းကြည့်သည်။ ဖက်က အဆုံးသတ်စကားကို ဆက်ပြောလိုက်၏။

''ကျွန်တော် လုပ်မယ်...''

■■■

www.burmeseclassic.com

www.burmeseclassic.com


# အခန်း-၁၂

ကိုယ်လက်သန့်စင်ခန်းအတွင်းရှိ လက်ဆေးကြွေခွက်များနှင့် အိမ်သာကာမှတ်အိုးများကို ပြောင်လက်နေအောင် တိုက်ချွတ် ဆေးကြော ရသည်ကပင် တစ်နာရီကျော်ကျော်ကြာသည်။

ကြမ်းပြင်ကို ဆပ်ပြာမှုန့်ဖြင့်ဆေးပြီး အဝတ်စဖြင့် တိုက်ပစ်ရသော ကျွန်တော်သည်။

လွယ်တော့...ခက်တော်ကို မလွယ်လှသည့်အလုပ်ဖြစ်၏။ လုပ်ဒါဝ တစ်ရက်နှစ်ရက်လောက်တုန်းကဆိုလျှင် ချက်ချင်း အလုပ်ပြန်ထွက် ပစ်ဖို့အထိပင် ဇက် ဝဉ်းကာမိသေးသည်။

'ဘယ်ဖြစ်ဖြစ် စပ်တဲ့အလုပ်ကိုတော့ ဆုံးခန်းတိုင်တဲ့အထိ ပီပြင် အောင် လုပ်ရမှာပဲ' ဟုတွေးကာ ကိုယ့်ကိုယ်ကို မနည်းအားတင်ခဲ့ရ၏။ အခု ဆယ့်ငါးရက်လောက်ကြာတော့မှသာ အလုပ်မှာ နေသားတကျ ဖြစ်လာသည်။

ခက်သည်က အလုပ်က ရှက်စရာမဟုတ်သည့်တိုင် အနည်းနှင့် အများတော့ ကသိကအောက် နိုင်လှသည်။ သင်တန်းသား၊ သင်တန်း သူများနှင့် ဆရာတစ်ချို့က သူ့ကို ပညာတတ်လူငယ်တစ်ယောက်အဖြစ် မသိကြ၊ သာမန် တံမြက်စည်းလှည်းသမားတစ်ယောက်လို၊ အိမ်သာ သန့်ရှင်းရေးသမားတစ်ယောက်လိုသာ အထက်စီးကနေပြီး ဟစ်ရေကြရ

www.burmeseclassic.com



တစ်ရက်တုန်းကလည်း အိမ်သာကြမ်းပြင်ကို သူ တံမြက်စည်းလှဲနေတုန်း ရှေ့ကထနေရည်းပယ်က ကျောင်းသူတစ်ယောက်၏ ခြေထောက်ကို မတော်တဆ စွေ့သွားရာ ထိုကျောင်းသူက မက်ကို နှစ်ပြားမတန်အောင် ချိုးချိုးဖဲ့ဖဲ့ ပြောသွား၏။

အဲဒီတုန်းက သူ ခါးခါးသီးသီး တုံ့ပြန်ဖို့ ချက်ချင်း အသင့်ဖြစ်သွားခဲ့သော်လည်း(ဇက်ကြိုး ဆောင့်ဆွဲလိုက်ရသည့် စစ်မြင်းတစ်ကောင်လို) ငြိမ်ခနဲ ရပ်တန့်ပစ်လိုက်ရသည်။

ထိုအဖြစ်အပျက်ကို အစအဆုံး စောင့်ကြည့်နေသည့် နန္ဒာဝေရှည်၏ ကရုဏာမျက်ဝန်းတစ်စုံကြောင့် ဖြစ်၏။ (ဒီနောက်ပိုင်းတော့ နန္ဒာဝေရှည်က အကြည့်ကို သူ့ထံမှလွှဲပယ်ကာ မသိမသာ သက်ပြင်းချပြီး ခေါင်းကို ညင်ညင်သာသာ ခါယမ်းလျက် ကျောခိုင်းလှည့်ထွက်သွားခဲ့သည်)

■■

www.burmeseclassic.com



ကောင်မလေးရေ...
နှင်းအကြည်တွေရဲ့နှစ်သိမ့်မှုမှာ
ခါးသီးရောတွေအားလုံးကိုလည်း
ငါ...ရောင့်ရဲတတ်ခဲ့တယ်။

■

www.burmeseclassic.com



အဆိုးရွားဆုံးက သူနှင့်အတူ အလုပ်လာလျှောက်ရာမှ အရွေးချယ်ခံလိုက်ရသော 'လွှင်မျိုးသော်' ဆိုသည့် အရူးကြောင်ကြောင် ငနဲ ဖြစ်သည်။

လွှင်မျိုးသော်၏ စိတ်ထဲတွင် ဇာက်ကို သနားစရာ ချာတိတ် တစ်ယောက်အဖြစ် မြင်နေသည်။ ဇာက်က သူ့လောက် အရည်အချင်း မရှိသဖြင့် ရွေးချယ်မခံရဘဲ၊ ဝမ်းရေးကြောင့် ရရာအလုပ်ကို သိမ်ငယ်စွာ ဝင်လုပ်နေရသည်ဟု ထောက်ထားနေ၏။

လူကြီးလူကောင်း အလွန်ပီသချင်စိတ်ဖြင့် မနေနိုင် မထိုင်နိုင် ဖြစ်နေရှာသော လွှင်မျိုးသော်သည် မွန်းနိမ့်သွားရသူ ဇာက်အပေါ် သူ၏ ကြင်နာခြင်း၊ သဘောထားကြီးခြင်း၊ မနှိမ်ချခြင်း၊ စာနာထောက်ထား ခြင်း အစရှိသော နိတိကျန်သော မြင့်မြတ်မှုတို့ကို (ယဉ်ကျေးသည်ဟု) ရက်ရက်ရောရောကြီး လာရောက်ပြသတတ်သဖြင့် လွှင်မျိုးသော်နှင့် မဆုံမိအောင် ရှောင်ပြေးရသည်မှာ ဇာက်အတွက် ဒုက္ခအကြီးစားကြီး တစ်ခုလို ဖြစ်နေ၏။

ရှောင်မပြေးနိုင်ခင် ပက်ပင်းတွေ့လိုက်သည်နှင့် တစ်ပြုံးနက် လွှင်မျိုးသော်က...

"ဟော... ညီလေး။ ညီလေး နေကောင်းရဲ့လား။ ညီလေး အလုပ် လုပ်ရတာ ပင်ပန်းလား။ ညီလေးကတော့ အစ်ကို့ကို အားကျနေမှာပဲနော်။ ဒါပေမယ့် ညီလေးရာ အစ်ကိုတို့လည်း အလုပ်လုပ်ရတာ မလွယ်ပါဘူးကွာ။ ခုချိန်မှာ ညီလေးအနေနဲ့ အစ်ကို့ကို ကြည့်ပြီး 'အဆင်ပြေလှချည်လား' လို့ ထင်ကောင်းထင်နေမယ်။ ဒါပေမယ့် မဟုတ်ဘူး... ညီလေး မဟုတ်ဘူး။ (ဆိုနေရာတွင် သူက ခေတ်ပေါ်ဟောလိဝုဒ်ရုပ်ရှင်သရုပ်ဆောင် ရှိုးမှုတ် သက်ဝင် ပီပြင် သက်ပြင်းအနည်းငယ်ချပြီး ခေါင်းကိုခါယမ်း လိုက်သေးသည်)

www.burmeseclassic.com



ဘဝမှာ လွယ်လွယ်ရတယ်ဆိုတာ ဘာမှမရှိဘူး။ ဟော…အစ်ကိုဘဝကိုပဲကြည့် အကိုဆိုရင် အောက်ခြေကတက်လာခဲ့ရတာ(မိုးသွယ်ပိုက်လိုင်း ဆိုနေလို့ ဆင်းရဲပြီးဆယ်ခဲ့ရတာကို ပြောတာသင်တယ်ဟု ဖော်ကာ စိတ်ထဲမှ တွေးနေမိသည်) အစ်ကိုဘဝမှာ အများကြီး ကြိုးစား ရုန်းကန်ခဲ့ပြီးမှ ဒီလို ထူးချွန်တဲ့ Graphic Designerဖြစ်လာခဲ့ရတာ။ ညီလေးလည်း စိတ်မပျက်ပါနဲ့ကွာ။ ကြိုးစား၊ ကြိုးစား ခွဲမလျှော့နဲ့သိလား။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် အကိုလို ထူးချွန်လာမှာပါ''

မည်မျှ သောက်မြင်ကတ်စရာကောင်းသော ဆုံးမသြဝါဒပေးနည်း။ အရည်မရ အဖတ်မရ တောင်စဉ်ရေနစ်ထယ် ပေါ်ဆီအောင် ပေါက်တတ်ကရ လျှောက်ပြောနေသော မိန့်ခွန်းရှည်ကြီးထဲတွင် သူ့ကိုယ်သူ 'အစ်ကိုက… အစ်ကိုကလေ' ဟု ညွှန်းခဲ့သည့် စကားလုံးက သုံးစက္ကန့် တစ်ကြိမ်လောက် ထပ်တလဲလဲ နားငြီးစရာ ကောင်းလောက်အောင်ပါနေ၏။

ထို့ကြောင့်ပင် ဖော်ကာ ထိုသူ့ကို ကာလဝမ်းရောဂါသည် တစ်ယောက်ကို ရှောင်သလိုမျိုး လှည့်ပတ်ရှောင်တိမ်း ပြေလွှားနေခြင်း ဖြစ်၏။

ဒါတောင်မှ တစ်ခါတလေ ကံဆိုးလျှင် ဖော်ကာ ကိုယ်လက် သန့်စင်ခန်းကို သန့်ရှင်းရေးလုပ်နေချိန်တွင် လွင်မျိုးသော်က အိမ်သာ တက်ရိုလာလျှင် တည့်တည့်ကြီး ပက်ပင်းတိုးတတ်သေးသည်။ ဘယ်လိုမှ ရှောင်ပြေး၍မရ။

ထိုအခါမျိုးတွင် လွင်မျိုးသော်က အိမ်သာတက်ချင်စိတ်ကို မနည်း ဖျောက်ညှစ်ထိန်းချုပ်ထားပြီး ဆယ်မိနစ်လောက် မိန့်ခွန်းရှည်ကြီး ပြောဖြစ်အောင် ပြောသေးသည်။ ဘယ်လိုများ လုပ်ပြီးတော့ အောင့်နိုင်သလဲ မပြောတတ်။ ဒီ့ကျူးဇိုပင် ကောင်းနေသေးတော့၏။

ဖော်ကာ ရေဆေးတိုက်နေသော ကိုယ်လက်သန့်စင်ခန်း ကြမ်းပြင်ကို အဝတ်စုတ်ဖြင့် ခြောက်သွေ့အောင် ပွတ်တိုက်လိုက်သည်။ ကိစ္စအားလုံး ပြီးသွားသောအခါ သူ့ကိုယ်ပေါ်တွင် အညစ်အပေအောင် စွပ်ထားသော လည်ပင်းမှ ဒူးဆစ်အထိ ရှည်သည့် ကြိုးသိုင်းအင်္ကျီရှည်ကြမ်းစကို ချွတ်ကာ

www.burmeseclassic.com



ထို့နောက် သူ့ကိုယ်ပိုင် ပစ္စည်းများသိမ်းရာ လော့ကာဆီသို့သွားပြီး Sonyအမျိုးအစား လေဆာဓါတ်ပြားဖွင့်စက်တစ်လုံးနှင့် Dolby Digital ဝတ်ဒီယို(Hi-Fi)အမျိုးအစား စပီကာအသေး(၄)လုံးကို ထုတ်ယူလိုက်သည်။

ထိုပစ္စည်းများကို ဒီနေ့မနက်တင် သူ့အိပ်ခန်းထဲမှာ ဖြုတ်ယူလာခဲ့ခြင်း ဖြစ်၏။ သီချင်းကြိုက်တတ်လွန်းသော အန်ကယ်ဦးစောဝေကတော့ ရင်ကွဲပက်လက်ဖြစ်ကာ ပုကျုံးမရ နှမျောတသသွားဖြင့် ကျန်ရစ်ခဲ့၏။ မတတ်နိုင်၊ သူကြိုက်တတ်လျှင် ကက်ဆက်အရုတ်လေးတစ်လုံးသာ ဝယ်ပြီး နားထောင်ပေရော့ပေါ့ ဥပက္ခာပြုခဲ့ရတော့သည်။

ဖက်ကတော့ သူ သန့်ရှင်းရေးလုပ်ရသော အိမ်သာထဲတွင် သီချင်းနားထောင်နိုင်ရန် လေဆာဓါတ်ပြားဖွင့်စက်ဆင်မည်ဟု အတိအကျဆုံးဖြတ်ထားပြီးသား ဖြစ်၏။

သူက လက်ဆေးဇလုံကြွေခွက်များ၊ စီတန်းထားသော ကျောက်သားပြင်ရှည်နှင့် ခပ်လှမ်းလှမ်းတွင် စားပွဲပုလေးတစ်လုံးကို နေရာရှာလိုက်ပြီး Sonyလေဆာဓါတ်ပြားဖွင့်စက်ကို တင်သည်။ Hi-Fi စပီကာ (၄)လုံးကို ကိုယ်လက်သန့်စင်ခန်း၏ထောင့်တွင် နေရာချ၏။

ပျင်းရိငြီးငွေ့ခြင်းတွေကို အလိုလိုမေ့လျော့ပြီး အလုပ်ထဲမှာ ပျော်ရွှင်လန်းဆန်းနေအောင် ငါ့ကို ဘယ်လို မနက်ခင်းများက ဖမ်းစား သိမ်းပိုက်ထားသလဲကွယ်...

အားလုံးတပ်ဆင်ပြီးစီးသွားချိန်တွင် ကိုယ်လက်သန့်စင်ခန်း၏ တံခါးကို တွန်းဖွင့်ပြီး တစ်စုံတစ်ယောက် ဝင်လာသည်။ မိုးငွေ့စိုစွတ်သော မြတ်လေးပန်းရနံ့နှင့်တူသည့် ကိုယ်သင်းနံ့ကို မွှေးမြိုက်ရှိုက်ရှုရင်း ဝင်လာသူသည် နန္ဒာဝေရည်ဖြစ်မှန်း သူ လှည့်ကြည့်စရာမလိုဘဲ သိလိုက်၏။

နန္ဒာဝေရည်၏ ခြေလှမ်းများရပ်တန့်သွားသံကို ကြားရသည်။ သူ့မှာ အနည်းငယ်တုံကြည်သွားဖြင့်...

"ရှင်...ရှင်...ဒါတွေက ဘာလုပ်ဖို့လဲ"

(သည်မေးခွန်းသည် သူ ဒီမှာ အလုပ်ဝင်ပြီး (၁၅)ရက်တာ ကာလအတွင်း သူမ၏နှုတ်ခမ်းများဆီမှ ဖက်ကို မလေးမခန့်ပြောဆိုသော

www.burmeseclassic.com


ထိကျူလည်း ဖြစ်သည်)

ဇော်က နန္ဒာဝေရှည်ဘက်သို့ လှည့်ကာ မျက်နှာချင်းဆိုင် ထိုင်လိုက်ရင်း...

"ဒါဟာ...နိုးဇိုမ်ရာတစ်ခုမဟုတ်ပါဘူး နန္ဒာ။ သီချင်းတွေဟာ သန့်ရှင်းပါတယ်၊ ညစ်ပတ်တဲ့နေရာတစ်ခုမှာ ကြားရမယ်ဆိုလည်း သီချင်းသံကတော့ ညစ်ပတ်မသွားပါဘူး။ သန့်ရှင်းမြဲ သန့်ရှင်းနေကြမှာပဲ၊ ချိုမြိန်မြဲ ချိုမြိန်နေကြမှာပဲ။ အဲဒါကို သစ္စာလို့ခေါ်တယ်...နန္ဒာ"

သူက CD magazine ဆေးတွဲတစ်ခုထဲမှ Yanni၏ သီချင်းခွေကို ထုတ်ယူပြီး၊ Nightingale သီချင်းကို ဖွင့်လိုက်သည်။ ဇင်နီရှိုးလေး ဂီတာပညာရှင် ကိုင်တာယူစတော့ချ်၏ ပလွေသံက လွမ်းမောဖွယ်ရာ တီးတိုးညည်းသော ထွက်ပေါ်လာခဲ့၏။

ဇော်က ဆက်ပြောလိုက်သည်။

"ကိုယ့်ရင်ထဲမှာလည်း သစ္စာတစ်ခုရှိတယ်...နန္ဒာ။ အဲဒါကတော့ ကိုယ် မင်းကို ချစ်တယ်"

Yanni၏ စန္ဒယားသံနှင့် ပလွေသံတို့ ရောယှက်နွယ်သွားကြ၏။ နန္ဒာဝေရှည်၏ မျက်ဝန်းအိမ်များထဲတွင် တောက်ပသော နဂါးငွေ့တန်း တစ်ခု စီးဝင်လှည့်ပတ်နေသည်။

သူမ၏ နှုတ်ခမ်းများ နုနုညည့် တုန်ယင်လာကြသည်။ ဇော်က အကောင်းဆုံးကို မျှော်လင့်ထားလိုက်မိ၏။ သို့သော်...

သို့သော်...အခြေအနေက ရုတ်ချည်း ပြောင်းပြန်ဖြစ်သွား၏။ နန္ဒာဝေရှည်က သူမ၏စိတ်ကို အချိန်မီ ထိန်းချုပ်ကာ နှလုံးသားကို သံမဏိတံခါးတစ်တုံးအဖြစ် ပုံစံပြောင်းလဲ ဖန်ဆင်းလိုက်၏။

သူမ၏ မျက်ဝန်းများက ပြန်ခနဲ အေးစက်သွားသည်။ နှုတ်ခမ်း ထူထူတွေကို တင်းတင်းစေ့လိုက်ပြီး...

"ရှင့်ကို...ကျွန်မ အယုံအကြည်မရှိဘူး"

တစ်ခွန်းတည်းပြောကာ ချာခနဲ လှည့်ထွက်သွားသည်။ ဇော်၏ ရင်ထဲမှာ 'ဟာ' ပြီး ကျန်ရစ်ခဲ့၏။

"နန္ဒာ...နန္ဒာ"

www.burmeseclassic.com

သူ့ခေါင်းသံသည် လေထဲမှာပင် လွင့်ပါးပျောက်ကွယ်သွားသည်။ သူ့ခေါင်းကို ငုံ့ထားလိုက်မိ၏။ သူ့အကြည့်သည် ကြမ်းခင်းကျောက်သားအကွက်များဆီမှ နေရာမရွေ့။ အဲဒီနေရာမှာပင် သူကြာမြင့်စွာ ရပ်နေမိလေသည်။

ထို့နောက် သူ့ပခုံးကို တစ်စုံတစ်ယောက်က လာပုတ်လိုက်သောကြောင့် သူ လှည့်ကြည့်မိ၏။ ဦးအောင်ဖလေကို တွေ့လိုက်ရသဖြင့် သူ လန့်သွားသည်။ အဘိုးကြီးက...

''ဟော...မောင်ရင်က ဘယ်ဆိုးလို့တုံး။ အိမ်သာထဲမှာ သီချင်းဖွင့်ပေးထားတဲ့ စိတ်ကူးကတော့ သိပ်ကို ဟိုဒင်း_ အဲ... ရှိမန်းတစ်ဖြစ်တာပဲကွာ၊ စိတ်ထဲမှာ ဘာခေါ်မလဲ...တို့...ဒီ...အိတ်စပျောက်ရှင်းသဘောအရဆိုရင် တို့...ဒီ...ကားလ်ချားလို့ပဲ ပြောရမှာပေါ့ကွာ။ အဲဒီမှာ တို့...ဒီ''

'ဘာတွေ လာပြောနေတာလဲ မသိဘူး' ဟု ဇော်စိတ်ထဲမှ ခပ်ချဉ်ချဉ် တွေးလိုက်၏။ ထို့နောက် အသံကျယ်ကျယ်ဖြင့်...

''ဗျို့...အန်ကယ်အောင်ဘာလေ''

ဦးအောင်ဖလေ၏ မျက်နှာကြီး ရှုံ့မဲ့သွားပြီး...

''ငါ့နာမည် အောင်ဘာလေ မဟုတ်ပါဘူးကွ။ အောင်ဖလေပါ၊ အောင်ဘာလေဆိုတာက ထိပ်ပဲဥစ္စာ''

''ဆောရီး...ဆောရီး။ ကျွန်တော်မှားသွားလို့ အန်ကယ်အောင်ဖလေက ဂီတကို မြတ်နိုးလို့လား''

''ဟာ...ဘယ့်နှယ်ပြောပါလိမ့်မောင်ရာ...ကျုပ်က ဂီတကိုလည်း မြတ်နိုးတယ်၊ ရုပ်ရှင်ကိုလည်း မြတ်နိုးတယ်၊ ရုပ်ရှင်ကို မြတ်နိုးလွန်းလို့ ရုပ်ရှင်မင်းသမီးကိုပဲ ယူမယ်လို့ ဆုံးဖြတ်ထားတယ်...ဟဲဟဲ''

ဟာ...ဒီအဘိုးကြီးကတော့ မလွယ်ကြောင်းပဲ...ဟု ဇော်စိတ်ထဲမှ ကျိတ်ပြီးတွေးလိုက်မိ၏။ လူတကာကို အနိုင်ယူလာခဲ့သော ဇော်သည် ဒီအဘိုးကြီးနှင့်တွေ့တိုင်း လိမ့်နေအောင် ခံနေရသည်။ ထို့ကြောင့် စကားစ မြန်မြန်ဖြတ်ရန် အတင်းမျက်နှာချိုသွေးပြီး...

www.burmeseclassic.com


လုပ်စရာလေးရှိသေးလို့ သွားလိုက်ဦးမယ်နော်...တာ့တာ''

အသံကုန်ဟစ်၍ နှုတ်ဆက်ကာ လစ်ထွက်လာခဲ့သည်။

ကံဆိုးချင်တော့ လက်ထောက်ဆရာများ၏ အခန်းဖြစ်သော ရှေ့မှဖြတ်အလျှောက်တွင် လွှင်မျိုးသော်နှင့် တည့်တည့်တိုးတော့သည်။

လွှင်မျိုးသော် တစ်ယောက်တည်းမဟုတ်၊ သူ့ဘေးတွင် ကောင်မလေး တစ်ယောက်လည်း ပါသည်။ လွှင်မျိုးသော်က ဇော်ကို မြင်လိုက်သည်နှင့် တစ်ပြုံးနက် ထုံးစံအတိုင်း...

''မေး...ညီလေး နေပါဦးကွ၊ ဘာတွေ သုတ်သီးသုတ်ပြာ ဖြစ်နေတာလဲ အစ်ကို ပြောမှာတာမေ့နေ့လေ၊ ဘယ်ကိစ္စမဆို အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ဖြေရှင်းနိုင်ရမယ် ဒါမှ...အစ်ကို့လို ရင့်ကျက်တဲ့ လူကြီးလူကောင်းတစ်ယောက်ဖြစ်လာမှာ၊ သဘောပေါက်လား ညီလေး၊ အစ်ကို့ကို အတုယူစမ်းပါကွာ''

ဆိုနေခဲ့မျက်နှာကို လက်သီးဖြင့် နှုတ်ထိုးပစ်လိုက်ချင်စိတ် ပေါ်လာသည်။ ဇော်က ပါးစပ်ပေါက်ကို ဘရိတ်အုပ်၍ ဖရှိနိုင်သေး၊ သူနှင့်အတူပါလာသော မိန်းကလေးဖက်သို့လှည့်ပြီး...

''အဲဒါပဲ ကြည့်တော့ အချစ်ရေ၊ ကိုယ်က အားလုံးရဲ့စံပြဖြစ် အောင် နေပြထိုင်ပြနေရတာ၊ ဟူး...လွယ်တော့မလွယ်ဘူးကွ၊ သူဆိုရင် ဒီရုံက သန့်ရှင်းရေး ဝန်ထမ်းလေး၊ ဒါပေမယ့်...အချစ်သိတဲ့အတိုင်းပဲ ကိုယ်က အဆင့်အတန်း ခွဲခြားတတ်တဲ့ သူမှမဟုတ်တာ၊ သူ့ကိုလည်း ကိုယ့်ညီလေးအရင်းတစ်ယောက်လို သဘောထားပြီး ဆုံးမနေရတယ်''

ထိုမိန်းကလေးကို တစ်ချက်လှမ်းကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက်...

ဟင် ချစ်မှုင့်...။

နှုတ်မှ ရွတ်ခနဲ ခေါ်လိုက်မိတော့မည့်ဆဲဆဲ အချိန်မီ ထိန်းချုပ် လိုက်ရ၏။ ဇော် တစ်ကိုယ်လုံး ထူပူပြီး အာရုံတွေ ချာချာလည် မူးနောက် သွား၏။ မြစ်နိုင်လျှင် အဲဒီနေရာမှာပင် မြေကြီးကိုထိုးခွဲ ငုပ်လျှိုးကာ ကိုယ်ပျောက်ပျောက် သွားလိုက်ချင်သည်။

ချစ်မှုင့်က သန့်ရှင်းရေးအလုပ်သမားဝတ်စုံနှင့် ဇော်ကို အထင်

www.burmeseclassic.com

သေးရှုံ့ရှာစွာ ကြည့်နေသဲ…

လွှင်မျိုးသော်ကတော့ သူ့အချိန်ဇွင့်သူ လိမ်ရင်း ပြောချင်ရာတွေ ရွှတ်ပြောနေ၏။

"ပြော်…ညီလေးကို စိတ်ဆက်မပေးရှိုးမယ်၊ သူက ချစ်မှုံ့တဲ့ ကိုယ့်အလုပ်ကို မရောက်ရှုံးသေးလို့ လိုက်ပြီးလည်တာလေ၊ ဟင်း…ဟင်း ကိုယ့်ကိုသင်တန်းက ဆရာမလေးတွေနဲ့ စိတ်မချတာလည်း ပါမှာပေါ့၊ သူက ကိုယ့်ရဲ့ ဟဲဟဲ…ကိုယ့်ရဲ့…ဟဲဟဲဟဲ"

"ကိုယ့်ရည်းစားပါ"ဟု ရွယ်ရွယ်ကျကျ ပြောလိုက်လျှင် ပြီး နေသည့်ကိစ္စကို ပြောတော်မမူနိုင်သေးဘဲ ဆိတ်ငြိမ်သလို "ဟဲဟဲ" လုပ်နေ၏။

စိတ်လိုက်ဒါနီး မြင်းတစ်ကောင်လို ပါးစပ်ကို အရှမ်းကျနဲပြီး ရယ်နေသောကြောင့်လည်း အရှင်ဆိုရသော သွားသုံးချောင်းတစ်ချောင်းလုံး အကျနေပါသည်။ (သွား(၃)ချောင်းဖုံးပါ တစ်ချောင်းက ငိုစားထားသဖြင့် နှုတ်သားရသည်)

ချစ်မှုံ့က ပေသပ်ပြတ်ပြတ်ဖြင့်…

"ကိုကို…သွားနှိုပ်သား အောက်တန်းစားတွေနဲ့ သိမ်အောက်မလုပ်နဲ့"

"ဟာ…အချစ်ကလည်းကွာ၊ ဒီက ညီလေးကို အားနာစရာ ပေဘာ…မဖိုးမှုံ့တို့ပါလား၊ အခေတ်ပဲ စိတ်ဆက်မပေးရှိုးမယ်၊

ပေဘာဒါက…ချစ်မှုံ့နဲ့တွဲ၊ ဟဲဟဲ…ကျွန်တော့်ရဲ့ Fiance (ဖီယင်စေး)ဆိုပါတော့၊ ချစ် ဒါက မဖိုးမှုံ့တဲ့ ပေဘာဒါက နနွာဝေရည်"

"ဟုတ်ကဲ့…"

"ဟယ်…ညီမလေးက ချစ်စရာလေးပဲ၊ နောက်လည်း…မကြာ မကြာ လာလည်နော်"

မိုးမှုံ့ငါ့ လိုက်လှိုက်လှဲလှဲ တုံ့ပြန်စိတ်ဆက်သံကို ကြားရသည်။

နနွာဝေရည်ကတော့ မည်သို့ရှိမည်ကို မသိ။

သူ ကျောခိုင်း လှည့်ထွက်လာခဲ့ပြီဖြစ်သောကြောင့် မသိတော့။

■■■

# အခန်း-၁၃

"နင်သူ့ကို သနားနေတယ်မဟုတ်လား...နုနု"

မိုးမွှေး၏အမေးကို ပြန်ဖြေဖို့အတွက် သူမ၏ ရင်ထဲတွင် ဘာစကားလုံးမှ ရှိမနေ။ အရေးရာသည် မာလာတင်းလင်းဖြစ်နေ၏။

တကယ်ဆိုလျှင် 'ချစ်ခြင်း'ထက် 'သနားခြင်း'က အသဲပေါင်း များစွာ ပိုမိုဆိုးရွားပေလိမ့်မည် ထင်သည်။

"အချစ်တွင်မျက်စိမရှိ"ဟု ဂျော်ဖရီချော့ဆား(Geoffrey Chaucer)က ပြောခဲ့သည်။ "သနားခြင်းတွင်မူ ရည်းစားစဉ်ဖြင်နိုင်သော ဦးနှောက်ပါမရှိ"ဟု တစ်စုံတစ်ယောက်က ထပ်မံဖြည့်စွက်ပြောဖို့ လိုပေလိမ့်မည် ထင်ပါသည်။

နုနုသစ်ရည်က သူမ၏ အမေးကို မဖြေဘဲ အိပ်ခြုံနှိပ်ရန်အတွက် ဓာတ်ဆေးတောင့်များနှင့် ခိုင်တွဲများကိုသာ တစ်ခုချင်းစီ လိုက်လံသိမ်းဆည်း နေသည်။ မိုးမွှေးက...

"ငါမေးတာ ဖြေဦးလေဟာ"

"ငါ့ကိုငါတောင် အတင်းအကျပ်မမေးခဲ့လို့ ရှောင်လွှဲနေရတဲ့ မေးခွန်းတစ်ခုကို နင်က ဘာဖြစ်လို့ အတင်းအကြပ် မေးနေရတာလဲ မိုးမွှေးရယ်"

မိုးမွှေးထံမှာ သက်ပြင်းချသံ သဲ့သဲ့ကြားရသည်။ ဆက်ပြောဖို့ ချိန်ဆနေဟန်တူ၏။ အတော်ကြာမှ မိုးမွှေးက...

www.burmeseclassic.com



အချစ်ဆိုတာ အရေးကြီးတယ်လို့ ပြောကြတယ် နော်။ အဲဒီ ဖော်ဆိုတဲ့ လူကို နင် ချစ်လိုက်မိရင် အရမ်းကြီးမားတဲ့ တန်ဖိုးတစ်ခုကို နင်ပေးဆပ်ရပါလိမ့်မယ်။ နင်...အဲဒါကို နားလည်ရပါလိမ့်မယ် နော်"

နန္ဒာဝေရည်က ခေါင်းကို ငုံ့ထားသည်။ ရွှေရောင်တောက်ပသော သူမ၏ ဆံပင်တွေက ပခုံးပေါ်မှကျပြီး ပန်းရဲ့ ပိုက်ကွန်လိုကြွေ၏။ နန္ဒာဝေရည်က မျက်လွှာတစ်ချက် ပင့်လိုက်ပြီး...

"ငါသိပါတယ်...ခိုမွှင်ရယ်၊ သူ့ အရင်က မိန်းကလေးတွေကို ဘယ်လို ရွံရှာခဲ့တယ်ဆိုတာတွေ အကုန်လုံး ငါ့ကို ခိုးနေကောင်းအပြစ်နဲ့ သူပဲ အစအဆုံး ပြောပြခဲ့တယ်။ သူဟာ...အချစ်ကို တန်ဖိုးထားရကောင်းမှန်းသိတဲ့ လူတစ်ယောက်တော့ မဟုတ်ဘူး။ ဖူးခိုးကြီးနှင့်အတွက် ရွံစရာကောင်းတစ်ခုလို့ပဲ ထင်နေတဲ့လူပဲ"

"သူက နင့်ကိုကော အပျော်ပြေအနေနဲ့ နင့်အချစ်ကိုရော ရွံစရာကြည့်နေတယ်လို့ နင် မထင်ဘူးလားနော်"

"ထင်ရုံထင်နေတာမဟုတ်ဘူး...သိနေတာ။ ငါနှလုံးသား ဟိုးအတွင်းဆုံးထဲက နက်နက်ရှိုင်းရှိုင်း သိနေတာ..."

"အင်း"

"ငါက သူ့ကို ချစ်တယ်လို့ အဖြေပေးလိုက်ပြီးတာနဲ့ တစ်ပြိုက်နက် သူ့ရွံစရာကောင်း ပြီးဆုံးသွားပြီလေ။ သူအောင်မြင်သွားပြီပဲ။ အဲဒီတော့ နောက်ထပ်တစ်ပွဲကစားဖို့ သူ ငါ့ကို ရွံပစ်ထားခဲ့တော့မှာပဲပေါ့။ သူ့ရဲ့ အဲဒီအကျင့်ကို ငါသိနေပြီးသားပါ ခိုမွှင်ရယ်"

"ဒါကို သိနေလျက်နဲ့များ...နန္ဒာရယ်၊ နင့်ရင်ထဲက သနားစရာ စိတ်တွေကို အကုန်လုံး တစ်ပေကျွန်အောင် ဖောင်းထုတ်ပစ်လိုက်စမ်းပါ၊ ဒါမှမဟုတ် သူ နင့်ကိုဆက်ပြီး မရှုပ်ယှက်နိုင်အောင် တစ်ခုခုလုပ်ပစ်လိုက်စမ်း...ဟုတ်ပြီ ငါစိတ်ကူးတစ်ခုရပြီ နော"

"ဘာများလဲ"

"နင်ဟာ ခိုးနေကောင်းပဲဆိုတာကို သူ့ သိအောင် ဖွင့်ပြောလိုက်မယ်လေ။ ဒါဆို သူ့ရဲ့အကျင့် သူ့ရဲ့အကြောင်း နင်အားလုံး သိထားပြီးသားဆိုတာ သူ သဘောပေါက်သွားရင် ကိုစ္စပြတ်ပြီလေ။ သူ့ကိုယ်သူ မလုံမလဲဖြစ်ပြီး အလိုလို နောက်ဆုတ်သွားပါလိမ့်မယ်"

www.burmeseclassic.com



နန္ဒာဝေရှည်က စကားတို့ဖြင့် သောဆိုင်းမဲ့နေသည်။ ထိုနောက်မှ

"ဟင့်အင်း...အဲဒီလိုတော့ ငါမလုပ်ရက်ဘူး မိုးမွှင့်ရယ်၊ သူ့ဘဝမှာ ရင်ဖွင့်ရမယ့်လူဆိုလို့ 'ပိုးနံ့ကောင်'တစ်ယောက်ပဲ ရှိတယ်၊ သူ့ရဲ့အပြစ်တွေကို ဖွင့်ဟဝန်ခံဖို့ သူ့ရဲ့ မွန်းကျပ်ငြီးငွေ့မှုတွေကို ဖြေဖျော်ဖို့ သူ့ရဲ့ မကောင်းမှုတွေကို အာပတ်ဖြေဖို့ 'ပိုးနံ့ကောင်'တစ်ယောက်ပဲ ရှိတယ်၊

အဲဒီ 'ပိုးနံ့ကောင်' ဟာ ငါပဲလို့ သူသိသွားတဲ့ အခါကျရင် သူ့မှာ ဘာထွက်ပေါက်မှရှိတော့မှာ မဟုတ်ဘူး။ သူ့ကို နားလည်မှုပေးနိုင်တဲ့ တစ်ယောက်တည်းသော ပိုးနံ့ကောင်ကိုပါ သူ ဆုံးရှုံးလိုက်ရတော့မယ်၊ အဲဒါကို ငါမလုပ်ရက်ဘူး။ မိုးမွှင့်"

"ဘုရားရေ့...နန္ဒာ နင်က သူ့ဘက်က ဝင်ပြီး စဉ်းစားပေးနေနိုင်သေးတယ် ဟုတ်လား။ အို...သူငယ်ချင်းရယ်၊ နင်...သူ့ကို ချစ်တော့ မချစ်လိုက်ပါနဲ့နော်၊ ငါ့ကို အဲဒီတစ်ခုတော့ ပေးရမယ်၊ နင်...အဲဒီလူကို လုံးဝမချစ်ပါဘူးလို့...နော်၊ ငါ့ကို ကတိပေးမယ်မဟုတ်လား...နန္ဒာ"

အံ့ဩတုန်လှုပ်စွာ ပြောနေသော မိုးမွှင့်ကို သူမငေးစိုက်ကာ တွေတွေ ကြည့်နေမိ၏။ ဘာပြန်ဖြေရမည်ကို မသိ။

စဉ်းစားတတ်သော အသိပညာသည် ဟိုး...မိုးကုပ်စက်ဝိုင်းဆီ လွင့်ပါ ပျောက်ဆုံးပြီလေဟုပင် မှတ်ထင်ရ၏။

မိုးမွှင့်ကတော့ သူမလက်နှစ်ဘက်ကို ဆုပ်ကိုင် လှုပ်ယမ်းရင်း...

"ကတိပေးလေ နန္ဒာ၊ ငါ့ကို ကတိပေးစမ်းပါ"

ဟု စိုးရိမ်ကြီးစွာ တောင်းဆိုနေ၏။

နန္ဒာဝေရှည်က အိပ်မက်ထဲမှာ ယောင်ယမ်းစွာ စကားပြောသူ တစ်ယောက်လို လွင့်ပျံ့စွာဖြင့်...

"ကတိပေးရတာလွယ်ပါတယ် မိုးမွှင့်ရယ်၊ ဒါပေမယ့်...သနားတဲ့ စိတ်ဆိုတာ ရေပါသောဘောလုံးတစ်လုံးလိုပဲ။ ကန်ထုတ်လိုက်လို့ နေရာတွေ အမျိုးမျိုး ရွေ့လျားပြီး ပြောင်းလဲချင် ပြောင်းလဲသွားနိုင်ပေမဲ့ ဘယ်တော့မှတော့ ကွဲအက်ပျက်စီးသွားမှာ...မဟုတ်ဘူး။ ပွဲပြီးသွားတဲ့အချိန်အထိ ပြည့်ပြည့်ဝဝ လုံးဝန်းပြောင်လက်နေမှာပဲ"

www.burmeseclassic.com



အင်တာနက် ကဖေးရှေ့၌ သူစီးလာသော ကားတ်ကို အရှိန် သတ်လိုက်သည်။ လက်မှာပတ်ထားသော နာရီကို ကြည့်လိုက်တော့ ညကိုးနာရီထိုးပြီး ငါးမိနစ်ခန့်ရှိပြီဖြစ်၏။

ဒီအချိန်လောက်ဆို ဆိုင်ထဲမှာ ဆန်းမောင်နဲ့အောင်ကြီးတို့ စောင့်နေကြလောက်ပြီဟု တက်တွေးရင်း ခြေမှ ကားတ်ကို ဆောင့်နင်း ကာ ဖမ်းယူလိုက်၏။

သူ ကဖေးဆိုင်ထဲ မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာခဲ့သည်။ သူ မျှော်လင့်ထားသည့်အတိုင်း ဆိုင်ထဲတွင် ဆန်းမောင်နှင့် အောင်ကြီးတို့ ရောက်နေကြ၏။ တစ်ယောက် ကွန်ပျူတာတစ်လုံးစီနှင့် Game ကစား နေကြသည်။ သူက...

"မင်းတို့ကလည်းကွာ...ကလေးမဟုတ်။ သူငယ်မဟုတ်နဲ့ ဆော့ နေရတယ်လို့"

ဆန်းမောင်ကတော့ ကွန်ပျူတာစခရင်များကို သဲသဲမဲမဲ တို့ထိ တိုက်ခိုက်နေရာမှ လှည့်မကြည့်ဘဲ...

"အောင်ကြီးရေ အဓိကသားသေးတဲ့ ငနဲလာပြီဟေ့"

"အေး...အဲဒါကြောင့် ထင်တယ် ဖုံနှောခေါင်းထဲမှာ အနံ့အသက် သိပ်မကောင်းဘူးလို့ တွေးမိသားပဲ"

ဇော်ကတော့ သူတို့နှစ်ယောက်ကို ပြုံးတွန့်ရုံသာ တုံ့ပြန်လိုက် သည်။ ဘာမှမပြော။ ထို့နောက် ကာပတ်ချီနို(Cappuccino float)ကော်ဖီ တစ်ခွက်မှာလိုက်ပြီး သူတို့ကစားပွဲပြီးမည့်အချိန်ကို အေးအေးဆေးဆေး စောင့်ဆိုင်း နေလိုက်၏။

ခဏအကြာတွင် သူ့ရှေ့တွင် ကလပ်ပုံစံ ဖန်ခွက်ကြီးကြီးဖြင့် ထည့်ထားသော Cappuccino ကော်ဖီတစ်ခွက်ရောက်လာ၏။ ဖန်ခွက်အပြင်

www.burmeseclassic.com



နံရံတစ်လျှောက် ရေခဲငွေ့သီးနေသည်။ ကော်ဖီထဲတွင် တစ်ဝက်တစ်ပျက် ပေါ်လောမျောနေသော ရေခဲမုန့်တစ်တုံးကြောင့် ခါးသက်မှုအရသာ လျော့နေပေလိမ့်မည်ဟု တွေးမိ၏။

သူ ကော်ဖီကို ပိုက်ဖြင့် တစ်ငုံစုပ်ယူ၍ သောက်လိုက်သည်။ ရေခဲမုန့်၏ ချိုအီမှုန်ခွဲသော အရသာကသီးခြား၊ ကော်ဖီ၏ ခါးသက် သက်ပျော့ပျောင်းအေးသော အရသာကသီးခြား။ သပ်သပ်စီ ကွဲပြားနေကြ၏။ သူ သိပ်ခံစားချင်မှုမရ၊ တကယ်တော့ ချစ်မှုနှင့်သည် ကာယကံမြှိုနိုးလှုပ် နှင့်တူသော ကော်ဖီတစ်ခွက်သာ ဖြစ်သည်၊ သူမှတွင် အနှစ်သာရထက် ပုံသွင်းမှုတွေ များလွန်းနေ၏။

ထိုသို့တွေးမိရင်း သူ ပြုံးလိုက်သည်။

သန်းမောင်က...

''ဟေ့ကောင်...ဘာတွေတွေးပြီး ပြုံးနေတာလဲ''

''ကိုယ့်ကို စိတ်အနှောင့်အယှက်ပေးနေတဲ့ မိန်းကလေး တစ်ယောက်အကြောင်း တွေးရတာ အရသာရှိလွန်းလို့ပါ''

''ဘယ်သူလဲ...နန္ဒာဝေရှည်လား''

''ဟင့်အင်း...ချစ်မှုနှင့်အကြောင်းတွေးနေတာ''

အောင်ကြီးက...

''ဘာလဲ ချစ်မှုနှင့်က အဲဒီသင်တန်းကို နောက်ထပ်လာသေးလို့လား''

''လာတာမှ...နေ့တိုင်းကိုရောက်နေတာကွ၊ ငါတော့...ဘယ်လို ထွက်ပြေးရမှန်းမသိအောင်ကို ဖြစ်နေတယ်''

''ဘာလဲ မင်းကို လာရိုနေတာလား''

''ငါနဲ့တိုက်ရိုက်တော့ မဆိုင်ဘူးပေါ့၊ သူရည်းစား လွှင်မျိုးသော် ဆိုတဲ့ ကောင်ကို လာလာကြိုနေတာ၊ ဒါပေမယ့် အခု ချစ်မှုနှင့်က မိုးနှင်းနဲ့တော နန္ဒာဝေရှည်နဲ့ပါ တော်တော်ရင်းနှီးနေပြီ၊ သူတို့သုံးယောက်သား စကား တွေကို မြိန်အီးပေါက်သလို တရှစ်ချစ်နဲ့ မရပ်မနားပြောတယ်၊ လက်ဖက် သုတ်အတူ သင်းစားကြတယ်၊ အအေးဆိုင်အတူတူ ထိုင်ကြတယ်''

အောင်ကြီးက နှာကို လက်ညှိုးဖြင့်တခေါက်ခေါက် ခေါက်နေရင်း...

''အဲဒါဆို မင်းအတွက် အခြေအနေ သိပ်မကောင်းဘူးနော်၊

www.burmeseclassic.com



ချစ်မှုဝှက နှစ္စာသေရည်ကို မင်းအကြောင်းတွေ ပြောပြလိုက်ရင် မွဲသိမ်းသွားလိမ့်မယ်''

''ဒါလည်း အဲဒီလိုပဲ တွေးနေတယ် သန့်မောင်၊ ပြောလည်း ပြောလိမ့်မယ်လို့ ထင်တယ်။ ဘယ်အချိန်မှာ အဲဒီစကားကို ဖေါက်ခွဲလိုက်မလဲ ဆိုတာကိုသာ မသိရတာ။ ငါကတော့ ရင်တထိတ်ထိတ်နဲ့ စောင့်နေရတယ်''

သန့်မောင်က ဖက်ထမ်မျက်နှာကို စေ့စေ့ကြည့်ကာ သက်ပြင်းချလိုက်ပြီး...

''လူဆိုတာ ကိုယ်လုပ်ခဲ့တဲ့ အလုပ်ရဲ့ အကျိုးဆက်ကို တာဝန်ယူ ရင်ဆိုင်ရဲတဲ့ သတ္တိရှိရမှာပဲ ဖက်၊ ဘယ်တော့နိုင်မလဲ ရင်ဆိုင်လိုက်ပေါ့ကွာ''

အောင်ကြီးကတော့ ခေါင်းကိုခါယမ်းလိုက်ပြီး...

''ငါ့အနေနဲ့ အကြံပေးရရင်တော့၊ အင်း...မင်း နောက်ဆုတ်လိုက်ပါ ဖက်၊ အချစ်ဆိုတာ မြွေါးလိုပဲ၊ မြန်နိုးတာတဲ့ လက်ဖဝါးပေါ်မှာ ဒီ အတိုင်းတင်ထားရင်တော့ ငြိမ်သက်နေမှာပဲ၊ ဒါပေမဲ့ အဲဒါကို လက်ချောင်း လေးတွေနဲ့ ဆုပ်ကိုင်မယ်ဆို ကြိုးစားမယ်ဆိုရင်တော့ မြွေါးက မင်းရဲ့ လက်ချောင်းတွေကြားက လျှောထွက်သွားလိမ့်မယ်''

ဖက်ကာ နှုတ်ဆိတ်နေတဲ့၊ အောင်ကြီးက သန့်မောင်ကို လှမ်းကြည့်လိုက်ရာမှ ဖက်ထံသို့ မေးငေါ့ပြလိုက်ပြီး...

''နေဦးပါဦး၊ ဒီကောင်က နှစ္စာသေရည်ကို တကယ်ကော လေးလေးနက်နက် ချစ်တာ ဟုတ်ရဲ့လား''

ဖက်က သူ၏ ခပ်သွယ်သွယ်ရှည်လျားသော လက်ချောင်းများဖြင့် ကွန်မြူတာ mouse ကိုအုပ်ကိုင်လိုက်ရင်း...

''နှစ္စာသေရည်ဟာ ဘယ်လိုဖျော်ဖြေတတ်တဲ့ ကောင်မလေးတစ်ယောက်လဲ ဆိုတာကိုတော့ ငါ အရမ်းသိချင်တယ်ကွာ၊ အဲဒီကောင်မလေးရဲ့ အရသာကို ငါ အလေးအနက် ချစ်ရင်လည်း ချစ်မိသွားနိုင်တာပေါ့''

ပြောပြီးသည်နှင့် ညာဘက်လက်ညှိုးဖြင့် Left Clip ကို အသာတို့လိုက်၏။ သူ Chat-Room ထဲသို့ ဝင်လိုက်သည်။

ဝိုးနဲ့ကောင်ကို ဒီအကြောင်းတွေ ပြောပြရင်မှင့်ရှေးမည်။

■■

www.burmeseclassic.com


ကွန်မြူတာ ဖန်သားပြင်ပေါ်တွင် ပေါ်လာသောစာတန်းများကို ကြည့်ရင်း နန္ဒာဝေရှည်က ဇော်ဆိုသော လူတစ်ယောက်ကို ဇော်ဆုပ် မှန်းတီးရှာ သနားနေမိပြန်တော့သည်။

"ပိုးနံ့ကောင်...

ငါတွေ့ရှုသမျှထဲမှာတော့ နန္ဒာဝေရှည်ဆိုတဲ့ မိန်းကလေးဟာ ကော်ဖီတစ်ခွက်ရဲ့ အနှစ်သာရနဲ့ အနီးစပ်ဆုံးတူတဲ့ နတ်သမီးတစ်ပါးပဲ"

ဇော် ရေးပို့လိုက်သော စာသားများက အင်္ဂလိပ်သဒ္ဒါ သိပ်မမှန် ချင်သည့်တိုင် ဆိုလိုရင်း ခံစားမှုကို ထိထိရှရှ ပေါ်လွင်စေ၏။ ဇော်က...

"နန္ဒာဝေရှည်ဟာ...ကော်ဖီတစ်ခွက်ရဲ့ အရောင်လို နက်မှောင် လျှို့ဝှက်တယ်၊ ခါးသက်သက်နဲ့ ဖွဲ့မက်စေတယ်၊ ဒါပေမယ့် သူမရဲ့ရင် ကတော့ ဘယ်လိုရှိမလဲ ငါမသိသေးဘူး။ သူမကိုသောက်လိုက်ရင် အာရုံတွေကို ဘယ်လောက်ထိ နှိုးကြားထောက်ကူပေးနိုင်မလဲ ဆိုတာကိုလည်း ငါ မသိသေးဘူး။ ကြိုးစားရှာဖွေကြည့်နေဆဲပဲ"

နန္ဒာဝေရှည်၏ လက်ချောင်းများက ကွန်မြူတာခလုတ်များပေါ် တွင် လျင်မြန်စွာတို့ထိ လှုပ်ရှားသွားကြသည်။

"တကယ်တမ်း ကော်ဖီနဲ့အတူဆုံးက မင်းကိုယ်တိုင်ပဲ ဇော်၊ မင်းရဲ့စိတ်ဓါတ်က မည်းမှောင်တယ်၊ မင်းရဲ့စိတ်ဓါတ်က ခါးသီးတယ်၊ မင်းဟာ ကမ္ဘာပေါ်မှာ ပထမဦးဆုံးရိုက်ခွဲပစ်သင့်တဲ့ ကော်ဖီတစ်ခွက်ပဲ"

"မင်းမှားနေပြီ ပိုးနံ့ကောင်၊ တကယ်တမ်း ခါးသီးနက်မှောင် နေတာက နန္ဒာဝေရှည်ကို ချစ်မိလို့ ပေးဆပ်နေရတဲ့ ငါရဲ့အတွေ့အကြုံ တွေပါ၊ ငါဟာ (ဘယ်သူမှမလုပ်ချင်တဲ့) အိမ်သာဆေးတဲ့အလုပ်ကို လုပ်နေရတယ်၊ အောက်တန်းစားလို့ အထင်သေးခံရရှာ ဆက်ဆံတာကို ခံနေရတယ်။ (ဒါပေမယ့် ဒါတွေကို မင်းကို ငါ ပြောပြဖို့ မရည်ရွယ်ပါဘူး

www.burmeseclassic.com


ကျေနပ်မှုပြုပြီး မေ့ပစ်လိုက်ပါ”

မေ့ပစ်ဖို့ရလိမ့်မည်ဟု သူမကိုယ်တိုင် သူမဘယ်တုန်းကမှ မယုံကြည်ခဲ့ပါ။ တစ္ဆေတစ်ကောင်ကို မြင်ဖူးခဲ့တဲ့ လူဟာ အဲဒါကို လွယ်လွယ်နဲ့ မေ့ပစ်လို့ရမယ်တဲ့လား...ဟု သူမ၏ ရင်ထဲမှာ တိုးတိတ်စွာ မေးလိုက်သည်။

ဇက် အိမ်သာကို သန့်ရှင်းရေးလုပ်နေသည့် မြင်ကွင်းသည် သူမကို နေ့စဉ်နှင့်အမျှ ခြောက်လှန့်နေသော တစ္ဆေတစ်ကောင်ပင် ဖြစ်လေသည်။

ဇက် အလုပ်ဝင်ပြီး တတိယမြောက်နေ့တွင် ကြုံခဲ့သော အဖြစ်အပျက်ကတော့ သူမ၏ရင်ကို ဆိုးဆိုးရွားရွား နာကျင်စေခဲ့သည့် ကိစ္စပင်ဖြစ်၏။

အဲသည်နေ့က ကိုယ်လက်သန့်စင်ခန်းကြမ်းပြင်ကို ဆပ်ပြာ မြှုပ်ထနေသော ရေမှုတ်ဖြင့်ဆေးကြောရင်း ဇက်က သီချင်းတစ်ပုဒ်ကို မြူးကြွပေါ့ပါးစွာ လေချွန်နေ၏။ (Alan Jackson၏ သီချင်းဖြစ်လိမ့်မည် ထင်သည်)

ထိုနေ့ ကျောင်းသူတစ်ယောက်က အိမ်သာသင်ပြီး ပြန်ထွက်လာသည်။ ဇက်က ကျောပေးထားသောကြောင့် ထိုကျောင်းသူကို မမြင်မိ။ ဇက်က ကြမ်းပြင်တိုက်သည့် ဘရပ်(ရှ်)လက်ကိုင်ရှည်၏ ရှိုးတံကိုမြှောက်ပြီး ပလတ်စတစ်ရေပုံးထဲသို့ နှစ်လိုက်သည်။

ကျောင်းသူက ဇက်၏နောက်ကျောဘက်မှ ကပ်ပြီးဖြတ် အလျှောက်၊ ဇက်က ရေပုံးထဲမှ ဘရပ်(ရှ်)လက်ကိုင်ရှည်ကို ဆွဲမြှောက်ပြီး ကြမ်းပြင်ပေါ် အချ...

“ဟင်...”

“အား...ဆောရီး”

ကြမ်းပြင်ကို ရေမှုတ်ဘရပ်(ရှ်)တို့ ရိုက်ခတ်မိသော အရှိန်ကြောင့် ရေစက်တစ်ချို့ ဖွာခနဲ လွင့်စဉ်ထွက်သွားပြီး ကောင်မလေး၏ ထဘီ အောက်နားအစွန်းနှင့် ခြေသလုံးမှာ စိုရွှဲသွားသည်။

“ရှင်.. ရှင် ဘယ်လိုလုပ်လိုက်တာလဲ မိုက်ရိုင်းလှချေလား”

www.burmeseclassic.com


''ဆောရိုးဖျား ကျွန်တော် ခင်ဗျား လာနေတာကို မမြင်လိုက်လို့ပါ''

''မမြင်ရအောင် နှင်းမှုန်လုံးကာနေလို့လား။ ဒီမှာ ညှိမိတ်ကွန်ပြီ ဒါ...တမင်လုပ်တာ''

''တမင်လုပ်တာ မဟုတ်ဘူးလို့ ရှင်းပြပြီးပြီပဲဗျာ၊ နည်းနည်းပါးပါး မသွားတာကို ရေခဲဆေးပစ်လိုက်လို့ ရပါတယ်၊ သန့်သွားမှာပါ၊ တစ်ခု တော့ရှိတယ်၊ ခင်ဗျားရဲ့ စိတ်ဓါတ်ကတော့ ရေခဲဆေးရင်လည်း ပြောင်းမှာ မဟုတ်ဘူး''

''အောင်မာ...ရှင် ဘယ်လိုကောင်စားလဲဟဲ့ လူမိုက်လုပ်ချင်လား။ တမင်သက်သက်လည်း စော်ကားသေးတယ်၊ ရှင့်ကို ငါ မန်နေဂျာနဲ့ တိုင်မယ်''

''ဒီလောက်တောင် အမြစ်သည်းနေရင်လည်း သွားတိုင်ဗျာ၊ တိုင်ချင်တဲ့လူနဲ့တိုင်၊ ဘာမှတမင်လုပ်စရာ အကြောင်းကိုမရှိဘူး။ ကျုပ် ဟာသာ ကျင်းအလုပ်လုပ်နေတာ ခင်ဗျားကို ရှုတောင်ရိုက် မနေနိုင်ဘူး''

''ငါကလည်း ရှင့်လို အောက်တန်းစားကို နည်းနည်းမှ ဂရု မစိုက်ဘူး။ ခွေးကိုက်တာ မခံချင်လို့ ခွေးကို လမ်းဖယ်ပေးလိုက်တယ်လို့ မှတ်ပါ၊ ရှင်းလား''

ကောင်မလေးက ပြောပြီး ခြေဆောင့်နင်းကာ လှည့်ထွက်သွား၏။ ဇက်က ပါးစပ်အဟောင်းသား မှင်တက်ကျွက် ကျိတ်မှိတ်မျိုသိပ်ထားရသော မာန၊ နာကျင်မှုတို့နှင့်အတူ ကျန်ရစ်ခဲ့သည်။

နွာဝေရှည်က ထိုအဖြစ်အပျက်ကို အစအဆုံး ငေးကြည့်နေရင်း ရောဂါပိုးမွှားတစ်မျိုး ကူးစက်ဝင်ရောက်ခံလိုက်ရသလို ခံစားရသည်။ ဇက်၏ရင်ထဲမှ နာကျင်မှုသည် သူမဆီသို့ပါ ပြောင်းလဲ ပျံ့နှံ့ စီးဆင်းသွားသောကြောင့်ဖြစ်၏။

သူမတစ်ကိုယ်လုံး ပူလောင်နေသည်။

www.burmeseclassic.com



ကွန်မြူတာရှေ့၌ ထိုင်နေရင်းမှာပင် နေနာဝေရည် တစ်ကိုယ်လုံး ပူလောင် နာကျင်လာသည်။ သူမဆက်ပြီး မခံစားချင်တော့။

သူမ၏လက်ချောင်းကလေးများကို ကွန်မြူတာKey Boardပေါ်တွင် လှုပ်ရှားရင်း ဇက်ဆီသို့ မေးခွန်းတစ်ခု ပေးပို့လိုက်၏။

''ဒါဖြင့်ရင်လည်း မင်းနေနာက်ကို လက်လျှော့လိုက်ပါတော့လား ဇက်ရယ်။ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ဒဏ်ရာအနာတရ အဖြစ်ခံပြီး နေနာဝေရည်ဆီက အချစ်ကို ရယူသိမ်းပိုက်ဖို့ ကြိုးစားနေရတာလဲ''

''အချစ်ဆိုတာ နူးညံ့တဲ့ ဓားသွားတစ်ခုပဲ...ပိုးနှံကောင်''

■■■

www.burmeseclassic.com


# အခန်း-၁၄

ကိုယ်သောက်သန့်စင်ခန်းထဲတွင် Greenday၏ Minority သီချင်းကို ကျယ်လောင်စွာ ဖွင့်ထားပြီး ဖက်တစ်ပေါက် အမြဲမြူနေသည်။

ယနေ့အတွက် အထူးအစီအစဉ်ရှိ၏။ သူ့ မနေ့ညက ဖိုက်ဒါခြင်း အသံသွင်းယူထားသော CD ခွေတစ်ချပ် သူ့ဆီမှာပါလာသည်။

ထိုအခွေထဲတွင် နှစ်သဝေရည်ကို သူပြောချင်သည့် စကားတွေ အားလုံးကို အသံသွင်းထား၏။ ကိုယ်သောက်သန့်စင်ခန်းသို့ နှစ်သဝေရည် လာသောအချိန်တွင် ထိုအခွေကို ဖွင့်ပြမည်ဟု သူရည်ရွယ်ထားသည်။

www.burmeseclassic.com



သီချင်းကို အသံကျန်လိုက်အောင်ဆိုရင်း ခုန်ပေါက်နေသော ဇက်ကို အိမ်သာဝင်သူ သတ်တန်းသားများက 'ဘာအရူးထတာလဲ' ဟူသည့် အကြည့်မျိုး ကြည့်သွားကြသည်။

ဇက်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ ဆောင့်မျှော်ရွှင်းကို မျိုးမြေ့ရှိ သူ့ အာရုံခံစားမှုတွေကို မှုန်ဝါးအသက်ဝင်နေအောင် နှိုးဆွ ထားသည်။

ဂီတဆိုသည်မှာ ကျန်နေသော မျှော်လင့်ချက်တစ်ခုပင် ဖြစ်ပါသည်။

ဟော...နှာဝေရည်လာပြီ။

သူ Greenday၏သီချင်းကိုပိတ်ပြီး CDကို ထုတ်ယူလိုက် သည်။ နှာဝေရည်က သူ့နောက်ကျောဘက်မှ ဖြတ်ကျော်ပြီး ဝင်သွား၏။ ဟိုး...ထောင့်ဆုံးအခန်းဆီသို့ နှာဝေရည် လျှောက်သွားနေသည်ကို သူ မသိမသာ မျက်လုံးထောင့်ကပြီး ခိုးကြည့်၏။

သူ့အကျိုဆိတ်ထဲမှ (အသံသွင်းထားသော)CDခွေကို ဇက်ထဲသို့ ထည့်လိုက်သည်။ အခန်းတစ်ခုထဲသို့ နှာဝေရည် ဝင်သွားကြောင်းကို သေချာအောင် စောင့်ကြည့်ပြီးမှ Play ခလုတ်ကို နှိပ်ကာ ဖွင့်လိုက်၏။

ဓါတ်ပြားက စတင်မြည်နေသည်။ ထိုတေးသွားမှုအကြားတွင် သူ့အသံက ပထိကာလေးရယ်မှ တစ်ဆင့် ပီသစွာ ထွက်ပေါ်လာ၏။

''နှာ...

သွန်သင်သုံးမပြီ တာပြွစ်လို့မရနိုင်တဲ့ အရာတစ်ခုရှိတယ်၊ အဲဒါဟာ အချစ်ပါပဲ၊ အချစ်ဟာ တောတောင်လော်တစ်ချက်ကို သောက်ရ သလိုပဲ အရောင်လွှတယ်၊ ချိုမြိန်တယ်၊ မူးယစ်စေတယ်၊ တာဖြစ် ကန့်သတ်ချက်တွေမှန်သမျှကို ဖောက်ဖျက်ကျူးလွန်ချင်တဲ့ စိတ်တွေ မွေးမွားစေတောင်နိုင်တယ်...နှာ

www.burmeseclassic.com


မနေ့ညက ကျွန်တော် ကိုယ်တိုင်ကို ကော့တေးလ်တစ်ခွက် ဖျော်စပ်ပြီး သောက်ကြည့်မိတယ်၊ ရိုးရိုးလေးပါပဲ၊ ဂျင်အရက် တစ်ဆ၊ သကြားရည် တစ်ဆ၊ လီမွန်ရည် နှစ်ဆခွဲ ဖြန့်ကာတင်လိုက်ရုံနည်းနည်းနဲ့ သံပရာသီးတစ်စိတ် ညှစ်ထားတဲ့ ကော့တေးလ်ခပ်ပြင်းပြင်း တစ်ခွက်ပါ၊

ကမ္ဘာမှာ ကော့တေးလ်ကို တီထွင်သူတွေက သူတို့ဖျော်စပ်ခဲ့တဲ့ ကော့တေးလ်တွေကို နာမည်အမျိုးမျိုး ပေးထားကြတယ်။ Pink Lady, Purple Kiss စသဖြင့်ပေါ့။

ကျွန်တော်ကလည်း ကျွန်တော်တီထွင်တဲ့ ကော့တေးလ်ကို နာမည်ပေးလိုက်တယ်။ 'နှုတ်ခမ်းရည်ကော့တေးလ်' လို့...''

စကားပြောသံဆုံးမှာပင် သူ့လက်တွေက ခေတ်ဆီရောက်သွားပြီး စက်ကို အလျှင်အမြန် ပိတ်ပစ်လိုက်သည်။

သူရှေ့တည့်တည့်ကို ဦးအောင်ဝေက ဘွားခနဲ ရောက်လာသော ကြောင့်ဖြစ်၏။ 'ပြဿနာပဲကွာ၊ အရေးထဲကျမှ ဒီအဘိုးကြီးကလာစရော့...' ဟု သူ့စိတ်ထဲမှာဖြင့် အသံမထွက်ဘဲ ကျိတ်၍ ရေရွတ်လိုက်သည်။

ဦးအောင်ဝေက...

''ဟ...လုပ်စမ်းပါကွာ၊ ကက်ဆက်ဖွင့်ပြန်ပါကွ၊ ဘာသီချင်းလဲ ကျယ်ကျယ်လေးဖွင့်စမ်း ဖွင့်ကွာ၊ ငါလည်း နားထောင်ချင်တယ်''

''အာ...ဟိုဒင်း၊ ဖွင့်လို့မဖြစ်ဘူး အန်ကယ်ရဲ့၊ ကျွန်တော် ဒီနေ့ ကက်ဆက် လုံးဝမဖွင့်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ''

ဖော်ကာ ဒေါ်ပြောလိုက်သည်။ ဦးအောင်ဝေက အံ့အားသင့်သွား၏။

''ဟင်...ဘာဖြစ်လို့လဲ မောင်ရင်ရဲ့''

''ဒီနေ့...တန်ဆောင်မုန်းလပြည့်နေ့''

''ဟာ...မဟုတ်နိုင်တာကွာ၊ ခုမှ သီတင်းကျွတ်ပဲ ရှိသေးတဲ့ဟာ''

''အင်း...အင်း၊ အဲဒါပြောမလို့၊ တန်ဆောင်မုန်းလပြည့်နေ့ မဟုတ်ပေမယ့် ဒီနေ့က ဗုဒ္ဓဟူးဆိုတော့ ဥပုသ်စောင့်ချင်စိတ်နေလို့''

''ဘယ်ကလာ...ဒီနေ့ စနေနေ့ပါကွ''

''အင်းလေ၊ ဗုဒ္ဓဟူးနေ့ဆိုရင်တောင် ကျွန်တော်က သီချင်းဖွင့်ပြီး

www.burmeseclassic.com


မလို့ အခုဟာက စနေနေ့ဆိုတော့ ကျွန်တော့်မွေးနေ့နဲ့ တိုက်ဆိုင်နေတယ်”

ဦးအောင်ဝေလက မျက်မှောင်ကုပ်ကာ တွေ၍ စဉ်းစားနေပြီး...

“ဟာ...ဒီ ရက်အတွက်မှားသွားလို့ကွ၊ တကယ်တော့ ဒီနေ့က သောကြာနေ့ပဲ”

“ဒါပေါ့လေ...ဒါပေါ့၊ သောကြာနေ့မို့လို့သာ ကျွန်တော်က သီချင်းဖွင့်မလိုလို လုပ်တာပေါ့၊ ဒါပေမယ့် ဖွင့်မလိုလို လုပ်ရုံလုပ်တာပါ၊ တကယ်တော့...မဖွင့်ပါဘူး”

ဦးအောင်ဝေလ မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်ကာ ချာလည်ချာလည် ဖြစ်သွားသည်။

“နတ်စမ်းမျိုး...သောကြာသားမျိုးနဲ့၊ ငါကတော့ ရူးချင်လာပြီဟေ့”

ဟုပြောပြီး လိမ့်လိမ့်နှင့် ခပ်သုတ်သုတ်လစ်သွားတော့၏။

တကယ်တမ်း ရူးချင်စိတ်ဖြင့် ကျန်ရစ်ခဲ့သူမှာ ဇော်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နတ္တာဝေရည်က ဦးအောင်ဝေလထံမှ အရှင်လွတ်သွားနှင့်ပြီ ဖြစ်သောကြောင့်ပင်...။

■■

www.burmeseclassic.com


အဲသည်နေ့က တစ်နေ့လုံး ဇော်ကဲ့ဆိုးနေသည်။

ညနေ...ကျောင်းသား ကျောင်းသူတွေအကုန် ပြန်သွားပြီးသည့်တိုင် ဇော်တစ်ယောက်တည်း သင်တန်းခန်းမကို သန့်ရှင်းရေး လုပ်နေသည်။

သင်တန်းနေ့ညပြတွေကတော့ ပြန်သူပြန် နေရစ်သေးသူ နေရစ်နှင့် တစ်ချို့ကတော့ ကိုယ့်အခန်းကိုယ်ပြန်ပြီး ဖျော်ဖြေပွဲများ သီမ်းဆည်း နေကြ၏။

တစ်ခန်းလုံးကို တံမြက်စည်းလှည်းပြီး သွားသောအခါ ဇော်က အမှိုက်ပုံးကိုသယ်ပြီး အခန်းအပြင်ဘက်လွှက်ရန် တံခါးဆီသို့ လျှောက်လာခဲ့၏။ ရုတ်တရက် ကြနိုပေါ်တွင် ခြေသံများနှင့် စကားပြောသံများ ကြားလိုက်ရသည်။

ချစ်မူရင်ဒုံ၏ အသံဖြစ်မှန်း သူနားထဲ မှတ်မိလိုက်၏။ မျက်နှာချင်းဆိုင်တည့်တည့် မတိုးချင်သောကြောင့် ဇော်က တံခါးနောက်ကွယ်မှာယင် ရပ်နေလိုက်သည်။ အသာလှမ်းကြည့်လိုက်သောအခါ နုနုဝေရည်၊ မိုးမှုန်နှင့် ချစ်မူရင်ဒုံတို့သုံးယောက်သား ကြနိုပေါ်တွင် လျှောက်လာကြသည်ကို မြင်ရ၏။

လွှင်းမှိုးသော်တော့မယ်ပါ။ ဒီနေ့ ဖိုင်နဲ ခွင့်ယူထားသည်။ ချစ်မူရင်ဒုံက အကြောင်းမဲ့သက်သက် လာလည်ခြင်း ဖြစ်ပုံရ၏။

သင်တန်းခန်းမနှင့် နီးလာသည်နှင့်အမျှ ချစ်မူရင်ဒုံ၏ စကားပြောနေသော အသံကိုပိုပြီး ပီပီသသ ကြားလာရသည်။

"သမီးကလေ...သူ့ကို ပက်ပက်စက်စက်ကို ပြောသစ်လိုက်တာ သိလား၊ ဒါပေမယ့်...အဲဒီ ဇော်ဆိုတဲ့ လူက သိပ်မျက်နှာပြောင်တာ

www.burmeseclassic.com



ကောက် လိုက်နေတာ ကြာတော့ စိတ်ညစ်လာရော..."

ဘုရားရေ...ပုံအကြောင်း အတင်းပြောနေတာပါလားဟု ဇော်က အနည်းငယ် တုန်လှုပ်စွာ တွေးမိ၏။ ချစ်မူးငုံပြောသည့် စကားထဲတွင် သူသည် ချစ်မူးငုံနောက်ကို အရှက်ကင်းမဲ့စွာ တကောက်ကောက် လိုက်နေခဲ့သည့် မျက်နှာရှူးတစ်ယောက်ဘဝသို့ လုံးလုံး ရောက်နေလေသည်။

'ဪ...ပါးစပ်ရာဇဝင်ထဲမှာတော့ ငါဟာ အဖြစ်ဆိုးလှချည်ရဲ့' ဟု တွေးရင်း ရယ်မောရမလို၊ စိတ်ဆိုးရမလိုလို အမူကြောင်ကြောင် ခံစားရ၏။

ချစ်မူးငုံက (တံခါးနောက်ကွယ်မှ ဇော်ကို မမြင်ဘဲ) အခန်းရှေ့မှာ ဖြတ်လျှောက်သွားရင်း သူမကိုယ်တိုင် လုပ်ကြံ စိတ်ကူးထားသော ဇာတ်ညွှန်းကို ဝေဝေဆာဆာ ဆက်ပြောနေသည်။

"အဲဒါနဲ့ သမီးလည်း သူ့ကို ကောင်းကောင်း ပညာပေးလိုက်ဦးမယ်ဆိုပြီး ချစ်တယ်လို့ အဖြေပေးလိုက်တယ်၊ သူကတော့ သူ့ကိုယ်သူ သိပ်အဟုတ်ကြီး ထင်သွားမှာပေါ့၊ တကယ်ဆို သူ့မှာ စဉ်းစားဉာဏ်မရှိတာများ ပြောပါတယ်၊ သမီးလို အဆင့်အတန်းမျိုးကို သူ့အနေအထားနဲ့ ရနိုင်မှာလား၊ ဟင်း...ဝေးပါသေးတယ်၊ သူ့ထက်သာတဲ့ လူတွေတစ်ပုံကြီး သမီးကိုလိုက်နေကြတဲ့ ဥစ္စာ၊ သူ အရူးအမူးဖြစ်နေတဲ့ အချိန်ကျမှ သမီးသူ့ကို နှစ်ပြားမတန်အောင် ပြောပြီး ဖြတ်ပြစ်လိုက်တယ် လေ၊ အသည်းခွဲပစ်လိုက်တာပေါ့၊ အဲဒီနောက်ပိုင်း သူ လုံးဝ ဦးကျိုးသွားတော့တာပဲ၊ သမီးကြောင့် အသည်းကွဲသွားပြီးတဲ့နောက် သူ ဟော်တော် လေလွင့်သွားသေးတယ်လို့ ကြားတယ်၊ မသနားပါဘူး မေမေရယ်၊ ဟုတ်တယ် မဟုတ်လား"

သူ့ အသိဉာဏ်ဖြင့် မထိန်းချုပ်လိုက်ခင်မှာ ဒေါသက သူ့ ခြေထောက်တွေကို သယ်ဆောင်သွားသည်။

"မဟုတ်ဘူး...လုံးဝမဟုတ်ဘူး"

အခန်းထဲမှ ဝုန်းခနဲ ထွက်လာပြီး လှမ်းအော်ပြောလိုက်သည့် သူ့အသံကြောင့် နေရာဝေချည်၊ ချစ်မူးငုံနှင့် မိမွှင်တို့ သုံးယောက်စလုံး

www.burmeseclassic.com



သူ ချစ်မှုးငုံနှင့် မျက်လုံးချင်းတည့်တည့်ဆိုင်လိုက်၏။ သူ အသက်ရှူသံတွေ မြန်နေသည်။ ချစ်မှုးငုံ၏ မျက်ဝန်းထဲတွင် တုန်လှုပ်မှုကို မြင်ရ၏။

"လူဆိုတာ ကိုယ်လုပ်ခဲ့တဲ့ အလုပ်ရဲ့ အကျိုးဆက်ကို တာဝန်ယူ ရင်ဆိုင်ရဲတဲ့ သတ္တိရှိရမှာပဲ...ဇော်" ဟု ပြောခဲ့ဖူးသော ဆောင်ကြီး၏ စကားသံကို သူ ပြန်ကြားယောင်သည်။ သူ ရင်ဆိုင်ရဲပါသည်။ သူ တာဝန်ယူရဲပါသည်။ ဒီအမှားသည် တစ်ချိန်တုန်းက သူမှားခဲ့သောအမှား၏ အကျိုးဆက်ဖြစ်မှန်းလည်း သူ နားလည်သည်။

ဒီအတွက် လိုအပ်လာလျှင် သူ ဒူးထောက် တောင်းပန်ရမည် ဆိုလည်း တောင်းပန်လိုက်ရုံကလွဲပြီး ဘာမှမတတ်နိုင်။ သူ့မှာ တောင်းပန် ဖို့ သတ္တိရှိပါသည်။

သို့သော် သူရင်ဆိုင်ရမည့် အပြစ်ဒဏ်သည် (အခု ချစ်မှုးငုံ လျှောက်ပြောနေသလိုမျိုး) သိက္ခာတစ်ပြားသားမှမရှိသည့် ပေါ တစ်ယောက်အဖြစ် လုပ်ကြံအမှုပ်ချခံရခြင်းမျိုးတော့ မဖြစ်သင့်ဟု သူ ထင်သည်။

သူ့ခေါင်းကို လျှော့ချလိုက်ပြီး အတတ်နိုင်ဆုံး ထိန်းချုပ်ထား သည့် လေသံဖြင့် သူ စကားစပြောသည်။

"ဒီမှာ...ချစ်မှုးငုံ၊ ခင်ဗျားအခုပြောခဲ့တာတွေ အကုန်လုံး ပြန် ရုတ်သိမ်းလိုက်ရင် ကောင်းမယ်။ ခင်ဗျားနဲ့ ကျွန်တော် ဘာတွေ ဖြစ်ခဲ့ကြ သလဲဆိုတာ ကျွန်တော်တို့နှစ်ယောက် အသိဆုံးပဲ။

ခင်ဗျား ခဏခဏကြွားနေတဲ့ 'အဆင့်အတန်း'ဆိုတဲ့ အတိုင်း အတာဟာ 'မပြောသင့်တာတွေကို ဘယ်လောက်ထိ ထိန်းသိမ်းနိုင်သလဲ' ဆိုတဲ့အပေါ် မူတည်တယ်၊ ခင်ဗျား ပါးစပ်က စည်းကမ်းမဲ့နေရင်တော့ ခင်ဗျားမှာ ဘာအဆင့်အတန်းမှရှိမှာ မဟုတ်ဘူး"

ချစ်မှုးငုံ တစ်ကိုယ်လုံး ဆတ်ဆတ်ခါသွားသည်။ မိုးပွင့်ဘက်လှည့်ပြီး

"မမ...မမ။ သူ သမီးကို သမီးကို စော်ကားနေတာ၊ စော်ကား နေတာ သိပ်မိုက်ရိုင်းတာပဲ၊ ဟင့်...ဟင့်..."

မိုးပွင့်က...

www.burmeseclassic.com



"မင်း ဧည့်သည်နဲ့ ဘာမှရန်ဖြစ်စရာ အကြောင်းမရှိဘူး သွား... မင်းအလုပ် သွားလုပ်ပါ"

သူ နှာကျွန်ရှုံ့ဖြင့် သက်ပြင်းမှုတ်ချသည်။ နောက် နန္ဒာဝရည်ကို တစ်ချက်လှမ်းကြည့်ပြီး ရှာခနဲ လှည့်ထွက်လာခဲ့သည်။

■■

www.burmeseclassic.com



ဟန်ဆောင်ရသည်မှာ ပင်ပန်းလှသည်ဟု နန္ဒာဝေရှည်တွေးမိ၏။ ကော်တစ်ယောက် ဘယ်လောက်ထိရှက်ပြီး ဘယ်လောက်ထိ ဝမ်းနည်းသွားမည် ဆိုသည်ကိုလည်း သူမ တွက်ဆကြည့်၍ ရ၏။

ကော်နှင့် ချစ်မူနှင့်တို့၏အဖြစ်အပျက်ကိုလည်း(ဗိုလ်နှံ့ကောင်းအဖြစ်နှင့်) နန္ဒာဝေရှည်က သိထားခဲ့ခြင်းကြောင့် ကော်၏ ခံစားချက်ကို သူမ စာနာနားလည်ပေးနိုင်ပါသည်။

သို့သော် သူမ၏ ကရုဏာကို ဒီနေရာတွင် ပေါ်ထုတ်ခွင့်မရှိ။ သူမသည် ဒီသင်တန်းတွင် တာဝန်ရှိသူတစ်ယောက်ဖြစ်သည်။ တိမ်းစောင်းခွင့်မရှိ၊ ဘက်လိုက်ခွင့်မရှိ။

သူမ ဝမ်းနည်းကြေကွဲစွာဖြင့်ပင် ကော်ကို ဥပေက္ခာပြုထား လိုက်ရတော့သည်။

■■■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၁၅

လွင်မျိုးသော်၏မျက်နှာကို မြင်လိုက်ရရုံနှင့်ပင် ပြဿနာတစ်ခု ဖော်မည့်မှန်း ဖက် သိလိုက်သည်။ ထို့ကြောင့် တမင်ပင် သူ့အကြည့်ကို ရှောင်ဖယ်ကာ မျက်နှာလွှဲပြီး လှည့်ထွက်ခဲ့၏။

သို့သော်...

"ပေ့ဖကောင်...နေဦး"

လွင်မျိုးသော်၏ မာကျောသော ခေါ်သံကြောင့် သူ့ စိတ်အနှောင့် အယှက် ဖြစ်သွားရသည်။ သူကျောပေးလျက် ရပ်နေလိုက်သည်။

သူ့ပခုံးကို ဆုပ်ကိုင်ကာ ခပ်ကြမ်းကြမ်း ဆွဲလှည့်ခံလိုက်ရ၏။ မျက်နှာချင်းဆိုင်မိသည်နှင့် လွင်မျိုးသော်၏ လက်ကို သူ့ပခုံးပေါ်မှ ထွန်းဖယ်လိုက်သည်။ လွင်မျိုးသော်က...

"ပေ့ဖကောင်၊ မင်းမနေ့က ချစ်မှုံ့ကို ပြဿနာရှာသွားတယ်ဆို"

"ခင်ဗျား...မသိပါဘူး၊ နေစမ်းပါ"

"မင်း...ငါ့ကို လိမ်ဖို့ စိတ်မကူးနဲ့၊ ဘာလို့ မသိရမှာလဲ၊ ငါ အားလုံး သိပြီးပြီ"

"လူတိုင်းဟာ မသိကြတာချည်းပါပဲ၊ ဘယ်အကြောင်းတွေမှာ မသိကြဘူးဆိုတာပဲ ကွဲပြားပါတယ်"

"ပေ့ဖကောင်၊ မင်း၊ ငါ့ကို စကားလည်ကြောင်ပတ်မလုပ်နဲ့နော်၊

www.burmeseclassic.com



လွှင်မျိုးသော်က သူ့ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်။ အမှတ်တမဲ့မို့ သူ နောက်သို့ ယိုင်သွား၏။ ဇော်က စိတ်ကိုလျှော့ချဖို့ ကြိုးစားနေသည်။ သူ့အသက်ရှူသံတွေ ပြင်းလာ၏။

"ဟေ့ကောင်...ဇော် မင်း ငါ့ရည်းစားကို ပြန်တောင်းပန်။ မတောင်းပန်ရင်တော့ ဟင်း...ဟင်း"

"မတောင်းပန်ရင် ဘာဖြစ်မလဲ"

"မတောင်းပန်ရင် မင်းပါးစပ်ထဲက သွားတွေ အကုန်ကျွတ် ထွက်သွားမယ်။ သဘောပေါက်လား"

"သွားတွေက ပါးစပ်ထဲမှာချည်းပဲ နေလာတာ ကြာပြီ တစ်ခါမှ သွားတွေ အကုန်ကျွတ် မထွက်ဘူးတော့၊ ကျွတ်ထွက်သွားရင် ဘယ်လို နေမလဲလို့ သိချင်တယ်"

"ဘာ"

လွှင်မျိုးသော်က ဇော်၏ အင်္ကျီကော်လာစကို လှမ်းဆွဲသည်။ ဇော်က မရှောင်။

လွှင်မျိုးသော်၏ မျက်နှာတည့်တည့်ကိုသာ ခွပ်ခနဲ နေအောင် အားရပါးရ ထိုးချလိုက်၏။

"အား..."

လွှင်မျိုးသော် အော်ဟစ်ညည်းတွားရင်း မျက်နှာကို လက်ဝါးဖြင့် အုပ်လျက် ဖင်ထိုင်လျက်လဲကျသွား၏။

ဇော်...အသာသာပင်လှည့်ထွက်လာခဲ့သည်။ ပေါ့ပေါ့ပါးပါးပင်ဖြစ်၏။ (သူ...ဘာသိုင်းပညာမှ မတတ်ပါ။ မိုးမိုးကားလေးပင် အားရှိပါနို့ ထိုးချလိုက်ခြင်းဖြစ်သည်။ ရှောင်ဖို့ တိမ်းဖို့လည်း မစဉ်းစားပါ။ ထိုသူကို ထိုးရန် ဆုံးဖြတ်ထားသည့်အတိုင်း အတိအကျ အပြည့်အဝ ထိုးပစ်လိုက်ရုံပဲဖြစ်၏)

ဇော်...လမ်းလျှောက်လာရင်း လေချွန်လာခဲ့သည်။

www.burmeseclassic.com



သူ့ ဒုတိယအကြိမ် လေ့ချွန်ရသော နေရာကား သင်တန်းစည်းကမ်းထိန်းသိမ်းရေးမှူး နန္ဒာဝေရှည်၏ရှေ့တွင် ဖြစ်သည်။

လွှင်မျိုးသော်က ဒေါ်သာတာကြီးဖြင့် စကားလုံးတွေ တစ်ခွန်းပြီး တစ်ခွန်း ပစ်ခတ်တိုက်ခိုက်နေသည်။ သူမှာတော့ ဘာမှ ပြန်မပြောရောမနိုး၊ ထို့ကြောင့် လွှင်မျိုးသော်က တစ်ခွန်းပြောလိုက်တိုင်း သူ့ဘက်က လေ တစ်ခါ ပြန်ချွန်သည်။

နောက်ဆုံး နန္ဒာဝေရှည်က မှင်ပြောပြီး တားမြစ်ယူရသည် အထိပင်...။

"ရှင်...လေမချွန်ပါနဲ့ အခု ရှင်ရောက်နေတဲ့နေရာဟာ စည်းကမ်းထိန်းသိမ်းရေးမှူးတစ်ယောက်ရဲ့ ရုံးခန်းမှာဆိုတာ သတိထားပါ"

"ဆောရီး"

ဟု သူပြန်ပြောပြီး တောင်းပန်လိုက်ရသည်။ ဒါကိုပင် လွှင်မျိုးသော်က ဒေါ်သာတာကြီးဖြင့်...

"အဲဒါကြည့် မနန္ဒာ ဒီကောင် သိပ်မိုက်ရိုင်းတယ်၊ ကျွန်တော် ပြောတာ လွန်သလား။ စဉ်းစားကြည့်၊ ဒီကောင်...ဒီကောင်...တော်"

"တစ်ဆိတ်လောက်...စိတ်အေးအေးထားပါ ကိုလွှင်မျိုးသော်၊ ကျွန်မ ပြောလည်အောင်..."

"နိုး...နိုး၊ ကျွန်တော့်ဘက်ကတော့ အေးလည်း မအေးနိုင်ဘူး၊ ပြောလည် မပြောလည်နိုင်ဘူးဗျ၊ ဒါ နိုးနိုးဖော်ကားတော မဟုတ်ဘူးလေဗျာ၊ ကျွန်တော့်အချစ်...ကျွန်တော်"

ဇက်က စကားကို ဝင်ဖြတ်ပြီး...

"အချစ်ဆိုတာ အသိဉာဏ်ရှိတဲ့ လူတွေအတွက်တော့ အင်အား ပဲ၊ ဒါပေမယ် အသိဉာဏ်မရှိတဲ့ လူတွေအတွက်တော့ မိုက်မဲမှုဖြစ်တယ်

www.burmeseclassic.com



ကိုလွင်မျိုးဝေသင်း အခုဒါကိုတော့ ခင်ဗျား မြဲမြဲမှတ်ထားလိုက်ပါ''

နန္ဒာဝေရည်ကား လွင်မျိုးဝေသင်းပါ သူ့ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသောကြောင့် တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

သို့သော် နန္ဒာဝေရည်က ရုတ်ချင်း ဣန္ဒြေပြန်ဆည်လိုက်ပြီး...

''ရှင်တို့ ဒီလို တစ်ယောက်တစ်ခွန်း ပြောနေကြရင်တော့ ပြီးမှာ မဟုတ်ဘူး။ ကဲ...ရှင်တို့နှစ်ယောက်စလုံး အပြင်ကို ထွက်နိုင်ကြပါပြီ၊ ကျွန်မ ဒီကိစ္စကို ဘယ်လိုအဆုံးသတ်ရမလဲဆိုတာ သေသေချာချာ စဉ်းစားပြီး ဆုံးဖြတ်ပါ့မယ်၊ နေ့လည် အားလပ်ချိန်ကျရင် ရှင်တို့ နှစ်ယောက်စလုံး ကျွန်မကို လာတွေ့ကြပါ။ ကဲ...ဒါပါပဲ''

■■

www.burmeseclassic.com



လေထုအေးအေးကော်ပြည့်နေသော ခပ်တိုးတိုးမှတစ်ပါး အားလုံး တိတ်ဆိတ်နေသည်။

နန္ဒာဝေရည်က နံရံကို အဓိပ္ပါယ်မဲ့စွာ ငေးမောကြည့်နေ၏။ အချိန်ကာလသည် လျှို့ဝှက်တိတ်ဆိတ်စွာ အနှောင့်အယှက်ဖြစ်နိုင်သော သတ္တဝါ တစ်ကောင်လို ဖြည်းညှင်းစွာ ရွေ့လျားနေ၏။

“ဒါ...ဘယ်လို ဆုံးဖြတ်ရမလဲ မိုးမွှင်”

သူမက မိုးမွှင်ကို လှမ်းမေးလိုက်သည်။ မိုးမွှင်က တာရှက်များကို ဦးတည်ရာမဲ့စွာ လှနိုတော့ ဖက်ရှုနေရာမှ ခေါင်းမော့ပြီး...

“ဒါလည်း မပြောတတ်တော့ဘူး...နန္ဒာရယ်”

သက်ပြင်းကို ခပ်ညည်းညည်းမှုတ်ထုတ်၏။ နှစ်ယောက်သား တိတ်ဆိတ်နေပြန်ကြပြန်သည်။ အတန်ကြာမှ မိုးမွှင်က...

“တကယ်တမ်းပြောရရင် ကိုယ်တိုင်ကောက်ရောက် တိုးလိုက်မိတာ ကလွဲလို့ ဖက်ကို ဘာမှ ပြောစရာမရှိဘူး။

အလုပ်ပေါ်မှာ အချိန်တာဝန်ကျေတဲ့ လူတစ်ယောက်ပဲ လွှင်မျိုး သော်တို့ စုံတွဲကာပြီး ပြဿနာကို သယ်လာတာ။ ဒါကိုယ်ရေးကိုယ်တာ ကိစ္စပဲလေ၊ ဒီအလုပ်ထဲမှာလာပြီး အတင်းပြောရာ ဘာအကြောင်းမှ မရှိဘူး။ လွှင်မျိုးသော်ကလည်း အဖြစ်မှန်ကို သေသေချာချာ မစုံစမ်းဘဲ ဖက်ကို ဘာမှတွန်းလားခွဲလား ကြိမ်းလားမောင်းလား လုပ်စရာအကြောင်း မရှိဘူး။

တကယ်ဆို နှင်ရောပါပါ မှားတာလည်း ပါတယ်။ အစကတည်း က ဟိုကောင်မလေးလာပြီး ပြောနေတဲ့ အတင်းအဖျင်းတွေကို ဘာနား ပါးနားနဲ့ နားထောင်မနေခဲ့မိရင် အကောင်းသား”

နန္ဒာဝေရည်က မှန်ကန်လှသောသောကြောင့် ခေါင်းကို ခါယမ်းပြီး

www.burmeseclassic.com


အသက်ဝဝ ရှူသွင်းလိုက်၏။ ထို့နောက်...

“အခုကျွန်မတော့ ဘယ်လိုလုပ်မလဲဟာ။ ဘာမှ အရေးမပါတဲ့ ဖြန့်ချိရင်လည်း စည်းကမ်းဆိုင်း လျှော့ခဲ့ရာကျမယ်။ အရေးပါမှု့ဆိုတာကလည်း အလုပ်ထုတ်ပယ်ဖို့ပဲရှိတာ။ ကဲ...ဘယ်သူ့ကို ထုတ်မလဲ။

သန့်ရှင်းရေးဝန်ထမ်းကိုထားပြီး Graphic Designer ကို ထုတ်ပယ်လိုက်ဖို့ဆိုတာက လျှော်ကြားလို့တောင် မကောင်းဘူး။ နောက်ပြီး ဒီကိစ္စမှာ အဝိုးခံလိုက်ရတဲ့လူက လွင်မျိုးသော်ဖြစ်နေတယ်။ လောလောဆယ် အမြင်မှာတော့ နစ်နာတဲ့လူက သူပဲ။

ဒီတစ်ချက်တည်း ကြည့်ပြီး ဆုံးဖြတ်မယ်ဆိုရင်တော့ ဇော်ကိုပဲ ထုတ်ပယ်ရမှာ”

နန္ဒာဝေရှည်၏ စကားသံအဆုံးတွင် မိုးမွှင့်က မျက်နှာမထား တတ်စွာဖြင့် ခေါင်းငုံ့သွား၏။ အတန်ကြာမှ မိုးမွှင့်က...

“သူ့အပေါ်မှာ ငါတို့ သိပ်လွန်လွန်းရာ ကျနေပြီထင်တယ်...နန္ဒာ။ ငါ အရင်းမျက်နှာမှုတာပဲ။ နင်မပြောနဲ့ ငါတောင်...သူ့ကို သနားတယ်သိလား”

‘ငါ့ရင်ထဲက အဆပေါင်းများစွာ ပိုပါတယ် သူငယ်ချင်းရယ်’ ဟု ပြောပြလိုက်ချင်စိတ်ဖြင့် နန္ဒာဝေရှည် နှုတ်ခမ်းတွေ တုန်ယင်နေသည်။

လူဆိုသည်မှာ တစ်ခါတလေ ကိုယ်မလုပ်ချင်သော အလုပ်ကိုလည်း လုပ်ရတတ်ပါသည်။

“ငါလည်း သူ့ကို ဘယ်လိုလုပ်ပြီး ပြောထွက်မှာလည်းဟာ”

နန္ဒာဝေရှည်က ခပ်ညည်းညည်း ပြောလိုက်၏။ ထိုစဉ်မိုးမွှင့်က...

“ဟုတ်ပြီ...ငါအကြံတစ်ခုရပြီ နန္ဒာ။ အင်း...နည်းနည်းတော့ ကလေးဆန်နေမလား...မသိဘူး”

“အင်း...ပြောပါဦး ဘာများလဲ”

“လွင်မျိုးသော်ကိုပဲ ဟန်ပြအနေနဲ့ အလုပ်ထုတ်ပယ်လိုက်”

မိုးမွှင့်၏ စကားကြောင့် နန္ဒာဝေရှည်ခေါင်းရှုပ်သွား၏။

“ဘာ...ဘယ်လို...ဟန်ပြအလုပ်ထုတ်တယ်ဆိုတာက ဘယ်လိုလဲ”

www.burmeseclassic.com


ခေါ်ပြီး 'နှစ်ယောက်စလုံးကို အလုပ်ထုတ်တယ်' လို့ ပြောလိုက်၊ ဒါပေမဲ့ လွင်မျိုးဝေသက်ကိုတော့ တကယ်ထုတ်ပစ်တာ မဟုတ်ဘူးဆိုတဲ့ အကြောင်း ကြိုပြီး အသိပေးထား။

ရွှေမှာတင် ဖက်ကော၊ လွင်မျိုးဝေသက်ကော နှစ်ယောက်စလုံး ထွက်သွားကြပါစေပေါ့။ ပြီးရင်တော့...လွင်မျိုးဝေသက်က တစ်နေရာရာက လှည့်ပြီး ဒီကိုပြန်လာရုံပဲ ရှင်းလား"

"အဲဒီလို လုပ်တော့ကော...ဘာထူးလာမှာမို့လို့လဲ"

နန္ဒာဝေရည်က ထပ်မေးလိုက်သည်။ မိုးမွှင်က...

"အနည်းဆုံးတော့ ဖက်ရဲ့စိတ်ထဲမှာ ပြဿနာရှာ တစ်ခုရသွားတာပေါ့ဟာ၊ နို့မဟုတ်ရင် ရန်ဖြစ်ကြတဲ့ လူချင်းအတူတူ သူ တစ်ယောက်တည်းကိုပဲ အလုပ်ထုတ်ပစ်တယ်ဆိုရင် သူဘယ်လို ခံစားရမလဲ နှင်း စဉ်းစားကြည့်လေ..."

နန္ဒာဝေရည်က သက်ပြင်းကို လေးလေးပင်ပင်ချရင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်...မိုးမွှင်း လောလောဆယ်တော့ နှင်းပြောသလို လုပ်တာ အကောင်းဆုံးပဲ"

တေးသံပေးစက် အချိန်မှတ်ခလုတ်က အလိုအလျောက် ပိတ်သွားသည် ထင်၏။ ဘယ်အချိန်ကတည်းက ရပ်သွားမှန်း သတိပင် မထားမိလိုက်ကြ။

အခန်းထဲတွင် မှုလောင်နေ၏။

■■■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၁၆

နွေနှာဝေရည်က သူမ၏ မျက်နှာကို တည်ငြိမ်စွာ ကြည့်ပြီး ဘာအရိပ်အရောင်မှ အစွန်းအထင်း ရှိမနေအောင် သေသေသပ်သပ် ထိန်းချုပ်ထား၏။

သူမ့မျက်ဝန်းများက ရှေ့တွင်ထိုင်နေသော လွှင်မျိုးအောင်နှင့် ခက်ကို အေးစက်စွာကြည့်လိုက်သည်။ ထို့နောက်…

''ပြောရမှာ စိတ်မကောင်းစရာဖြစ်ပေမယ့် ဒီကိစ္စကို ရှောင်လွှဲနေလို့လည်း မရဘူး။ ဒီတော့…တိုတိုနဲ့လိုရင်းပဲပြောမယ်၊ ရန်ဖြစ်တာကို ဒီသင်တန်းမှာ လုံးဝ လက်မခံနိုင်ဘူး။

ဒါကို ရှင်တို့လည်း နားလည်ပြီးသားဖြစ်မှာပါ။ ကျွန်မရဲ့တာဝန်က ဘယ်သူမှန်တယ် ဘယ်သူမှားတယ်ဆိုတာကို ဆုံးဖြတ်ဖို့မဟုတ်ဘူး။ ကျွန်မက တရားသူကြီးလည်း မဟုတ်ဘူး။

ကျွန်မ အလုပ်က ယောဂီသင်တန်းရဲ့ ကောင်းရာကောင်းကျိုးကို စောင့်ရှောက်ဖို့ပဲ၊ ဒါကြောင့် ဒီသင်တန်းမှာ နောက် ရန်မဖြစ်အောင် စိုးမြဲ အရေးယူတဲ့အနေနဲ့ ရှင်တို့ နှစ်ယောက်စလုံးကို အလုပ်ထုတ်လိုက်တယ်၊ လခကိုလည်း တစ်လစာ ကြိုပေးလိုက်မယ်၊ ကဲ…ဒါပါပဲ၊ ရှင်တို့နှစ်ယောက်စလုံး သွားနိုင်ကြပါပြီ''

သူမက စကားကို အဆုံးသတ်ပြီး အံဆွဲထဲမှ လစာငွေများကို ထုတ်ယူလိုက်သည်။ ထို့နောက် လွှင်မျိုးအောင်ရှေ့တွင် ဝိုက်ဆံတစ်ထပ်၊

www.burmeseclassic.com

ဖက်ရှေ့တွင် ပိုက်ဆံတစ်ထပ် ချပေးလိုက်၏။

လွှင်မျိုးသော်က ပိုက်ဆံကို ကောက်ယူလိုက်ပြီး...

"ကျွန်တော့်ကို...သွားခွင့်ပြုပါ"

ဟု ပြောကာ အခန်းထဲမှ ထပြီး ထွက်သွား၏။

ဖက်ကတော့ နည်းနည်းမျှမလှုပ်။ ထိုင်ခုံတွင် ကျောက်ဆစ်ရုပ်တစ်ရုပ်လို ထိုင်မြဲထိုင်နေသည်။ သူ့ရှေ့တွင်ရှိသော ပိုက်ဆံများကိုလည်း တို့ထိခြင်း လုံးဝမရှိ။

ငြိမ်သက်စွာထိုင်လျက် နန္ဒာဝေရည်၏ မျက်နှာကိုသာ စိုက်ကြည့်နေ၏။ နန္ဒာဝေရည်ကတော့ ဖက်နှင့် မျက်လုံးချင်းမဆုံမိအောင် အကြည့်ကို စားပွဲပေါ်မှာ ပန်းပုရုပ်ဆီသို့ ရွှေ့ထားသည်။

ပန်းပုရုပ်က အက်စ်တရီးယား(Astraea) ကရုဏာနတ်သမီး၏ ရုပ်တုဖြစ်၏။ သူမကိုကြည့်နေရင်းမှာပင် နတ်သမီးရုပ်တု၏ မျက်ဝန်းမှ မျက်ရည်စတို့ တလိမ့်လိမ့်ကျဆင်းလာသည်ကို မြင်ရ၏။

အို...မဖြစ်နိုင်ပါဘူး။ သက်မဲ့ရုပ်တုက ဘယ်လိုလုပ်ပြီး မျက်ရည်ကျတတ်မှာလဲ...

ကရင်ကလျော့။ ပြန့်ကျဲသွားသော အတွေးများကို အသေနှင်ကြား ပြန်စုစည်းလိုက်၏။

ထိုအခါကျမှပင် မျက်ရည်စွေ့စွေ့ ဖွဲ့ဝဲနေသည်မှာ မိမိ၏ မျက်ဝန်းအိမ်ထဲတွင်ဖြစ်မှန်း သူမ ချောက်ချားစွာ သတိပြုလိုက်မိတော့သည်။

ဟင့်အင်း...ဟင့်အင်း။ ဒါ...မျက်ရည်ကျလို့ မဖြစ်ဘူး။

ဦးခေါင်းကို မသိမသာခါယမ်းရင်း မျက်တောင်ကို မြန်မြန်ခတ်ကာ သနွေတည်စပြုနေပြီဖြစ်သော မျက်ရည်များကို သတ်ပစ်လိုက်သည်။

ဖက်ရယ်...သွားပါတော့။ ကျေးဇူးပြုပြီး ကျွန်မအနားက ရှင် မြန်မြန် ထွက်သွားလိုက်ပါတော့...

နန္ဒာဝေရည်က စိတ်ထဲမှနေ၍ ဆုတောင်းနေမိသည်။

www.burmeseclassic.com



'သိပ်ကို သွေးအေးလွန်းတဲ့ မိန်းမပဲ' ဟု ဇော်ကာ နန္ဒာဝေရည်ကို စိုက်ကြည့်ရင်း တွေးနေ၏။

မိန်းမတစ်ယောက် ပါးစပ်ပိတ်ထားသည့်အခါ ပို၍ စွဲမက်ဖွယ်ကောင်းမှန်း သူသိခဲ့ပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပို၍ အသိရခက် နက်နဲလာသောကြောင့် ဖြစ်၏။

တကယ်တမ်း ဆွဲဆောင်မှုရှိသော မိန်းမတစ်ယောက်သည် လျှို့ဝှက်သည်းဖို ရုပ်ရှင်ကားတစ်ကားနှင့် တူပါသည်။ သူ့အကြောင်းကို သူကိုယ်တိုင် ဘာတစ်ခုမှမပြောဘဲနှင့် ကြည့်ရှုသူက ကိုယ့်စိတ်ကူးဖြင့်ကိုယ် (မှောင့်ကြည့်အကဲခတ်ရင်း) မှန်းဆကာ ရင်တထိတ်ထိတ် ဖြစ်နေအောင် အဖြေကို ချန်ရစ်ထား၏။

နန္ဒာဝေရည်သည် သူမ၏ ရင်ထဲကအဖြေကို ထုတ်ပြောမည့် မိန်းမမျိုး မဟုတ်ပါ။ (ကြည့်ရှုသူက) ကိုယ့်ဟာသာကိုယ် အဖြေရှာဖွေယူရမည့် မိန်းမမျိုးသာ ဖြစ်ပါသည်။

အဖြေ ဘယ်မှာလဲ...

ဘယ်နေရာမှ လိုက်ရှာဖွေရမှာလဲ...

ဇော်ကာ ထိုင်နေရာမှ ထလိုက်သည်။ သူ့ရှေ့မှ ပိုက်ဆံကို လက်ညှိုးကလေးဖြင့် အသာတောက်ထုတ်ပြီး နန္ဒာဝေရည် ထိုင်နေသော ဘက်ဆီသို့ ပို့လိုက်၏။

ထို့နောက် သူ စကားတစ်ခွန်းမှ မပြောဘဲ လှည့်ထွက်ခဲ့တော့သည်။

အဖြေဘယ်မှာလဲ...

www.burmeseclassic.com



ဘယ်နေရာမှာ လိုက်ရှာနေရမှာလဲ...

ကိုလံဘတ်စ်သည် အမေရိကတိုက်ကို မြေပုံညွှန်းဖြင့် လိုက်လံ ရှာဖွေခဲ့သည် မဟုတ်ပါ။ နှလုံးသားဖြင့်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။

www.burmeseclassic.com



ဇက်က သူ့ပစ္စည်းတွေကို ထုပ်ပိုး သိမ်းဆည်းလိုက်သည်။ အရာရာတိုင်းသည် ပြီးဆုံးသွားပြီလား။ မပြီးဆုံးသေးဘူးလား ဆိုသည်ကို ဝေခွဲရခက်နေ၏။ လောလောဆယ်တွင်တော့ သူ ဘာကိုမှ ဆုံးဖြတ်ချင်စိတ်မရှိပါ။ သန့်ရှင်းရေးဝတ်စုံနှင့် သူ့လော့ကာ သေတ္တာ၏သော့ကို မိုးမှင်းဆီမှာ အပ်ပစ်ခဲ့သည်။ ထို့နောက်...သင်တန်း အဆောက်အဦးပေါ်မှ ဆင်းလာခဲ့၏။

လှေခါးရင်းသို့ ရောက်သောအခါ သူ့ရှေ့မှ ဆင်းသွားနှင့်သည့် လွင်မျိုးသော်နှင့် ဆုံသည်။ လွင်မျိုးသော်၏ လက်ထဲတွင်တော့ စတီး ထမင်းချိုင့်တစ်လုံးနှင့် ဖိုင်တွဲတစ်တွဲသာ ကိုင်ထား၏။

လွင်မျိုးသော်က သူ့ကို တစ်ချက်လှမ်းကြည့်သည်။ ဘာမှန်းတော့ မသိ၊ အဓိပ္ပါယ်ဝေခွဲရခက်သည့် အကြည့်တစ်မျိုးပင် ဖြစ်၏။

ဒါကိုလည်း သူ အမြဲရှာမနေတော့၊ ပေါ့ပေါ့ပါးပါးပင် မေ့ပစ်လိုက်သည်။ သူလည်း သူ့လမ်းသူသွား၊ ကိုယ်လည်း ကိုယ့်လမ်း ကိုယ်သွားရုံသာ ရှိတော့သည်။

နိုက်ပဲသောလုပ်ရပ်တစ်ခုကို သူတို့နှစ်ယောက်အတူ လုပ်ခဲ့ကြသည်။ ယခု အဲဒီလုပ်ရပ်၏ အကျိုးဆက်ကို နှစ်ယောက်စလုံး ညီတူမျှတူ ခံကြရပြီမဟုတ်လား။ ဘာမှ ထပ်ဆောဒကတက်နေစရာ မရှိတော့။

သူလည်း အလုပ်ထုတ်ခံရသည်၊ ကိုယ်လည်း အလုပ်ထုတ် ခံရသည်။

'အိုကေ...သင်၏ တရားမျှတမှုအတွက် ကျေးဇူးတင်ပါတယ် ဇော်နေ့ဝေရှည်'...လမ်းထိပ်သို့ရောက်သောအခါ ဇက်က ညာဘက်သို့ ချိုးကွေ့ပြီး မြို့ထဲဘက်သို့ လျှောက်သွားသည်။

www.burmeseclassic.com



သွားလေလေသည်။

သူနှင့် မြန်မာပြည်တွေ့စရာ ဘာအကြောင်းမှမရှိတော့ ဟု ဇော် စိတ်ထဲက မှတ်ယူလိုက်သည်။

သို့သော်...

www.burmeseclassic.com



"အားလုံး ပြီးခဲ့ပြီလား...နနွာ"

ဟု မိုးမွှင်က လှမ်းမေးဆဲ။ သူမ၏ လေသံက စာမေးပွဲကျမည် မှန်း ကြိုသိနေသော ကျောင်းသားတစ်ယောက်ကို 'ဖြေခဲ့ပြီးပြီလား' လို့ မေးလိုက်သလို ဖြစ်နေ၏။

နနွာဝေရှည်က မောပန်းနွမ်းနယ်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မိုးမွှင်၏ နံဘေးခုံမှာ တစ်ကိုယ်လုံး ပုံလျက်သား လဲကျသွားတော့ မည်ကဲ့သို့ ထိုင်ချလိုက်၏။

သူမ၏ မျက်ဝန်းထဲတွင် ဝမ်းနည်းကြေကွဲခြင်း၏ အသိမ်းအမှတ် ခရမ်းဖြာသန်းလျက် ရှိလေသည်။

မိုးမွှင်က...

"ဆုံးဖြတ်ချက်ချတယ်ဆိုတာ တစ်ခါတလေမှာ ခွဲစိတ်ကုသရာဝန် တစ်ယောက်လိုမျိုးပဲ နာကျင်မယ်မှန်း သိရက်သားနဲ့ လှီးထုတ်ပစ်လိုက် ရတာတွေလည်းရှိတယ် နနွာ"

"ဒါပေမယ့် တစ်ချို့လူနာတွေကျတော့လည်း ခွဲစိတ်ကုသခံရမယ့် နည်းလမ်းနဲ့စာရင် သေခြင်းတရားကို ရွေးချယ်သွားကြတာ ရှိတယ် မဟုတ်လား"

"ဘာဆိုတာ ရွေးချယ်မှုပါပဲ။ ဘယ်တော့မှ နှစ်မျိုးနှစ်စားမရဘူး တစ်မျိုးပဲရမယ်။ ဂျာမန် ဒဿနဆရာ ကဲကီးဂါဒ် ပြောသွားတာ အဲဒါပဲ။ နင်ရွေးချယ်ခဲ့တာဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အဖြေတစ်ခုပါ...နနွာရယ်"

"တစ်ခါတလေတော့လည်း ငါ...နာကျည်းမိတယ် မိုးမွှင်ရယ်။ လူဆိုတာ ဖြစ်သင့်ဖြစ်ထိုက်ခြင်းတွေရဲ့...ကျေးကျွန် မဟုတ်ဘူးလေ။ ငါတို့ဟာ ကိုယ်ဖြစ်ချင်တာတွေရဲ့ သခင်ပဲဖြစ်ရမှာပေါ့။ ဟုတ်တယ် မဟုတ်လားဟင်၊ ပြောစမ်းပါဦး မိုးမွှင်ရဲ့"

www.burmeseclassic.com



ဗိုးမှုင်...ဘာမှမပြော။ နှုတ်ခမ်းမရှိသော သစ်ပင်ကဲ့သို့နေသည်။ နန္ဒာဝေရှည်၏ မျက်ဝန်းများထဲတွင် တစ်စုံတစ်ရာကို ရှာဖွေကြည့်နေမိသည်။

သူတို့ နှစ်ယောက်စလုံး နာဖျားမကျန်းမာသူများလို ခံစားနေရလေသည်။

ထိုစဉ် အခန်းတံခါးကို တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်၏။ လှိုင်မျိုးအောင် ဝင်လာသည်။ သူ့ကို ဟက်ဟက်ပက်ပက် နှုတ်ဆက်စရာစကားမရှိသလို ဖြစ်နေ၏။

လှိုင်မျိုးအောင်က အခန်းတံခါးကို ပြန်ပိတ်ရည်ပြုသည်။ ဗိုးမှုင်က အခန်းတံခါးပိတ်ထားပြီး စကားပြောနေလျှင် သူများက တစ်မျိုးထင်မှာစိုးသဖြင့်...

"ရပါတယ်...ကိုလှိုင်မျိုးအောင် တံခါးကို ပြန်မပိတ်ပါနဲ့ ဒီအတိုင်းပဲ ဖွင့်ထားလိုက်ပါ၊ လာ...ထိုင်"

လှိုင်မျိုးအောင်က စားပွဲရှေ့တွင် ဝင်ထိုင်လိုက်ရင်း နန္ဒာဝေရှည်ပေးခဲ့သည့် တစ်လစာလခစိုက်ဆံကို ပြန်ပေးသည်။

"ကျွန်တော် နောက်လမ်းကနေ လှည့်ပြန်လာတာ။ ဟိုကောင်ကတော့ မြို့ထဲဘက်ကိုသွားပြီ၊ ဒီကောင်..."

"ထားလိုက်ပါတော့ ကိုလှိုင်မျိုးအောင်၊ ဖြစ်ပြီးခဲ့တဲ့ အကြောင်းတွေကို မေ့ထားလိုက်ကြရအောင်ပါ၊ ဒါတွေဟာ ဘယ်သူ့အတွက်မှ စိတ်ချမ်းသာစရာ မဟုတ်ခဲ့ပါဘူး။ ကဲ...ရှေ့ဆက် ဘာဆက်လုပ်ကြမလဲ ဆိုတာသာ ကျွန်မတို့ အာရုံစိုက်ကြရအောင်"

"နောက်တစ်ပတ်ထဲကျရင် စမယ့် ကျူတိုရီရယ်အတွက် ဘာတွေ စီစဉ်ထားသလဲဆိုတာ ကျွန်မကို ပြောပါဦး" ဟု နန္ဒာဝေရှည်က မေးလိုက်သည်။

www.burmeseclassic.com



ကဖေးဆိုင်ထဲ ဝင်ထိုင်မိပြီဆိုမှပင် ဇော် သတိရတော့သည်။ သူက ဆိုင်ပိုင်ရှင်ကို ဖွင့်နိုင်ဖို့ သူ၏ CD magazine box ကိုဖွင့်ပြီး Yanni ၏ Tribute အခွေကို ရှာ၏။

မတွေ့။ သင်တန်းက ကိုယ်လက်သန့်စင်ခန်းထဲတွင် CD Player ဆင်သည့်နေ့တုန်းက နနွာဝေရည်ကို ထိုအခွေထဲက သီချင်း Nightingale ဖွင့်ပြခဲ့ဖူးသည်ကို သူ အမှတ်ထင်ထင်ရှိနေဆဲ...။

အဲဒီအခန်းထဲမှာပဲ ကျန်ခဲ့လေသလား။ ပစ္စည်းသိမ်းသည့် လော့ကာသေတ္တာထဲမှာပဲ ကျန်ခဲ့လေသလားမသိ။ ထိုအခွေကို ပြန်ရဖို့ သူ ဆုံးဖြတ်လိုက်၏။

သူ ကော်ဖီကို ကမန်းကတန်း မော့သောက်လိုက်သည်။ (သူ့ဘဝတစ်လျှောက်လုံး သောက်ခဲ့ဖူးသမျှ ကော်ဖီထဲတွင် အညံ့ဖျင်းဆုံး ကော်ဖီတစ်ခွက် ဖြစ်၏)

ထို့နောက်.. သူ ဆိုင်အပြင်သို့ ထွက်ခဲ့သည်။

သင်တန်းဆီသို့ ခြေဦးပြန်လှည့်လိုက်သည်။

■■

www.burmeseclassic.com

သင်တန်းခန်းမရှေ့ ကြွေနီပေါ် ခြေချရသည်မှာ ဖက်အတွက် ခံတားမှုတစ်မျိုး ဖြစ်နေ၏။ လွန်ခဲ့သော နာရီပိုင်းကလေးအတွင်းကမှပင် ဒီနေရာကို စွန့်ခွာခဲ့ရသည် မှန်သော်လည်း လပေါင်းများစွာ နှစ်ပေါင်းများစွာ ဝေးကွာခဲ့ပြီဖြစ်သလို အောက်မေ့မိသည်။

ဒီနေရာဟာ အခုအချိန်မှာ ငါနဲ့ဘာမှ မဆိုင်တော့ဟုသည့် အသိကြောင့်ပင် အကြိမ်ကြိမ်လျှောက်ခဲ့ဖူးသော ရင်းနှီးပြီးသား ကြွေနီသည် သူ့အတွက် သူစိမ်းဆန်နေလေသည်။

တိတ်ဆိတ်နေသော နန္ဒာဝေရည်၏ အခန်းရှေ့မှ ဖြတ်ကျော်လာခဲ့သည်။ မိုးမွှင့်၏အခန်း A-5 ရှေ့အရောက်တွင် စကားပြောသံတွေ ကြားနေရသောကြောင့် သူ...ခြေလှမ်းတုံ့သွား၏။ အခန်းတံခါး ဖွင့်နေသည်။

နန္ဒာဝေရည်၏ စကားပြောသံကိုလည်း ကြားရသည်။ ပြီးတော့ မိုးမွှင့်၏အသံ...။ ပြီး...နောက်တစ်ယောက်က...နောက်တစ်ယောက်က...

ထို တစ်စုံတစ်ယောက်က ရယ်မောလိုက်၏။ ဖက် နှလုံးသားထဲတွင် ရှုးရှူးစွာ နာကျင်ခါးသီးသွားသည်။

ဖွင့်ထားသော အခန်းတံခါးရှေ့တွင် အသားတွေ တဆတ်ဆတ် တုန်လျက် သူ ရပ်မိလေတော့သည်။

နန္ဒာဝေရည်ကား မိုးမွှင့်ပါ ဖက်ကို ငေးကြောင်ပြီး ကြည့်နေမိကြ၏။ လွင်မျိုးသော်က မြင်းတစ်ကောင်လို သွားဖြီးလျက် ရယ်နေရာမှ အရှိန်တန့်သွားပြီး လှည့်ကြည့်သည်။

ဖက်၏ မျက်လုံးထဲတွင် မုန်းတီးမှုက မီးတောက်မီးလျှံတွေလို တဟုန်းဟုန်း တောက်လောင်နေကြ၏။ သူက နန္ဒာဝေရည်ကို စူးရှ တည်မတ်စွာ ကြည့်လိုက်ရင်း...

www.burmeseclassic.com



"လှည့်ကွက်တွေ သုံးစရာမလိုပါဘူး မနန္ဒာဝေဠည်...ခင်ဗျား ကြိုက်တဲ့ဘက်မှာ ရပ်တည်ခွင့်ရှိတာပဲ၊ လွင်မျိုးသော်ဘက်က ရပ်တည် ချင်ရင်လည်း ဒါဟာ ခင်ဗျားနဲ့ တိုက်တန်တဲ့ ရွေးချယ်မှုဖြစ်လို့နေမှာပေါ့၊ ရပါတယ်၊ ဒါပေမယ့်...ခင်ဗျား မြဲမြဲမှတ်ထားဖို့ ကျွန်တော်ဟာ ရှုံးနိမ့် ရတာကို လက်ခံနိုင်ပေမယ့် လှည့်စားခံရတာကိုတော့ ဘယ်လို အကြောင်း ကြောင့်နဲ့မှ လက်မခံနိုင်ဘူးဆိုတာကိုပဲ"

ပြောပြီးသည်နှင့် အခန်းရှေ့မှာ ချာခနဲ လှည့်ထွက်သွားခဲ့သည်။

ခြေလှမ်းတွေ တစ်လှမ်း...နှစ်လှမ်း...သုံးလှမ်း...(နောက်မှ ပြေးလိုက်လာသော နန္ဒာဝေဠည်၏ ခြေသံများကို ကောင်းကြားရသည်) လေးလှမ်း...ငါးလှမ်း...

သူ...ခေါ်သဖြင့် ခြေလှမ်းတွေကို အရှိန်မြှင့်တင်လိုက်၏။

"ဇော်"

နန္ဒာဝေဠည်၏ လှမ်းခေါ်သံက သူ့နားထဲ တိုးဝင်လာ၏။ သူ... မရပ်၊ ဆက်လျှောက်ဆဲ...

"ဇော်"

နောက်တစ်ခွန်း ထပ်ခေါ်သည် သူ လှည့်မကြည့် ဆက်လျှောက် သည်။

နန္ဒာဝေဠည် နောက်ဆုံးလှမ်းပြောလိုက်သော စကားက ငိုသံပါ လာသည်။

"ရှင့်ကို လှည့်စားရတာက ကျွန်မ...ကျွန်မ..."

ဇော် ခြေလှမ်းကို ရပ်တန့်လိုက်သည်၊ သူ့ကိုယ်သူပင် မသိတဲ့ ငိုးရှိုက်တကြီး အသက်အောင့်ထားမိ၏။

သူမ...သူမ...ဘာပြောမှာလဲ ရင်ခုံသံက တစ်ချက်ချင်း လေးလေး မြည်နေသည်။

"ကျွန်မ..."

မှန်တိုင်း၏ အလယ်ဗဟိုချက်မသည် တိတ်ဆိတ် နက်ရှုိင်းသွား၏။

"ရှင့်ကို...ချစ်လို့"

■■

www.burmeseclassic.com



မိန်းမတစ်ယောက် သိပ်ချစ်လွန်းရင်လည်း...လှည့်စား တတ်သတဲ့ ဒါကို သင်တို့သိကြပါသလား။

www.burmeseclassic.com


လမင်း၏ ဆွဲငင်အားဖြင့်...
ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းကို
ဒီရေတက်သည်ဟုခေါ်၏။
သံယောဇဉ် ဆွဲငင်အားကြောင့်...
နှလုံးသားမျက်နှာပြင် မြင့်တက်လာသည့်အခါ
ရင်ထဲက လျှံကျလာသော
နှင်းဆီပန်းများအားလုံးကို
နန္ဒာဝေရည်သို့ ပေးလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၁၇

"ငိုနှံကောင်ရေ...

ငါတော့ အရှုံးပေါ်နေတယ်။ အိပ်မက်တွေထဲမှာ ရှင်သန်ခြင်းဟာ တာကယ်ရှိတယ်ဆိုတာ ငါသိပြီ ငါနဲ့နန္ဒာဝေရှည်ဟာ ကြောဝရွာကြီး တစ်ခုပါပဲ။ ရယ်မောသံတွေဟာ ဆရှစ်ပေတံခေါင်းလောင်းသံလေးတွေလို အမြဲရောင် ချွတ်ချွတ်ချွေနေတွေ့မှု ဖြစ်တယ်။ ငါတို့နှစ်ယောက် အတူတူ ရှိနေတဲ့အချိန်တိုင်းဟာ ဆောင်းဦးပေါက်ရာသီတစ်ခု ကမ္ဘာကြီးကို လက်ဆောင်ပေးတဲ့ နေ့ဖြစ်တယ်။

ငါတို့နှစ်ယောက် တာကယ်ကို ပျော်နေကြပါတယ် ဖင်းတော... အားမကျဘူးလား၊ ငိုနှံကောင်ရေ..."

နန္ဒာဝေရှည်က အနည်းငယ် ကာလေးဆန်စွာ မှင့်အနှိုင်ဖြစ်စေသော စကားဖ် ခံစားချက်စကားလုံးများကို ဖတ်ရှင်းဖြုံးမိသည်။

ဇော်က...ယခုအချိန်အထိ ငိုနှံကောင်သည် နန္ဒာဝေရှည်ဖြစ်မှန်း မသိသေး။

နန္ဒာဝေရှည်ကလည်း သူ့ကို အဲဒီအကြောင်း ဘယ်တော့မှ မပြောပြရန် ဆုံးဖြတ်ထားသည်။ သူမသည် နေ့အချိန်များတွင် သူ့အတွက် ချစ်သူဖြစ်သလို၊ ညအချိန် အင်တာနက်ပေါ်တွင် လွတ်လပ်မှန်ကန်စွာ ရင်ဖွင့်နိုင်သော မိတ်ဆွေတစ်ယောက်အဖြစ် ဆက်လက် ရပ်တည်ပေးချင်ပါသည်။

www.burmeseclassic.com



ဇော်ကလည်း ညရောက်တိုင်း Chat Roomထဲဝင်၍ ဒီနေ့ သူနှင့် နန္ဒာဝေရှည် ဘာတွေလုပ်ကြသည်။ ဘယ်လိုစကားလုံးတွေ ပြင်းခုန်ကြသည်ဆိုသည်ကို ပိုးနံ့ကောင်ဆီသို့ လှမ်းလှမ်းပြောပြ၏။

"နန္ဒာဝေရှည်ဟာ ငိုအထွက်တော့ အရသာအသေစိတ်ရ ပေးနိုင်တဲ့ ကော်ဖီတစ်ခွက်ပဲ..ပိုးနံ့ကောင်၊ သူနဲ့ငါ တခြားရည်းစားတွေလို ပန်းခြံ မသွားဘူး။ ရုပ်ရှင်ရုံ မသွားဘူး။

သူနဲ့ငါ မြို့ပတ်ရထား လျှောက်စီးကြတယ်သိလား...ပိုးနံ့ကောင်၊ အရမ်းပျော်ဖို့ကောင်းတာပဲ၊ နောက်ပြီး...သူဟာ သိပ်ဉာဏ်ကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်သလို ကယ်သီးကယ်ယယ် မေးခွန်းတွေထုတ်တဲ့ နေရာမှာလည်း သိပ်တော်တယ်...ပိုးနံ့ကောင်ရဲ့"

နန္ဒာဝေရှည်က အသံထွက်အောင်ပင် ရယ်မိသည်။ ဟိုတစ်နေ့က မြို့ပတ်ရထားစီးရင်း ရထားပေါ်မှ ပြင်းခုန်ခဲ့ကြသည်ကို ပြန်မြင်ယောင်လာ၏။

အဲဒီတုန်းက သူမက မေးခဲ့သည်။

"ငါးတွေဟာ ရေသောက်ကြသလားဟင်..."

သူမ၏ မေးခွန်းကြောင့် ဇော် မျက်မှောင်ကြုတ်သွား၏။ သူက အနည်းငယ် စိတ်ရှုပ်သွားဖြင့်...

"အဲ...ဟိုခင်း...သောက်မယ်ထင်တယ်၊ သူတို့လည်း သက်ရှိတွေပဲ၊ ရေသောက်မှ...ဖြစ်မှာပေါ့"

နန္ဒာဝေရှည်က ထပ်မေးလိုက်သည်။

"ဒါဆို...ပင်လယ်ထဲက ငါးတွေကျတော့ကောသူတို့ ပတ်လည်မှာ ရေချိုမှမရှိတာ၊ ဘယ်ကရေမှာနိုင်ပါ့မလဲ ရေသန့်ဗူး ဝယ်သောက်ကြတာလား"

ဇော်က လေက်ပြောက်သွားသည်။ မဖြေနိုင်တော့။ ထို့ကြောင့် အရှုံးပေးသည့်အနေဖြင့် ရထားပေါ်မှဆင်းသည့်အခါ ဇော်က သူမကို ကော်ဖီ ဝယ်တိုက်ရသည်။

အရှုံးပေး ပေးထားက မများလှပါ။ ဘလက်ကော်ဖီတစ်ခွက်သာ ဖြစ်၏။ နန္ဒာဝေရှည်က ဘယ်တော့မှဆို ဘလက်ကော်ဖီ တစ်မျိုးတည်း

www.burmeseclassic.com



ကိုသာ ရွံ့ရွံ့မြိမြိ သောက်တတ်သည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဇော်က ပြန်ပြောသည့်အခါ...

"သူမနဲ့ငါကတော့ အမြဲတမ်း ဆန့်ကျင်ဘက်ပဲ...မိုးနဲ့ကောင်ရေ ငါက ကော်ဖီကို တစ်နေ့တစ်မျိုး အမြဲတမ်း ပြောင်းလဲပြီး သောက်တယ်။ နန္ဒာဝေရည်ကတော့ ဘလက်ကော်ဖီတစ်မျိုးတည်းကိုပဲ သောက်တယ်။ ပြီးတော့...သူက ငါ့ကို အပြောင်းအလဲများတယ်ဆိုပြီး ဝေဖန်လိုက်သေးရဲ့။

ဒါနဲ့...အခုနောက်ပိုင်းကတော့ အရုံးတွေကို ပြောင်းလဲပြီး သတ်မှတ်လိုက်တော့တယ်။ ကော်ဖီတိုက်တွေ မဟုတ်တော့ဘူး။ ဆံပင်ဖြူ နှုတ်ပေးတွေဖြစ်သွားပြီ"

■■

www.burmeseclassic.com


သူများတွေ မသိအောင် လျှို့ဝှက်ထားသင့်သော (အနည်းငယ် ရယ်မောရကောင်းသည့်)အချက်မှာ နန္ဒာဝေရှည်၏ ဦးခေါင်းထက်တွင် ဆံပင်ဖြူလေးငါးခြောက်ပင်ခန့် ဟိုနားနည်းနည်း ဒီနားနည်းနည်း ပေါက်နေခြင်း ဖြစ်ပါသည်။

နန္ဒာဝေရှည်က မေးခွန်းမေးပြီး ဇော်က 'မသိဘူး' ဟူသော အဖြေရသည်။ သုံးခါဆက်တိုက်ကျလျှင် ဦးခေါင်းထက်မှ ဆံပင်ဖြူတစ်ပင်ကို တွေ့အောင်ရှာပြီး နှုတ်ပေးရမည်ဖြစ်၏။

"ကဲ...ပြီးမေးမယ်နော်၊ ရှင်သေသေချာချာ စဉ်းစားပြီးမှ ဖြေ၊ ဘယ်လိုပုံသဏ္ဍာန်ရှိတဲ့ အရာဝတ္ထုမျိုးပဲဖြစ်ဖြစ် ရေထဲပစ်ချလိုက်တဲ့အခါ ရေမျက်နှာပြင်မှာထတဲ့ လှိုင်းရဲ့ ပုံသဏ္ဍာန်ကတော့ အမြဲတမ်း စက်ဝိုင်းပုံစံချည်းပဲဖြစ်တယ်၊ အဲဒါ...ဘာကြောင့်လဲ"

"မသိဘူး"

"သေးငယ်တဲ့ ထရံပေါက်ကနေ ဝင်လာတဲ့ နေရောင်ခြည်က ကြမ်းပြင်ပေါ်မှာ အစက်အပြောက်အနေနဲ့ ကျနေတာ မြင်ဖူးတယ် မဟုတ်လား။ ထရံပေါက်ရဲ့ ပုံသဏ္ဍာန်ဟာ လေးထောင့်ဖြစ်ပေမယ့် အဲဒီထရံပေါက်ကနေ ကျလာတဲ့ နေခြည်ပြောက်ကတော့ စက်ဝိုင်းပုံစံချည်းပဲဖြစ်တယ်၊ အဲဒါ...ဘာကြောင့်လဲ"

"မသိဘူး"

"ရှင်...ကျွန်မကို ဘာကြောင့်ချစ်တာလဲ"

"မသိဘူး"

ဇော်နှင့်နန္ဒာဝေရှည်တို့သည် အခြားချစ်သူစုံတွဲများကဲ့သို့ လှုပ်သည့်အခါ နမ်းခြင်း၊ လက်ကိုကိုင်ခြင်း၊ ပုခုံးကိုဖက်ခြင်းများ မလုပ်ကြပါ။ သူတို့နှစ်ယောက်သည် ရှုံးသည့်အခါတိုင်း ဆံပင်ဖြူနှုတ်သည့် ကိစ္စကို

www.burmeseclassic.com



တက်တက်ကြွကြွ လုပ်ကြပါသည်။

နေလည် နေ့ခင်း ရထားစီးခဲ့ရသည် နည်းပါသည် အခေါက်များတွင် လှုပ်ရှားနေသော တွဲတစ်တွဲပေါ်၌ ဇော်က နွေးချစ်ရည်ကို နှိုးကြောင်းနိုးဝက်ဖြင့် ဆံပင်ဖြူ နတ်ပေးရလေ့ရှိသည်။

ဇော်က...

"သူနဲ့ ရထားစီးရတာ အရမ်းပျော်ဖို့ ကောင်းတာပဲ ပိုနေ့ကောင်းရယ်၊ ဖြစ်နိုင်ရင် တစ်နေ့ကို(၂၄)နာရီလုံးလုံး အဲဒီမြို့ပတ်ရထားကြီးကိုပဲ စီးချင်နေတယ်။

အဲဒီ မြို့ပတ်ရထားကြီးဟာ သိပ်ကို ချစ်စရာကောင်းတဲ့ သတ္တဝါကြီး တစ်ကောင်လိုပဲ၊ အဲဒီရထားကြီးပေါ်မှာပဲ မနက်စာ၊ နေ့လည်စာ၊ ညစာစားမယ်၊ အဲဒီရထားကြီးပေါ်မှာပဲ အိပ်ယာဝင်မယ်၊ အိပ်ယာထမယ်၊

အဲဒီ မြို့ပတ်ရထားကြီးကိုပဲ နေ့တိုင်းနေ့တိုင်း စီးမယ်၊ အခေါက်ရေ တစ်သန်းပြည့်တဲ့ အထိစီးမယ်၊ နောက်ဆုံး ငါသေတဲ့ အခါကျရင်လည်း အဲဒီမြို့ပတ်ရထားကြီးနဲ့ပဲ အသုဘချလိုက်ကြပါတော့"

■■■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၁၈

ဒီဇင်ဘာလ၏ လေပြေညှင်းသည် အပြာစုရောင်သန်းသော ရေခဲငွေ့ မြူမြူတွေကို သယ်ဆောင်လာသည်။ ရတာတ အေးစက်စက် ပိုင်မှလင်း တစ်လုံးကို ဖေါက်ထည့်လိုက်သည့်အခါ ရတက်သော ရနံ့တစ်မျိုးကို ရှူရှိုက်ရ၏။

လက်ဆက်သင်းပျံ့သော အလင်းရောင်သည် အပြန်ကောင်းစင်၍ နေလေသည်။ ရထားသယ်ဆောင်သွားသည့်အတွင်း ယိမ်းနွဲ့တုန်နေကြသော မြက်ပင် စိမ်းစိမ်းတို့၏အရွက်များ၌ နှင်းငွေ့နှင်းစက်တို့ ခိုနေသည်ကို မြင်ရ၏။

တဂျုံးဂျုံး တချက်ချက်မြည်နေသော ရထားတွဲက အရှိန်လျော့ကျသွားသဖြင့် တွဲအတွင်း၌ ဟိုင်းစီးရင်း ဘယ်ညာ ယိမ်းထိုးနေသော လှုပ်ရှားမှု သိသိသာသာ သက်သာသွားသည်။ ရထားက ပါရမီဘူတာသို့ ဝင်တော့မည်။

“ဟန်းနီးမွန်း ထွက်တဲ့အခါကျရင်လည်း ရထားစီးပြီးသွားရရင် ကောင်းမယ်နော်”

နန္ဒာဝေရည်က ရထားဝင်လာခါနီးသဖြင့် ဘူတာပလက်ဖေါင်းပေါ်မှ ဈေးသည်များ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။ ဇော်က...

“ဟန်းနီးမွန်းဆိုတာ ဘာကိုခေါ်တာလဲ...ဟင်”

www.burmeseclassic.com



"လက်ထပ်ပြီးခါစ ပထမဦးဆုံး လကို ခေါ်တာလေ။ ဟန်းနီးမွန်း ဆိုတာ 'ပျားရည်ဆမ်းသော လ' လို့ အဓိပ္ပါယ်ရတယ်"

"တော်တော်ဆိုးရွားတဲ့...နာမည်ပဲ။ ပျားရည်ဆမ်းထားတော့ ယင်ကောင်တွေ တဝုန်းဝုန်း...ဖြစ်နေမှာပေါ့၊ တော့..လက်ထပ်ပြီးစ ပထမဦးဆုံးလဟာ ယင်ကောင်တွေ အုံတဲ့လ...လို့ ပြောချင်တာလား မသိဘူးနော်"

သူ့စကားသံကြောင့် နန္ဒာဝေရည်က ပါးစပ်ကို လက်ဖြင့် ကွယ်ကာ ရယ်မောသည်။ သူမ၏ ရယ်သံတိုးတိုးသည် ရထားဘီးနှင့် သံလမ်းတို့ ပွတ်တိုက်လျှောသံတို့ကြားတွင် ပျောက်ကွယ်သွား၏။

ရထားသည် ပါရမီဘူတာတွင် ရပ်တန့်လိုက်သည်။

နန္ဒာဝေရည်၏ အကြည့်တို့က ပလက်ဖောင်းပေါ် ရွေ့လျားနေရာမှ...

"ဟော...ဟိုမှာ...ဟိုမှာ"

"ဘာလဲဟင်...နန္ဒာ၊ ဘာဖြစ်လို့လဲ"

သူမ ညွှန်ပြရာနေရာသို့ လှမ်းကြည့်လိုက်တော့ တဘက်ပေါင်း တစ်ထည်ကို ခေါင်းပေါင်းထားသည့် အသက်ခုနစ်ဆယ်ကျော် အရွယ်ခန့် ဝိုင်လိုလို ပုံစံနှင့် အဘွားအိုတစ်ဦး။ တော်တော်မွဲခါးပုံရသည်ကို ကျန်းမာရေးလည်း ချို့တဲ့နေဟန်တူ၏။ ချောင်းက တဟွတ်ဟွတ် ဆိုးနေသည်။

အဘွားအို၏ ဘေးတွင်တော့ ဝါးခြင်း အကွက်ကျဲကျဲ ယက်ထားသည့် ခြင်းကျားကြီး သုံးလုံး။ ဈေးမှာ သွားရောင်းဖို့ ဖြစ်ဟန်တူသည်။

နန္ဒာဝေရည်က ကောက်ခါငင်ကာ အဘွားအိုကို လှမ်းခေါ်လိုက်သည်။

"အဘွား...အဘွား...လာပါဦး။ အဲဒီ...ခြင်းတောင်းကြီးတွေ ရောင်းဖို့လား"

"အင်း...အဟွတ်...အဟွတ်"

"ဘယ်အထိ...သွားရောင်းမှာလဲဟင် အဘွား"

"မင်္ဂလာဒုံ၊ အုန်းပင်ဈေးအထိ သယ်ရဲ့...အဟွတ်"

www.burmeseclassic.com


အနည်းငယ်လည်း မောနေပုံရသည်။ နန္ဒာဝေရည်က...

"အို...အမေကြီးပါတော။ အဘွား သွားရောက်ရင် ဘယ်တော်က ရသလဲဟင်"

အဘွားအိုက ချက်ချင်းပြန်မဖြေနိုင်။ သူ့ခေါင်းပေါ်တွင် ဝေါင်းထားသည့် တဘက်ညစ်စုတ်စုတ်ကိုဖြေချကာ မျက်နှာပေါ်မှ ချွေးများကိုသုတ်ရင်း အမောဖြေရသေး၏။ ပြီးမှ...လှူတစ်ရပ်နီးပါး ခန့်ရှိသော မြင်းတောင်းကြီးများကို တစ်ချက်လှည့်ကြည့်ရင်း...

"အဟွတ်...တစ်လုံးကို နှစ်ရာနဲ့ ရောင်းရရင် အဘွားအတွက် အဟွတ်...အဟွတ်...တစ်လုံးငါးဆယ်တော့ ကျန်တာပေါ့...သမီးရယ် အဟွတ်...အဟွတ်။ ဘုရား...ဘုရား ချောင်းကလည်း...ဆိုးလိုက်တာ"

"အဘွား ဈေးအထိ...မသွားနဲ့တော့။ အဘွားမြင်းတောင်းတွေ သမီးပဲ အကုန်ဝယ်လိုက်မယ်...နော်။ ဈေး...ဈေး မအမ်းနဲ့တော့"

နန္ဒာဝေရည်က ပိုက်ဆံအိတ်ကိုဖွင့်ကာ ငါးရာတန် နှစ်ရွက်ထုတ်ပေးလိုက်သည်။ ဇော်က ဘာပြောရမှန်းမသိဘဲ ကြောင်ငေးကြည့်နေစဉ်မှာပင် ရောမြင်းတောင်းကြီး သုံးလုံးက မြင်းပေါက်မှ တဆင့် ရထားတွဲပေါ် ရောက်လာ၏။

"နှုတ်ပါပဲ"

ဟု ဇော်က စိတ်သဲမှုကျိုက်ပြီး ရေရွတ်လိုက်သည်။ 'မြင်းတောင်းတွေ မယူပါဘူး။ အဘွားပဲ ပြန်ယူသွားပါ'ဟု ပြောလိုက်ရန် စိတ်ကူးကာ ရှမ်းကြည့်လိုက်သေးသည်။ မရိတော့။

အဘွားအိုသည် ကလေးငယ်တစ်ယောက်၏ အပြစ်ကင်းစင်သော မြူးတူးပျော်ရွှင်မှုမျိုးနှင့်အတူ တဘက်ညစ်စုတ်စုတ်လေးကို လေထဲတွင် ယမ်းကာ ခုန်ပေါက်တော့မတတ် ပေါ့ပါးသော ခြေလှမ်းများဖြင့် ဘူတာရုံ ယမ်းကြားအတိုင်း ပြေးဆင်းသွားပြီ ဖြစ်၏။ ရထားကလည်း စတင် ထွက်ခွာနေပြီ ဖြစ်သည်။

နန္ဒာဝေရည်က ထိုမြင်ကွင်းကို ပြတင်းပေါက်မှ ငေးကြည့်ရင်း ကြည်နူးပီတိဖြစ်စွာ ပြုံးလဲ့လဲ့ မျက်ဝန်းများဖြင့် ရှမ်းဝေနေ၏။

မချမ်းမြေ့နိုင်သူက ဇော်ပင် ဖြစ်သည်။

www.burmeseclassic.com



မဟာကရုဏာတော်ကို ကိုယ်စားပြုသည့် ဇရာမ ခြင်းတောင်းလွတ်ကြီးသုံးလုံးက သူတဘဝနှံအဖြစ် ပုံကျလာတော့မည့် အကျင့်ကိုတွေးရင်း ငိုချင်သလိုလိုပင် ဖြစ်လာ၏။

ဖြစ်နိုင်လျှင် ဇေဇေဟ အဖွားကြီးလို တဘက်ကလေးကို ကာရင်ခုံးယှဉ်တကာသလို ခေါင်းပေါ်မှာ တင့်ယမ်းပြီး ရထားပေါ်မှ ခုန်ပေါက်ကာ ပြေးဆင်းသွားလိုက်ချင်စိတ် ပေါ်လာသည်။

www.burmeseclassic.com


ထင်သည့်အတိုင်းပင်...။

ရထားပေါ်မှ ဆင်းကာတည်းက ဝိုးဝါးရာမ မြင်းတောင်းလှည်းကြီးများက ဇော်ကို ကောင်းကောင်း ဖူးကြွလာသည်။ ထမ်းပိုးလျှိုပြီး ထမ်းရသောအဆင်ကလည်း သုံးလုံးဖြစ်နေသောကြောင့် ဘက်မမျှ။ နှစ်လုံး (သို့မဟုတ်)လေးလုံးဖြစ်လျှင်လည်း အကောင်းသားဟု တွေးမိသည်။

ရှေ့ပေါ်ရုံဆောင်လည်း လက်တစ်ဘက်စာမက ကြီးမားနေသည်။ ပန်းမြင့် မနိုင်သည်ကလည်း လူတစ်ရပ်နီးပါးမြင့်သောကြောင့် အောက်ခြေက မမြင်ကြီးနှင့်မလွှတ်။

ခေါင်းပေါ်ရွက်လာမိုကတော့ စဉ်းစားကြည့်ရုံမျှပင် တော်တော်ကိုးပိုးကားယားနိုင်လှသော ကိစ္စဖြစ်၏။ ချစ်သူနှင့်အတူ ယှဉ်တွဲသွားဖို့ ကျွဲဆောင်းဘိုမှိုကြောရောင်နှင့် အမြူထွက်ထွက်ကို တခမ်းတနား ဝတ်ဆင်လာခဲ့မိသော လူငယ်တစ်ယောက် လမ်းလယ်ခေါင်တွင် ခေါင်းပေါ်မှာ တောင်းကြီးရွက်သွားရလျှင်...။

''......''

ဇော်က ပါးစပ်မှ တိုးတိုးလေး ဆဲရေးလိုက်မိသည်။ လေသံသဲ့သဲ့မျှသာ ဖြစ်သော်လည်း ရှေ့မှသွားနေသည့် နန္ဒာဝေရှည်က ကြားဖြစ်အောင်ကြားသွား၏။ သူမက လှည့်ကြည့်ပြီး...

''အဆင်မပြေဘူးလားဟင်...၊ ပေးလေ...နန္ဒာ ကိုင်သယ်ပေးပါ့မယ်''

နန္ဒာက မြင်းတောင်းကြီးတစ်လုံးကို ယူရန် လက်ကမ်းသည်။ ဒီလိုတော့လည်း ဘယ်သင့်တော်ပါ့မလဲဟု ဇော်တွေး၏။

''နေပါစေ...ရပါတယ်''

ဟု မြန်မြန်ပြောလိုက်ရသည်။ နှစ်ယောက်သား မြင်းတောင်းကိုယ်စီ

www.burmeseclassic.com



ရွက်သွားကြလျှင် ချစ်တီးက အကြွေးဖြင့် လယ်တွေကို သိမ်းပိုက်သဖြင့် အညာမှ ပြောင်းပြေးလာရသော လင်မယားနှင့် တူနေပေလိမ့်မည်။

နောက်ပြီး...မိန်းကလေးကို ဦးစားပေး ငုံ့ညွှာရမည်ဟု (ဘယ်ရှေးသူတောင်းစားက စတင်တီထွင်သွားခဲ့မှန်း မသိသော) ထုံးတမ်းစဉ်လာကလည်း ရှိသေးသည့်မဟုတ်လား။

ဇော်က အကြံဖြင့် ခြေလှမ်းတွေကို အရှိန်လျှော့ချလိုက်သည်။ ရှေ့မှသွားနေသော နန္ဒာဝေရည်နှင့် သိပ်ကပ်မလိုက်ဘဲ ခပ်ခွာခွာ ချန်နေရစ်ခဲ့၏။

ပြီးမှ...ထိုခြင်းတောင်းကြီးသုံးလုံးကို မချီပြီး လမ်းဘေးသို့ ကန့်ချလိုက်သည်။

''ကဲ...သွားလေရော့''

ဇော် အတော်ပေါ့ပါးသွားသည်။ ထိုစဉ် လူတစ်ယောက်က...

''ညီလေး...ဒီနေရာမှာ အမှိုက်မပစ်ရဘူး။ ပစ်ရင် ဒဏ်ငွေဆောင်ရမယ်''

လှည့်ကြည့်လိုက်တော့ ထိုသူက ညိုပြင်သာသော ဝန်ထမ်းဝတ်စုံနှင့်။

''ဟာ...မပစ်ပါဘူး အစ်ကိုရ မပစ်ပါဘူး။ ဘယ့်မှာ...ပစ်လို့လဲ ကြည့်ပါလား။ ခြင်းတောင်းတွေ ထမ်းလာရတာ မောလို့ ခဏနားနေတဲ့ ဥစ္စာ ဟဲဟဲ...''

ထိုသူ့ကို မျက်နှာချိုသွေးပြီး ဖောဖောက ကန့်ထုတ်လိုက်သဖြင့် ထိန့်ဆင်းသွားသော ခြင်းတောင်းများကို ကမန်းကတန်း ပြန်ကောက်ရသည်။ ထို့နောက်...

''ဟဲဟဲ...သွားမယ်နော်...အစ်ကို''

နေပူရသည့်အထဲ ခြင်းတောင်းကြီး သုံးလုံးက ကြာလေ ပိုပြီးလေးပင်လာလေလေ ဖြစ်နေသောကြောင့် ဇော် စိတ်တိုလာ၏။

'အမှိုက်ပုံ' ဟု ဆိုင်းဘုတ် အနီရောင်လေး စိုက်ထူထားသည့် တစ်နေရာကို လှမ်းတွေ့လိုက်သောအခါ ဇော်က ဝမ်းသာအားရဖြင့်...

''ဟာ...အတော်ပဲ နန္ဒာ ဒီအမှိုက်ပုံမှာ ခြင်းတောင်းကြီးတွေ

www.burmeseclassic.com



လွှင့်ပစ်ခဲ့ရအောင်''

''ဟာ...မလုပ်ပါနဲ့ ယောက်တဲ့သူက သေသေချာချာ ကြိုးစား ပမ်းစားလုပ်ထားတဲ့ ဥစ္စာ ကြည့်ပါဦး...အသွားကြီးရဲ့လက်ရာက သေသေ သပ်သပ်နဲ့ လွှင့်ပစ်လိုက်ရင်...သူ တပင်တပန်း လုပ်ထားတာကို စော်ကား သလို ဖြစ်သွားမှာပေါ့''

''ဘာ...ဘယ်လို''

အံ့သြတကြီး ပြန်မေးလိုက်သည့် ဇော်၏ လေသံက ကျယ် လောင်လှသည်။ နှုတ်ခမ်းရှည်ကတော့ ဘာမှ မထူးခြားသလို လေသံ အေးအေးဖြင့်ပင်...

''အင်းလေ...လွှင့်ပစ်မယ့်အစား အသုံးဝင်မယ့် လူတစ်ယောက် ယောက်ကို ပေးလိုက်ရင် ကုသိုလ်ရတာပေါ့''

''ဒါဆို အသုံးဝင်မယ့်လူကို မတွေ့မချင်း ကိုယ်က ဒီဟာကြီးတွေ ထမ်းပြီး လျှောက်သွားနေရဦးမှာပေါ့...ဟုတ်လား''

''ဘာဖြစ်လို့ ကျွန်မကို...ဒေါသတကြီး အော်ဟစ်ပြောနေရတာ လဲ၊ ဒီကိစ္စဟာ ဒေါသထွက်စို့ လိုအပ်လို့လားဟင်''

''အိုကော...အိုကော၊ ကိုယ် ဒေါသမဖြစ်ပါဘူး''

ဒေါသမဖြစ်ဘူးဟု ပြောလိုက်ရသည့်တိုင် ဇော် နည်းနည်း စိတ်တိုနေ၏။ သူ လမ်းပေါ်ကို လှမ်းကြည့်ပြီး မောင်းလာသော တက္ကစီ တစ်စီးကို လက်ပြကာ တားလိုက်သည်။

ကားသမားက...

''ဘယ်သွားမှာလဲ ညီလေး''

''ဘယ်မှ...မသွားဘူး''

''ဟင်''

''အဲ...ခေါက်ချိုး ဒီလိုပဲ ဇောက်ကြီး ကီလီဗရှောက်သွားမလား ဘယ်လောက်ယူမလဲ''

''ကီလီဗရှာအထိဆိုရင် သောင်နှစ်ရာတော့ ပေးရမယ် ညီလေး''

ဇော်က ရှောသင်မနေတော့ဘဲ အိတ်ထဲမှ ငိုက်ဆံသောင်နှစ်ရာကို ကောက်ပြီးပေးလိုက်သည်။

www.burmeseclassic.com



“လူကတော့ မလိုက်တော့ဘူးဗျာ၊ ဟောဒီ...ခြင်းတောင်းကြီး သုံးလုံးကို အစ်ကိုကားနဲ့ တင်သွားပေးစမ်းပါ”

“ဟော...ဒီခြင်းတွေ အစ်ကိုက ဘယ်မှာချပေးခဲ့ရမှာလဲ”

“မသိဘူးဗျာ၊ ကိုလီဇီရှေ့ရောက်ရင် ကုန်စိမ်းသည် တစ်ယောက်ယောက်ကို တွေ့မှာပေါ့၊ အစ်ကိုပေးချင်တဲ့ သူ့ကိုသာ ပေးပစ်ခဲ့ပေတော့”

တက္ကစီဒရိုင်ဘာက ကြောင်စီစီဖြစ်ကြည့်ပြီး ခြင်းတောင်းသုံးလုံးကိုတင်ကာ မောင်းထွက်သွားသည်။

ဖက်က နန္ဒာဝေရှည်ဘက်သို့ လှည့်လိုက်သည်။ သူမက...

“ရှင်...ကျွန်မကို အရွဲ့တိုက်တာတော့ မဟုတ်ပါဘူးနော်”

သူ ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။

www.burmeseclassic.com



အိမ်ပြန်ရောက်သောအခါ ဇော်တစ်ယောက် နေမထိ ထိုင်မသာ ဖြစ်နေ၏။

နန္ဒာဝေရှည်ကို သူခေါက်ဆံခဲ့ပုံမှာ မှန်သလား။ မှားသလား သူ မဝေခွဲတတ်။ နန္ဒာဝေရှည်ကို ပြန်တောင်းပန်သင့်သလား...ဟု သူ စဉ်းစားသည်။

ဟင့်အင်း...ဘာလို့ တောင်းပန်ရမှာလဲ။ ငါ့ဘက်က မှန်နေသားပဲ။ အို့ကော...မှန်နေရင်လည်း ခပ်တည်တည်နေလိုက်ရုံပေါ့။ ခုတော့... ဘာဖြစ်လို့ ငါ ဂနာမငြိမ်ဖြစ်နေရတာလဲ။

သူ့ကိုယ်သူ ပြန်ထိန်းချုပ်၍ မရဘဲဖြစ်နေသည်။ ထိုကိစ္စကို ဦးနှောက်ထဲက မေ့လျော့ပစ်လိုက်ဖို့ ကြိုးစားသည်။ ကြိုးစားတာမှ ပို့ပိုပြီး သတိရလာ၏။ တော်ပြီ...ပြီးတာလည်း ပြီးခဲ့ပြီပြီဟု သူ့ကိုယ်သူ ပြန်ပြောကြည့်သည်။ မရ။

ဒါကိုပင် ထပ်တလဲလဲ ပြန်စဉ်းစားနေဖြစ်၏။ နောက်ဆုံးတွင် သူ အလေးနှံ့တကြား နားလည်လိုက်သော အချက်တစ်ချက်က ဘွားခနဲ ပေါ်လာသည်။

နန္ဒာဝေရှည်သည် သူ့ရင်ထဲတွင် နေရာယူထားလေပြီ။

သူ့အပေါ် ရစ်ပတ်ခွဲနှောင်ထားသော သမုဒယကြိုးမျှင်များက (သူသတိမထားမိခင်) ဘယ်အချိန်လောက်ကတည်းက ငြိနှိုင်မှာနေခဲ့ပြီလဲ မသိ။

ဒီနေ့ စိတ်ငြိုငြင်အောင် တစ်ခုံတစ်ရာလုပ်ခဲ့မိသည်နှင့်ပင် တစ်နေ့ လုံးလိုလို သူ့မသိစိတ်က သူ့ကို ပြန်လည်ခြောက်လှန့်လျက်ရှိ၏။

သူ့အပြုအမူကို သူ လွယ်လွယ်နှင့် မေ့ပျက်၍မရဘဲ ဖြစ်နေသည်။

www.burmeseclassic.com



အဲဒါဆိုရင်တော့ တကယ်ကို နှောင့်ရောက်ပြီပေါ့။

အရာရာကို လွယ်လွယ်ကူကူ မျှင်းရို့ ငြီးငွေ့ပစ်လိုက်ဖို့သာ အမြဲတမ်း အသင့်ဖြစ်နေခဲ့သော ဖက်သည် 'အချစ်'ကို တကယ်တမ်း တွေ့ရှိရသောအခါ သူ့ဘဝတွင် မထေမဦးဆုံး ထိတ်လန့်ကြောက်ရွံ့မှုကို ခံစားရလေသည်။

ဒါဟာ 'တကယ့်အချစ်'နဲ့ ထိုက်တန်သူကော ဟုတ်ရဲ့လား..ဟု သူ့ကိုယ်သူ ပြန်စဉ်းစားလိုက်၏။ အချစ်ကို အပျင်းပြေ ရွှန်စားခန်း တစ်ခုလို သဘောထားခဲ့တုန်းကတော့ ဘာမှ ပြဿနာမရှိ။

အခုတော့...

ကြောက်စရာကောင်းသော 'တကယ့်အချစ်'သည် သူ့ကိုကော နန္ဒာဝေရည်ကိုပါ ရစ်ပတ်နှောင်ဖွဲ့တော့မည်။

နှောင်ဖွဲ့မှုတွေ ရှည်ကြာနိုင်မလာသည်နှင့်အမျှ သူကြောင့် နန္ဒာဝေရည်၏ နှလုံးသားထဲတွင် ရလာမည့် နှလုံးသားဒဏ်ရာကို မိုးပြီး နက်ရှိုင်း နာကျင်စေမည်မှာ သေချာပါသည်။

ခွဲလန်းမှုဆိုသည်မှ မီးတောက်မီးလျှံလို အချိန်ကြာလာသည် နှင့်အမျှ လောင်ကျွမ်းမှုနက်ဆီးအား မိုကောင်းလာတတ်သည် မဟုတ်လား။

နန္ဒာဝေရည်ထံသို့ ကောက်စီတစ်စွက်ကို မခွဲလန်းခင် ဖြတ်ပစ် လိုက်ဖို့ သူ ဆုံးဖြတ်လိုက်လေသည်။

■■■

www.burmeseclassic.com



# အခန်း-၁၉

မြူတွေဝေ့ဝဲနေသော မြစ်ရေပြင်သည် ခရမ်းရောင် ဖွဲတားစီး သန်းနေ၏။ ရေမျက်နှာပြင် အထက်ဆီမှာ မှုန်မှုန် ဆိုင်းနေသည့် ရေငွေ့တို့သည် မြူခွတ်လွန်းသောကြောင့်ပင် မှောင်သလို ထင်ရသည်။

ကောင်းကင်တွင် အလင်းပြယ်စပြုပြီ။

ရန်ကုန်မြစ်ရေပြင်ကို လှမ်းမြင်ရသည့် ကမ်းနားဆိုင်တွင် သူနှင့်သူမ တိတ်ဆိတ်စွာ ထိုင်နေဖြစ်ကြ၏။

စကားသံကင်းမဲ့သော အချိန်ကာလက ကြာမြင့်နေသည်။

စားပွဲထိုးကလေးက နန္ဒာဝေရည်၏ ရှေ့တွင် ဘလက်ကော်ဖီ တစ်ခွက်လာချသည်။ 'အစ်ကိုကော ဘာမှ မမှာတော့ဘူးလား' ဟု မေး၏။ သူက ခေါင်းခါပြလိုက်သည်။

နန္ဒာဝေရည်က သူ့ကို စိတ်ပူပန်သည့် မျက်နှာဖြင့် ကြည့်ရင်း

''ဟင်...ကော်ဖီ မသောက်ဘူးလား၊ ဘာဖြစ်လို့လဲဟင်၊ နေမကောင်းလို့လား''

သူ...အဖြေရှာနေသည်။ အတန်ကြာမှ...

''နေကောင်းပါတယ်၊ ဒါပေမယ့် ဒီနေ့ကစပြီး ကော်ဖီ မသောက်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ''

ကော်ဖီအသံက အနည်းငယ် အက်ကွဲကွဲ ဖြစ်နေ၏။

www.burmeseclassic.com



''ဘာဖြစ်လို့လဲ''

သူပြုံးနေမြဲ။ စကားလုံးတွေကို ရွေးချယ်ရသည့်မှာ ခက်ခဲလွန်းနေ၏။ ပြုံးရိပ်သန်းလျက် ငေးနေလိုက်သည်။ ထို့နောက် ခဏ...

''မမေးပါနဲ့တော့၊ မင်းကချည်းပဲ ကိုယ့်ကို ပုစ္ဆာတွေ မေးနေတာ များလှပြီ..။ ဒီတစ်ခါ ကိုယ်က တစ်လှည့်ပြန်ပြီး ပုစ္ဆာတစ်ခု မေးပါရစေ နန္ဒာ''

''မေးလေ...''

သူမ၏အသံက ညည်းညူသံလား နားလည်သဘောပေါက်သံလား မကွဲပြား။ ခဏက...

''လူကိုအရသာရှိရှိ တပ်မက်စေတဲ့ ကောင်းကျိုးကိုလည်း ပေးတယ်။ ပြီးတော့ အရသာရှိရှိ တပ်မက်စေတဲ့ ဆိုးကျိုးကိုလည်း ပေးတယ်။ အဲဒီ...ကောင်းကျိုးကိုရော ဆိုးကျိုးကိုရော တစ်ပြိုင်နက်ပေးတဲ့ အရသာ ဘာလဲ''

နန္ဒာဝေရည်က တစ်စုံတစ်ရာ နားကျင်သွားဟန်ဖြင့် ခပ်မှိုမှို ပြုံးလိုက်သည်။ (အဖြေကို သူမကောင်းကောင်းသိပေလိမ့်မည်။ သူမ လည်း ဉာဏ်ကောင်းတဲ့ မိန်းမတစ်ယောက်ပဲလေ) သူမ၏ ဖြေသံက တိုးတိုးလေး...

''ခွဲခွာလွမ်းမှုပေါ့''

''အဲဒီအဖြေမှန်တယ်...နန္ဒာ။ ကိုယ်ဘာလို့ ကောက်ဓါးကို ဖြတ်ရ သလဲဆိုတာလည်း အဲဒါကြောင့်ပဲ။ ကိုယ်ဟာ တစ်စုံတစ်ခုတည်းကို အကြာကြီး မခွဲခွာနေချင်ဘူး။ အဲဒီခွဲခွာလွမ်းမှုဟာ ကိုယ့်ကိုအရသာတစ်ခု ပေးလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ အဲဒီခွဲခွာလွမ်းမှုဟာ ကိုယ့်ကို ချုပ်နှောင် ထားလိမ့်မယ်။ ကျေးဇူးပြုပြီး ကိုယ် နောက်တစ်ခါထပ်ပြောပါရစေ... နန္ဒာ၊ သေသေချာချာ နားထောင်ပါ။

ကိုယ်ဟာ တစ်စုံတစ်ခုတည်းကို အကြာကြီး ခွဲခွာလွမ်းမနေချင်ဘူး''

သူ့စကားသံ အဆုံးတွင် ဆောင်းရာသီသည် ပို၍ အေးစက်သွားသည်။ သူမထံမှ ရှိုက်သံလိုလို တစ်ချက်ကြားရသည်။ သို့သော်

www.burmeseclassic.com



သူမ မျက်ရည်မကျ။

နှာသီးဖျားပေါ်မှာ တိုးဝင်သော ဝင်သက်ထွက်သက်သည် ခိုရွတ် ပျံ့နှံ့နေလေသည်။ နူးညံ့သောအသံက...

"ရှင်...ဒီလို စကားမျိုးပြောမယ့်နေ့တစ်နေ့ ရောက်လာလိမ့်မယ် ဆိုတာ ကျွန်မ ကြိုပြီး သိထားပြီးသားပါ။ ကျွန်မရှင့်ကို ချစ်ခဲ့တယ်။ ရိုးရိုးလေးပဲ ချစ်ခဲ့တယ်။

ကျွန်မက အချစ်ကို ကောင်းကျိုးပေးတဲ့ အရာလို့လည်း မသတ်မှတ်ဘူး။ ဆိုးကျိုးပေးတဲ့အရာလို့လည်း မသတ်မှတ်ဘူး။ အရသာလို့လည်း မတွေးဘူး။ ချုပ်နှောင်မှုလို့လည်း မတွေးဘူး။ ကျွန်မက ချစ်ဖို့အတွက် သက်သက်ပဲ ချစ်ခဲ့တာပါ"

စကားအဆုံးတွင် သူမထိုင်နေရာမှ တည်ငြိမ်စွာထသည်။ Goodbyeဟု နှုတ်မဆက်။ သူမ၏ ကော်ဖီခွက်ကိုလည်း သောက်မသွား။

နောက်သို့ တစ်ချက်မှ ပြန်လှည့်မကြည့်ဘဲ သူမ ကျောခိုင်းထွက်ခွာ သွားလေသည်။

အေးစက်နေသော ကော်ဖီတစ်ခွက်နှင့်အတူ သူ ကျန်ရစ်ခဲ့၏။

ရည်းစားထားရသည်ထက် ရည်းစားကိုဖြတ်ရသည်က အများကြီး ပိုပြီး ခက်ခဲပင်ပန်းလှပါသည်။

ဘဝတစ်ခုလုံး ရှုံးနိမ့်ပြီးဆုံးသွားသူ တစ်ယောက်လို သူ ခံစားရ၏။ တစ်နေရာရာမှာတော့ မှားယွင်းနေပြီဟု စိတ်ထဲက အလိုလို သိနေသည်။

သူ မောဟိုက်ပင်ပန်းလွန်းနေ၏။

■

www.burmeseclassic.com



ည ၉နာရီ ၂၀တွင် ကွန်ပျူတာဖန်သားပြင်သည် နတ်ဆိုး တစ်ပါးလို သူ့ကို လှောင်ပြောင်၍ သရော်၍ ရှုတ်ချနေသည်။

ဇော်က လေးလံ ထုံကျဉ်နေသော လက်များဖြင့် Keyboard ခလုတ်များကို တို့ထိလိုက်၏။

"မိုးနှင်းကောင်း...

ငါကတော့ နေ့ရောညရောတိုက်တဲ့ ကော်ဖီတစ်ခွက်ကို စွန့်လွှတ်လိုက် ပြီ ငါ့ကို အပြစ်မတင်ပါနဲ့...မိုးနှင်းကောင်း၊ ငါ...သူ့ကို စွဲလမ်းရတွန်းလို စွန့်လွှတ်ခဲ့ရတာပါ၊

ငါသူ့ကို အတိုင်းအဆကြီးအကျယ် မရှောင်ချင်ဘူး မိုးနှင်းကောင်း၊ သူ ငါ့ကို ချစ်တဲ့အချစ်က အရသာရှိရှိ ပြင်းထန်နေတယ်၊ အဲဒီအချစ်ဟာ အချိန်ကြာလာတာနဲ့အမျှ သူ့ကိုပြန်ပြီး ဒုက္ခပေးမှာ ကြောက်လာတယ်၊

ငါက 'တကယ့်အချစ်'နဲ့ ထိုက်တန်တဲ့ကောင်မဟုတ်ဘူး၊ ငါက 'တကယ့်အချစ်'ကို ကြောက်နေတာ...

ငါဟာ ဘာကောင်လဲ ငါဟာအချစ်ကို ကိုက်ရှာတယ်၊ တွေ့ပြီ တော့လည်း ကိုယ်ချစ်တဲ့သူ ဒုက္ခရောက်မှာစိုးလို့ ထွက်ပြေးရပြန်ရော...၊ အချစ်ဆိုတာ အဲဒီလို သိမ်ခိုးရှုပ်တဲ့ ရဲဘုံလားဟင်...

ငါ့ကိုဖြေပါ...မိုးနှင်းကောင်း"

မိုးနှင်းကောင်း၏ အဖြေက နက်ရှိုင်းလှပေသည်။

"အချစ်ဆိုတာ ရဲရင့်ခြင်းမဟုတ်ဘူး၊ ကောင်းကင်ဘုံလည်း မဟုတ်ဘူး၊ ကောင်းကျိုးပေးတဲ့အရာလည်း မဟုတ်ဘူး၊ ဆိုးကျိုးပေးတဲ့ အရာလည်း မဟုတ်ဘူး၊ အရသာလည်း မဟုတ်ဘူး၊ ချမ်းမြေ့ခြင်းလည်း မဟုတ်ဘူး။

အချစ်ဆိုတာ ချစ်ဖို့အတွက် သက်သက်ပါပဲ...Goodbye"

www.burmeseclassic.com



သူ့ကွန်မြူတာရှေ့မှ ဝုန်းခနဲ ထရပ်လိုက်သည်။

သူ့ကို တစ်ချိန်လုံး နားလည်မှု အပြည့်အဝပေးခဲ့သည့် 'မိုးနဲ့ကောင်'ဆိုသည်မှာ နန္ဒာဝေရည်ဖြစ်မှန်း သူသိပြီ...။

■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၂၀

မြမွှင့်မိုရ်သင်တန်း ကြော်နေပါတွင် သူ ပြေးလာခဲ့သည်။ ညက တစ်ညလုံး အိပ်မပျော်ခဲ့သောကြောင့် မျက်လုံးတွေကျိန်းစပ်နေ၏။

နန္ဒာဝေရည်၏ အခန်းတံခါးက ထူးထူးခြားခြား သော့ပိတ်ထား သည်။ ထို့ကြောင့် ဇော်က အနီးဆုံးတွင်ရှိသော မိုးမွှင့်၏ အခန်းထဲသို့ ဝင်လိုက်သည်။

"မိုးမွှင့်၊ သူကောဟင်၊ သူဘယ်မှာလဲ"

"မိုးနှင်းကောင်ကိုတွေ့ချင်တာလား၊ နန္ဒာဝေရည်ကိုတွေ့ချင်တာ လား"

ဟု မိုးမွှင့်က ပြန်မေး၏။ ဇော်က...

"နန္ဒာဝေရည်လို့ခေါ်တဲ့ မိုးနှင်းကောင်ကို တွေ့ချင်တာပါ"

မိုးမွှင့်က ဘာမှ ပြန်မပြောသေးဘဲ နှုတ်ဆိတ်နေ၏။ အတော်ကြာမှ

"ရှင်နောက်ကျသွားပြီ နန္ဒာ ရုံးကိုပွန်းခေါက်ပြီး အလုပ်က ထွက်ခွင့်တောင်းတယ်၊ ဒီနေ့ပဲ...သူ့ ရွာကို ပြန်တော့မယ်တဲ့"

သူ ရုံးခန်းထဲမှ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့၏။

■■

www.burmeseclassic.com


မကွေးသို့ ထွက်ခွာမည့် အဝေးပြေးကားဂိတ်တွင် သူ အစော ဆုံးရနိုင်မည့်အချိန်ကို စုံစမ်းသည်။ လက်မှတ်ရောင်းသူက...

''ကျွန်တော်တို့ နှစ်နာရီခွဲမှာ ဂိတ်ထိုးတယ် အစ်ကို၊ သုံးနာရီ အတိမှာ ကားစထွက်တယ်''

ဇာဏီက...

''ဇာဏီက ဒီနေ့ သုံးနာရီကားနဲ့ လိုက်ချင်တာ၊ ထိုင်ခုံတစ်နေရာ စာ ရနိုင်ဦးမလား''

''ကြားခုံတစ်ခုံတော့ ကျန်သေးတယ် အစ်ကို၊ လက်မှတ်ဖြတ် လိုက်ရမလား''

ဇာဏီက ခိုက်ခဲ့နှင့် မှတ်ပုံတင်ကတ်ပြားကို ထိုးပေးလိုက်သည်။ ထို့နောက်...

''ကားကို ဂိတ်မှာလာမစီးနိုင်ရင် ဝင်ကြိုပေးနိုင်မလား ညီလေး''

''လမ်းကြောင်းသင့်ရင်တော့ ကြိုပေးပါတယ်အစ်ကို၊ အစ်ကိုက ဘယ်နေရာက စောင့်ပြီးစီးမှာလဲ''

''ဟောဒီ ဆယ်ခိုင်ကုန်းကို ထွက်တဲ့လမ်းပေါ်မှာပဲလေ၊ Romance လက်ဖက်ရည်ဆိုင်သိလား၊ လမ်းဆုံနားက ခါတ်ဆီဆိုင်ရှေ့မှာလေ''

ဇာဏီက သူတို့ လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်၏ အမည်ကို ပြောပြလိုက်သည်။

''သိတယ်၊ သိတယ်...အစ်ကို''

''အဲဒါဆို ဘယ်အချိန်လောက် စောင့်နေရမလဲ''

''နှစ်နာရီသယ်ငါးလောက် အရောက်စောင့်နေပါ အစ်ကို၊ ဝင်ခေါ်ဖို့ ကျွန်တော်မှာထားပေးလိုက်မယ်''

www.burmeseclassic.com



''အစ်ကို နောက်တော့ မကျစေနဲ့နော်၊ ကားက တော့မှာ မဟုတ်ဘူး။''

ယောက်မှတ်ချောင်းသော ကောင်လေးက စိုးရိမ်တကြီး မှာ၏။ သူက 'အေးပါကွာ' ဟု ပြောပြီး လှည့်ထွက်လာခဲ့သည်။

သူ့သက်ခဲ့တွင် ကားလက်မှတ်ပြတ်ပိုင်းကို ပြန်ကြည့်လိုက်တော့ အဝေးပြေးကားလိုင်းအမည်က...

''သံမယောစဉ်''

အိမ်ပြန်ရောက်သည်နှင့် ရေမိုးချိုးပြီး အထုပ်အပိုး ပြင်ရတော့သည်။ သိပ်များများစားစား ပြင်စရာမလို။ ကျောပိုးအိတ်ထဲသို့ အဝတ်အစားနှစ်စုံနှင့် သွားတိုက်ဆေး၊ သွားပွတ်တံတို့ ထည့်လိုက်လျှင် ပြီးသည်။

နာရီကို ကြည့်လိုက်တော့ ဆယ်တစ်နာရီခွဲသာ ရှိသေးသည်။

တော်သေးသည်လေ၊ စောနေသေး၏။ ထမင်းစားပြီးသောအခါ ညက တစ်ညလုံး မအိပ်ထားရသောကြောင့် မျက်တောင်တွေစင်းလာ၏။

သူ ခဏနားလိုက်ဦးမည်ဟု ရည်ရွယ်ပြီး ခုတင်ပေါ် လှဲချလိုက်သည်။

စိတ်ကို လျှော့လိုက်သောကြောင့်လားမသိ။ ဘာကိုမှ သတိ မထားနိုင်ခင်မှာပင် ချက်ချင်း အိပ်မောကျသွားသည်။

www.burmeseclassic.com


နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ မြန်းခနဲ သူလန့်နိုးလာသည်။

ဟင်...ငါ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားတာပါလိမ့်၊ ဒုက္ခပါပဲ။

စိုးရိမ်စိတ်ဖြင့် ဝေါက်ခနဲ ထထိုင်ပြီး နာရီကို ကြည့်လိုက်သည်။

နှစ်နာရီ ဆယ့်ငါးမိနစ် တိတိ။

သူ ကျောပိုးအိတ်ကို ကောက်လွယ်ပြီး အိမ်ပြတင်းပေါက်မှ လွှားခနဲ ခုန်ကျော်ထွက်လိုက်သည်။

အခုလောက်ဆို လမ်းထိပ်လက်ဖက်ရည်ဆိုင်ရှေ့မှာ ခရီးသည်တင်ကား ရောက်နေလောက်ပြီ။

သူ ရင်တွေ တဒိန်းဒိန်း ခုန်လာ၏။ လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်ဆီသို့ ခြေကုန်သုတ်ပြီး ပြေးထွက်လာခဲ့သည်။

ဟာ...မီမှ မီပါတော့မလား။

အတွေးက ပြေးရသည်ထက်ပင် သူ့ရင်ကို မောစေ၏။

ဟော...ဟော...

လမ်းထိပ်တွင် ခြေရုံရပ်မိသည်နှင့်တစ်ပြိုင်နက် လက်ဖက်ရည်ဆိုင်ဆီသို့ အငမ်းမရ လှမ်းကြည့်လိုက်သည်။

အဝေးပြေး အိတ်စပရက်ကားတစ်စင်း၏ ခေါင်းပိုင်းကို မြင်ရသည်။ ကားသည် လက်ဖက်ရည်ဆိုင်ကို ကျော်လွန်ပြေးနေပြီ။ ကားရှေ့ လေကာ မှန်ပေါ်တွင် ရေးထားသောအမည်ကို ကြည့်လိုက်တော့...

"သိမ်ယောဇဉ်"

ဇော် ဘာမှ စဉ်းစားမနေနိုင်တော့။ ကားလမ်းပေါ် ပြေးဆင်းသွားပြီး လက်နှစ်ဖက်ကို ဆန့်တန်းကာ ကားရှေ့မှာ ရပ်ထားလိုက်၏။

"ဟိုး...ဟိုး ကျွန်တော်လည်း လိုက်မယ်"

ကားက ထိုးရပ်သွားသည်။ ဇော်က ကျောပိုးအိတ်ကို ဆိ

www.burmeseclassic.com


တင်းတင်းလွယ်ရင်း ခရိုင်ဘာနှင့် အနီးဆုံးအပေါက်မှနေ၍ ကားပေါ် အတင်းတိုးတွယ် တက်လိုက်သည်။

အပေါက်ဝနားတွင် ရပ်နေသူနှစ်ဦးက ဘေးသို့ တိမ်းပေးရင်း...

''လာ...လာ...မြန်မြန်တက်၊ ပြုတ်ကျဦးမယ်''

''နောက်ကျတာကိုး''

ဇော်က...

''ဟုတ်ကဲ့၊ မှေးခနဲ အိပ်ပျော်သွားလို့''

ဟု အလိုက်သင့် အလျောသင့် ပြန်ပြောလိုက်၏။ အသက်ကြီးကြီး တစ်ယောက်က...

''မတွယ်နဲ့ မောင်ရင်လေး၊ အပေါ်တက်စီး၊ ဒါနဲ့ ယပ်တောင် ကော ရပြီးပြီလား''

သူ ကြောင်သွားသည်။

အဝေးပြေး အိတ်ပေါက်ကား၊ အများစုက ခရီးသည်ကို ရေသန့် ဘူးနှင့် မျက်နှာသုတ်ရန် စနိုးတာဝါ ပေးကြမြဲထုံးစံသာရှိသည်။ ဒီကားက ထူးထူးခြားခြား ယပ်တောင်ပေးသလားဟု သူတွေးမိ၏။

ကားပေါ်ကို ကြည့်လိုက်တော့လည်း ခရီးသည်အပြည့်၊ လူတိုင်း ကလည်း ယပ်တောင်ကလေးတွေ ကိုင်လို့။

သူ ဝေဝေဝါဖြစ်သွားပြီး ခရိုင်ဘာကို လှမ်းမေးလိုက်၏။

''နောင်ကြီး၊ ဒီကားက မကွေးကို သွားမှာလား''

ခရိုင်ဘာက သူ့ကို မျက်လုံးပြူးပြီး ပြန်ကြည့်သည်။ ထို့နောက်...

''မကွေးကို မသွားဘူး၊ ရေဝေးကိုသွားမှာ''

''ဗျာ...ဘယ်လို''

''ရေဝေးလေ သုသာန်ကိုသွားမှာ''

ဇော်က အာမေဋိတ်သံ လွှတ်ခနဲ ထွက်သွားပြီး...

''ဟာ...ကျွန်တော်က သုသာန်မသွားချင်ဘူးဗျ၊ မကွေးကိုပဲ သွားချင်တာ၊ ဒါ...ဒါ အဝေးပြေးကား မဟုတ်ဘူးလား''

ခရိုင်ဘာက...ရယ်လိုက်ပြီး

''အဝေးပြေးကားတော့ ဟုတ်တယ်၊ ဒါပေမဲ့ အစ်ကိုကားက

www.burmeseclassic.com



ဒီနေ့ လိုင်းမရှိဘူး။ အသုဘပို့ ငှားထားလို့ မကျေးသွားမယ့်ကား စီးချင်ရင်တော့ အဝေးပြေးကားဝင်းထဲ သွားစီး…ညီလေး၊ သုံးနာရီဆို ထွက်မယ်''

''ဟာ…ကျွန်တော့်ကို လာကြိုမယ်ပြောထားလို့ပျ။ မှားကုန်ပြီ ဟိုးထား…ဟိုးထား…ကျွန်တော် ပြန်သင်းမယ်''

ကားက အရှိန်မြင့်သွားနေရာမှ တုံ့ခနဲ ဖြစ်သွားသည်။ ဖော်က ထုတ္တုမှုမြင့် ခုန်ချလိုက်သည်။

''အား…ကျွတ်…ကျွတ်''

ခြေထောက်မှ ဖျက်ခနဲဖြစ်သွားပြီး ခွေခေါက်လဲကျသွားစဉ်း ခြေကျင်းဝတ်လည်သွားပြီဟု သူ သိလိုက်၏။

ကားကတော့ ဝေါခနဲ ဆက်မောင်းထွက်သွားပြီ ဖြစ်သည်။ သူ ဆင်းလိုက်သည့်နေရာကို ကြည့်လိုက်တော့ နန္ဒာဝရည် ရပ်ကွက် အဝင် လမ်းမကြီးနှင့်တည့်တည့် ဖြစ်နေသည်ကို တွေ့ရ၏။

သူတစ်ချိန်က ကချေသင်ရှုတ်ခဲ့ဖူးသော ဘကြီးမိုး၏ အလျှော်မဏ္ဍပ်ကို လှမ်းမြင်ရသည်။ 'အမှုသည်'ဟူသော ကချေသဘင်ကော်ကြောင်းက သူ့နှလုံးသားထဲ ဖျတ်ခနဲ ခုန်ဝင်လာ၏။

''ရေတံခွန်အောက်ဝင်လည်း အိုပဲ…''

ဟုတ်တယ်၊ ဒီအချိန်မှာတော့ ငါဟာ တကယ့် အမှုသည်ပါပဲ။ ရင်ထဲက အမှုတွေများလွန်းလို့ ရေတံခွန်အောက် ဝင်ရပ်နေရင်တောင် အေးမြနိုင်မှာမှ မဟုတ်တာ။ ရေတံခွန်အောက် ဝင်လည်း အိုပဲပေါ့၊

သူ…ခြေမြင့်ပေါ် လဲကျနေရာမှ ထရပ်ဖို့ ကြိုးစားသည်။

''ကျွတ်…ကျွတ်…အား နာလိုက်တာ''

ဘယ်ကလို့မှ မတ်တတ်ရပ်၍ မရ။ ခြေထောက်ကို အားပြုလိုက်သည်နှင့် တစ်ပြိုင်နက် ဒိုးတွင်းချည်ဆီအထိ ဒိုက်အောင် နာကျင်သွားသည်။

သူ…တစ်ကိုယ်လုံး သတ်သတ်ခါပြီး ချွေးသီးချွေးပေါက်တွေ ကျလာ၏။

ဟော…ဟိုမှာ။

အဝေးပြေးကား ဖြစ်မည်ထားမသိ။ အိတ်ပေရောက်ကားကြီး

www.burmeseclassic.com



တစ်စင်း တအိအိ မောင်းနှင်လာသည်ကို သေချာနေရာမှ သူ လှမ်းမြင်သည်။ မကွေးကိုသွားမယ့် 'သံယောဇဉ်' ကားထင်ပါရဲ့။

နေဦး...နေဦး...ကျွန်တော်လိုက်မယ်။ အား...ကျွတ်ကျွတ်။ ဟင်... ငါ့ခြေထောက်က ဘယ်လိုမှ ရုန်းလို့မရတော့ဘူး။ သွားပြီ...သွားပြီ။

သူ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်လာသည်။ နေခြင်း ကြောင်တောင် မျက်လုံးမှိုင်းထားလျက်က အိပ်မက်တစ္ဆေ အခြောက်ခံရသူလို ဖြစ်နေ၏။

သွားပြီ...

ငါ့ကို ထားရစ်ခဲ့ကြပြီ။

မြေမှုန့်တို့၏ ကြမ်းရှရှ အထိအတွေ့သည် သူ့ပါးပြင်ကို ရက်စက်စွာ ပွတ်တိုက်နေလေသည်။

သူ အာခေါင်ကိုခြစ်၍ အသံကုန် အော်ဟစ်ပစ်လိုက်ချင်လာသည်။

မုန်းတီးမှုကိုလည်းကောင်း၊ အချစ်ကိုလည်းကောင်း၊ ရွံ့ရှာမှုကိုလည်းကောင်း သေမတတ်ကြောက်လန့်လွန်းသောကြောင့် အစဉ်သဖြင့် ရှောင်တိမ်း ပြေးလွှားနေခဲ့သော ဇာတ်သည်...

အခုတော့...

သူနှင့် သေခြင်း ခွဲခွာရမည်ကို အရာရာအားလုံးထက်ပို၍ ကြောက်လန့်ရကောင်းမှန်း သေသေချာချာ နားလည်သွားခဲ့တော့သည်။

■■

www.burmeseclassic.com



ထိုစဉ်မှာပင် တစ်ဘက် ရေသွားလမ်းကြောင်းပေါ်၌ ကလေး၊ မိန်းမ ဝန်းရုံကာ ကားမှတ်တိုင်ဆီသို့ လျှောက်လာနေသော အဖိုးရောင်ပတ်စုံနှင့် မိန်းမတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ သူမ၏ ခါးစောင်းမှာတော့ ကလေးနှစ်ယောက်က တစ်ဘက်စီတွဲ၍ သယ်လာနေသည်။

အချစ်...။

ထိုခဏတွင် နာကျင်မှုသည် လေပြည်ကလေး တစ်ချက် တိုက်ခတ်ခံလိုက်ရသလို ရုတ်ခနဲ လွင့်ပါသွား၏။ ဇက်က ခံသော လှိုက်လှဲစွာဖြင့်...

"မိုးနှံ့ကောင်"

အော်ခေါ်ရင်း သူမထံသို့ ပြေးသွားဖို့ ဆတ်ခနဲ ထရပ်လိုက်၏။ တစ်...နှစ်...သုံး ဝုန်းခနဲ သူ ပြန်လဲကျသွားသည်။

နန္ဒာဝေရည်က သူ့ကို မြင်သွားပြီ...။

"မိုးနှံ့ကောင်"

နှလုံးသားတစ်ခုလုံး ကွဲထွက်တော့မတတ် ဝမ်းမြောက်ဝမ်းသာစွာ သူ အော်ခေါ်ပြန်လေသည်။

နန္ဒာဝေရည် နှုတ်ခမ်းထူထူများက ပြုံးညင်းစွာ ပွင့်ဟသွား ကြပြီး...

"ဟင်"

လဲကျနေသော သူ့ထံသို့ သူမ အပြေးလာနေသည်။

မျှော်လွှင့်ရလွန်းသောကြောင့် ဇက်စမ်းပါးပြင်ပေါ် မျက်ရည် တစ်စက် စီးကျလာ၏။

...၄.၉.၄၉...၄

www.burmeseclassic.com

စက်တိုင် ၉ ၆ မင်းခိုက်စိုးစန်



နှုတ်ခမ်းသွေးသွေးတွေနဲ့ ဝေဒနာခံပြီး
မာယာများတဲ့ ငါ့နှမလေးအရေ
မင်းကြောင့်...
ကိုယ့်ရဲ့ အိပ်မက်တွေ...
...တစ်ခေါက်တုံး ပုပ်ခဲ့ပေါ့

■